# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၁၀)ရက် ၊ ကြာသပတေးနေ့ ၊ (30-10-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၈၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၉**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၅ ခုနှစ် မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ဆင်ယင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ⚐

စာမျက်နှာ ၁၆ ကော်လံ ၁

**ကထိန်ခံ နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကန်ဦးကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။**




ရတနာပုံ
၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၀ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြပါစို့

နိုင်ငံတစ်နိုင်ငံတွင် ရွေးကောက်ပွဲသည် အရေးကြီးသည့်အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ရွေးချယ်လိုက်သည့် ရွေးကောက်ပွဲစနစ်တစ်ခုသည် နိုင်ငံ၏အနာဂတ်နှင့် နိုင်ငံရေးပုံရိပ်တို့အပေါ်တွင် များစွာအကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။ ရွေးကောက်ပွဲစနစ်နှင့် ရွေးကောက်ပွဲများသည် နိုင်ငံတော်နှင့်ပြည်သူတို့အတွက် အလွန်အရေးကြီးသောကြောင့် နိုင်ငံသားတိုင်း ရွေးကောက်ပွဲတွင်ပါဝင်ရန် လိုအပ်ပေသည်။ မြန်မာနိုင်ငံတွင် ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်ဖြစ်ရာ ဆန္ဒမဲပေးခွင့်ရှိသူတိုင်း နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရန် မဲပေးကြရမည်ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း (၁) ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် မြို့နယ် ၁၀၂ မြို့နယ်ပါဝင်ပြီး စတင်ကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲကျင်းပရန် ယနေ့မှစ၍ ၅၉ ရက်သာလိုတော့သည်။ ထို့ကြောင့် မဲပေးပိုင်ခွင့်ရှိသူ ပြည်သူများအနေဖြင့် ဆန္ဒမဲပေးခြင်းတွင် တက်ကြွစွာပါဝင်ကြပေမည်။ ဆန္ဒမဲပေးပြီးသူများအနေဖြင့် နိုင်ငံတော်ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်ရေး အမှန်တကယ်ဆောင်ရွက်နိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို မှန်မှန်ကန်ကန်ရွေးချယ်မဲပေးရန်ဖြစ်သည်။

ပြည်သူတို့ လိုလားတောင်းတခဲ့သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို တပ်မတော်အနေဖြင့် ဖော်ဆောင်ပေးခဲ့သည်မှာ အထင်အရှားပင်ဖြစ်သည်။ ထို့ကြောင့် လွတ်လပ်ပြီး တရားမျှတ သည့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲကို အပိုင်းလိုက်ကျင်းပသွားမည်ဖြစ်ရာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း (၂) တွင် မြို့နယ် ၁၀၀ ပါဝင်ပြီး အပိုင်း (၁) အပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲသည် ယခင်ရွေးကောက်ပွဲများကဲ့သို့ သမားရိုးကျ မဲလက်မှတ်နှင့် မဲပေးရခြင်းမျိုးမဟုတ်ဘဲ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) တွင် မိမိဆန္ဒပြုလိုသည့် ပါတီကိုယ်စားလှယ်ကို ခလုတ်နှိပ်မဲပေးရခြင်းမျိုးဖြစ်သည့်အတွက် မဲပေးရာတွင်လည်းကောင်း၊ မဲရလဒ်ထုတ်ယူရာတွင်လည်းကောင်း၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)၏ လွယ်ကူအဆင်ပြေမှု၊ ပွင့်လင်းမြင်သာရှိမှု၊ တိကျမှန်ကန်မှုတို့ကို တွေ့ရှိရမည်ဖြစ်သည်။ ထိုသို့မဲပေးခြင်းသည် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ရာတွင် အထောက်အကူပြုစေမည်ဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကြီးတွင် နိုင်ငံသားတစ်ဦး၏ တာဝန်ကို ကျေပွန်စွာဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း (၁) ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်၌ ကျင်းပမည်ဖြစ်သည်။ ထို့ကြောင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော ဘာသာမရွေး အမျိုးသား၊ အမျိုးသမီးများ၊ ရွေးကောက်ပွဲစတင်ကျင်းပမည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူများ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပါပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာမဲဆန္ဒနယ်၏မဲစာရင်းတွင် ပါဝင်သည့်သူများသည် နိုင်ငံနှင့်လူမျိုးကို သစ္စာစောင့်သိသောအားဖြင့် အခါအခွင့်သင့်ချိန် နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရန် ဆန္ဒမဲပေးကြပါစို့ဟူ၍ တိုက်တွန်းရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
**၅၉ ရက်**
သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

# ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ရေဦး အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲတီစိမ်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၁၃၈၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို သြဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၃၂ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ဒီပဲယင်းမြို့နယ်မှာ ပဲတီစိမ်း ၂၁၃၈၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ရောပဒေသာစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် အောက်တိုဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ရောပဒေသာစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ သြဂုတ်လအတွင်း ရောပဒေသာ စပါးတင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ရောပဒေသာ စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ရောပဒေသာစပါးတင်းရေအများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ရောပဒေသာစပါးအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါပါတယ်။ ရောပဒေသာစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ စပါးကတော့ သန့်ရှင်းဖို့လိုအပ်သလို အရည်အသွေးကောင်းဖို့လဲ လိုပါတယ်"ဟု မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ရောပဒေသာ စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၄၅၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါတင်ပို့ရောင်းချခဲ့သည့်ရောပဒေသာစပါးများသည် အရည်အသွေးကောင်းမွန်ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စလင်းမြို့နယ် ငှက်ပျောအိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရှေ့ချောင်းဖြူကျေးရွာအုပ်စု ငှက်ပျောအိုင်ကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၈ ရက်က အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က တက်ရောက်လာသူများကို အမှာစကားပြောကြားပြီး ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ စီမံကိန်းလုပ်ငန်း လည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးက ငှက်ပျောအိုင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ငှက်ပျောအိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ကိုင်သူနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူစုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၁၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅ ဒသမ ၃သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းသန်းစိုး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ မြရည်နန္ဒာရပ်ကွက်နေ ဒေါ်လှလှတင့်မိသားစုက ကွယ်လွန်သူများဖြစ်ကြသော ဦးစိုးမြင့်၊ မိခင် ဒေါ်ကြည်ကြည်နှင့် ညီမ ဒေါ်ချိုချိုတို့အား ရည်စူး၍ ဆေးပဒေသာပင်အလှူငွေကျပ် သိန်းနှစ်ဆယ် လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏာက လက်ခံရယူစဉ်။

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်း ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**မင်းကင်း အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၉၀၂၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသောနှမ်းစိုက်ခင်းများကို ယခုနှစ်ဩဂုတ်လမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ နှမ်း ၁၉၀၂၂ ဧကထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ကေတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းနစ်တွေနဲ့ စိုက်ပျိုးဖို့လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍သိရသည်။ (၂၀၆)

# မလှိုင်မြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၄ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွာသစ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂ ဒသမ ၅သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် အောက်တိုဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ်ဩဂုတ်လအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ဗိုလ်ကိတ်ပဲများကို ကျုံပျော်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များကဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ကို ကျုံပျော်မြို့နယ်ကနေ အရည်အသွေးကောင်းမွန်တဲ့ ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ အများအပြားအပြင် အခြားပဲတွေလဲ တင်ပို့ရောင်းချနေရပါတယ်။ ဗိုလ်ကိတ်ပဲတွေကို ရန်ကုန်ဈေးကွက်က ပိုမိုဝယ်ယူအားကောင်းလာတာကြောင့် တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ဒေသထွက်ပဲတွေကို ဒီဘက်က ကုန်သည်ပွဲရုံပိုင်ရှင်တွေက ရန်ကုန်ဈေးကွက်ကိုပဲ အများစုတင်ပို့ရောင်းချတာဖြစ်ပါတယ်။ ပဲတွေအများအပြားတင်ပို့နေရတော့ လုပ်သားတွေပါ အဆင်ပြေလာပါတယ်"ဟု ကျုံပျော်မြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၆၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါဗိုလ်ကိတ်ပဲများ ဝယ်လိုအားကောင်းပြီး အများအပြား တင်ပို့ရောင်းချနိုင်ခြင်းကြောင့် တောင်သူများ၊ ပဲရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# မြို့ကုန်းမြို့ဟောင်းသုတေသန

ဗိုလ်ရှိတ်(ရတနာပူရ)

လယ်တွင်းဒေသမှ မြို့ဟောင်းများကိုရှာဖွေရာတွင် သမိုင်းကိုဝါသနာထုံသော ဒေသခံများသည် အလွန်အားထားရသည်။ ထိုကဲ့သို့ သမိုင်းဝါသနာထုံသောသူများနှင့်တွေ့ရလျှင် ကျွန်တော်တို့အဖို့ များစွာ အကူအညီရသည်။ မြစ်သားမြို့နယ်အတွင်းမှ မြို့ဟောင်းများကိုရှာဖွေရာတွင် အလွန်အားကိုးရသူမှာ မြစ်သားမြို့မှ ဒေသခံဆရာကြီး AO ဦးညွန့်မောင်ဖြစ်သည်။ ဆရာကြီးသည် သမိုင်းကိုဝါသနာထုံသည်။ မြစ်သားမြို့နယ်အတွင်းရှိ သမိုင်းဝင်နေရာအကြောင်းကိုရေး၍၊ စု၍ စာအုပ်ပြုစုထုတ်ဝေသူတစ်ဦးလည်းဖြစ်သည်။ ထို့ပြင် ဆရာကြီးက နိုင်ငံ့တာဝန်ကိုထမ်းဆောင်ရင်း မြစ်သားမြို့နယ်ရှိ ကျေးရွာများသို့ ရောက်ရှိဖူးသူ တစ်ဦးဖြစ်သည်။ ထိုသို့ နိုင်ငံ့တာဝန်ထမ်းဆောင်ရင်း မြို့ဟောင်းများကို စုံစမ်းလေ့လာခဲ့သူတစ်ဦးလည်းဖြစ်သည်။

ယခု မြို့ကုန်းမြို့ဟောင်းသည် ဆရာကြီးရှာဖွေစုံစမ်း၍သိရသော မြို့ဟောင်းပင်ဖြစ်သည်။ ဆရာကြီးသည် မြို့ကုန်းမြို့ဟောင်းရှိကြောင်း စုံစမ်း၍သိရသောအခါတွင် ကျွန်တော်ထံသို့ ချက်ချင်းအကြောင်းကြားခဲ့သည်။ သို့ဖြင့် ကျွန်တော်သည် မြစ်သားမြို့သို့သွားကာ ဆရာကြီးနှင့်အတူ ကွင်းဆင်းလေ့လာခဲ့သည်။

**တည်နေရာ**

မြို့ကုန်းမြို့ဟောင်းသည် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၊ သပြေတောင်း အုပ်စုအတွင်း၌ တည်ရှိပြီး မြစ်သားမြို့၏တောင်ဘက် ၁၄ မိုင်ခန့် အကွာ၌ရှိသည်။ မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၂၃ မိနစ်နှင့် ၉၆ ဒီဂရီ ၁၂ မိနစ်ကြား၌ရှိသည်။ မြစ်သားမြို့နယ်အတွင်း၌ တည်ရှိသော်လည်း မြစ်သားမြို့နှင့် အလှမ်းဝေး၏။ မြစ်သားမြို့နယ် အတွင်း၌ရှိသော ကူမဲမြို့နှင့်ပို၍နီးသည်။

**မြို့ကုန်းခရီး**

မြို့ကုန်းမြို့ဟောင်းသို့သွားမည်ဆိုပါက အရင်ဆုံး ကူမဲမြို့သို့သွားရမည်ဖြစ်သည်။ ကူမဲမြို့သည် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းဘေးတွင်ရှိသည့်မြို့ဖြစ်သောကြောင့် သွားလာရလွယ်ကူသည်။ ကူမဲမြို့မှ သပြေတောင်းကျေးရွာသို့သွားရသည်။ သပြေတောင်းကျေးရွာသို့ ရောက်သောအခါတွင် အရှေ့ဘက်သို့ချိုးလိုက်လျှင် ဒိုင်းခေါင်းကန်သို့ သွား၍ရသည့် နတ်လွှဲမြောင်းပေါင်လမ်းကြီးရှိသည်။ သပြေတောင်းရွာမှ နတ်လွှဲမြောင်းပေါင်လမ်းအတိုင်း သွားလျှင် ဒိုင်းခေါင်းကန်ရွာသို့ရောက်မည်ဖြစ်သည်။ ဒိုင်းခေါင်းကန်ရွာရောက်သောအခါတွင် တောင်ဘက်သို့သွားလိုက်လျှင် မြို့ကုန်းရွာသို့ ရောက်ရှိမည်ဖြစ်သည်။ မြို့ကုန်းရွာသည် မြို့ကုန်းမြို့ဟောင်းနေရာပင်ဖြစ်သည်။ မြို့ကုန်းရွာသည် မြို့ကုန်းမြို့ဟောင်းအတွင်း၌ တည်ရှိသောရွာကြီးဖြစ်သည်။ အိမ်ခြေ ၃၅၀ ခန့်ရှိသည်။ မြို့ကုန်းမြို့ဟောင်းသည် ကား၊ ဆိုင်ကယ်တို့ဖြင့် အလွယ်တကူသွားလာနိုင်သည်။ ကားလမ်းအတိုင်းလာမည်ဆိုပါက မြို့ကုန်းမြို့ဟောင်း ရှေ့တံခါးမှ ဝင်ရောက်ရပေသည်။

**မြို့ကုန်းမြို့ဟောင်းဟူသောအမည်**

မြို့ကုန်းမြို့ဟောင်းဟူသော အမည်သည် ရာဇဝင်ကြီးများတွင် တွေ့ရသောအမည် မဟုတ်ပေ။ ယခုမြို့ကုန်းရွာဟူ၍ အမည်တွင်နေသောကြောင့် မြို့ကုန်းမြို့ဟောင်းဟု အမည်ပေးထားခြင်းဖြစ်သည်။ မြို့ကုန်းရွာသည် မြို့ကုန်းမြို့ဟောင်းပျက်သည့်နောက်မှ တည်ခဲ့သောရွာဖြစ်ဟန်ရှိသည်။ မူလက မြို့ကုန်းမြို့ဟောင်းသည် မြို့ဟောင်းကြီးအဖြစ် တည်ရှိနေမည်ဖြစ်သည်။ တဖြည်းဖြည်းနှင့် မြို့ကုန်းမြို့သည် လူနေအိမ်ခြေနည်းပါးလာပြီး မြို့ပျက်ကြီးသဖွယ် တည်ရှိနေခဲ့မည်ဖြစ်သည်။ မြို့ကုန်းမြို့သည် အုတ်ဖြင့်တည်ထားခဲ့သော မြို့ဖြစ်ခြင်းကြောင့် အနီးပတ်ဝန်းကျင်ရှိ မြေနေရာများထက်ပို၍ ကုန်းသဖွယ်မြင့်နေမည်ဖြစ်သည်။ ၎င်းကုန်းနေရာတွင် ကျေးရွာတည်ကာ နေထိုင်လာခြင်းကြောင့် မို့မောက်နေသောကုန်းနေရာကိုအစွဲပြုပြီး ရွာအမည်မှာ မြို့ကုန်းရွာဟု အမည်တွင်ခဲ့ခြင်း ဖြစ်နိုင်သည်။ မြန်မာတို့သည် ရှေးဟောင်းအုတ်ကုန်းနေရာကို အုတ်ကုန်းဟူ၍လည်းကောင်း၊ မြို့နေရာကို မြို့ကုန်း၊ မြို့ဟောင်းကုန်းဟူ၍လည်းကောင်း ခေါ်ဆိုကြသည့် ဓလေ့ရှိပေသည်။

**မြို့ပုံစံနှင့် အကျယ်အဝန်း**

မြို့ကုန်းမြို့ဟောင်းသည် အုတ်ဖြင့်တည်ဆောက်ထားသော မြို့ဟောင်းဖြစ်သည်။ မြို့ပုံစံသည် လေးထောင့်စတုရန်းပုံဖြစ်သည်။ မြို့ရိုးပတ်ပတ်လည် အလျားပေါင်း ၃၅၀၀ ခန့်ရှည်လျားပြီး ၁၇ ဧကခန့်ကျယ်ဝန်းသည်။ မြို့ရိုးမှာ မြောက်ဘက်နှင့် အရှေ့မြောက်ထောင့်နေရာတွင် ထင်ထင်ရှားရှား တွေ့ရပြီး အရှေ့ဘက်မြို့ရိုးသည် ခုနစ်ပေခန့်မြင့်ပြီး မြောက်ဘက်မြို့ရိုးမှာ ငါးပေခန့်မြင့်သေးသည်ကို တွေ့ရသည်။ မြို့ကုန်းရွာမြောက်ဘက်သို့သွားသည့် လှည်းလမ်းအတိုင်းသွားလျှင် မြောက်ဘက်မြို့ရိုးကို တွေ့နိုင်သည်။ လှည်းလမ်းသည် မြို့ရိုးပေါ်ကို ဖြတ်၍ ဖောက်ထားခြင်းဖြစ်သည်။ အနောက်ဘက်မြို့ရိုးနှင့် တောင်ဘက်မြို့ရိုးမှာ ထင်ထင်ရှားရှား မတွေ့ရတော့ပေ။ ထိုသို့မတွေ့ခြင်းမှာ လူနေအိမ်ခြေများ တစ်စတစ်စ တိုးပွားလာခြင်းကြောင့်ဖြစ်သည်။ လူနေအိမ်များတည်ဆောက်ရာတွင် မြို့ရိုးမှ အုတ်များကို တူးဖော်ကာ တည်ဆောက်ခဲ့ခြင်းကြောင့် တောင်ဘက်မြို့ရိုးနှင့် အနောက်ဘက်မြို့ရိုးမှာ ပျက်စီးခဲ့ရခြင်းဖြစ်သည်။ ကျွန်တော်တို့ ကွင်းဆင်းလေ့လာစဉ်က မြို့ရိုးအနောက်မြောက်ထောင့်မှ အုတ်များကို တူးဖော်ပြီး အိမ်များတည်ဆောက်နေသည့်မြင်ကွင်းကို တွေ့ခဲ့ရသည်။ မြို့ကုန်းရွာမှ အသက် ၁၀၁ နှစ်ရှိ ဦးသောင်းကိုမေးရာတွင် ကိုလိုနီခေတ်က မြို့ကုန်းမြို့ရိုးသည် လေးဖက်စလုံးတွင် ထင်ထင်ရှားရှား တည်ရှိခဲ့သည်ဟုပြောသည်။ ထိုစဉ်က မြို့ရိုးမှာ ပတ်ပတ်လည် ငါးပေခန့်ထိ မြင့်ခဲ့သည်ဟုသိရသည်။ ဂျပန်ခေတ်သို့ရောက်သောအခါတွင် မြို့ရိုးမှအုတ်များကိုဖျက်၍ လူနေအိမ်ခြေများတွင် အသုံးပြုလာခြင်းကြောင့် မြို့ရိုးများမှာ ပျက်စီးခဲ့သည်ဟု ပြောပြသည်။ ဤမှာ မြို့ကုန်းမြို့ပုံစံကိုမျက်ဝါးထင်ထင်မြင်တွေ့ခဲ့သည့် အသက် ၁၀၁နှစ်ရှိ ဦးသောင်း၏ပြောစကားပင်ဖြစ်သည်။

ဦးသောင်းက ဆက်၍ပြောသည်မှာ မြို့ကုန်းမြို့သည် မြို့တံခါးသုံးပေါက်ရှိသည်ဟု ပြောသည်။ မြို့တံခါးသုံးပေါက်မှာ အရှေ့၊ တောင်၊ အနောက်ဘက်တွင်ရှိသည်ဟုပြောပြပြီး မြောက်ဘက်တွင် မြို့တံခါးမရှိဟုဆိုသည်။ ၎င်းငယ်စဉ်က မြို့တံခါးကျွန်းတိုင်ကြီးများကို တွေ့ခဲ့ရသည်ဟုဆိုသည်။ ဦးသောင်း၏အဆိုအရ မြို့တံခါးမှာ သုံးပေါက်ရှိသည်ဟု ဆိုရပါမည်။ မြို့တံခါးမှာ မြောက်ဘက်မျက်နှာတွင်လည်း ရှိမည်ဟုခန့်မှန်းမိသည်။ မြို့ရိုးမှာ စတုရန်းပုံရှိသောကြောင့် မြို့တံခါးမှာ လေးပေါက်ပင် ရှိခဲ့ဟန်တူသည်။ ဦးသောင်းသည် အသက်အရွယ်ကြီးရင့်နေသောကြောင့် သတိလွတ်ကာ သုံးပေါက်ဟု ပြောခြင်းပေလော စဉ်းစားမိသည်။ သို့သော် တံခါးလေးပေါက်ရှိသည်ဟူသော ကျွန်တော့်အယူအဆကို သက်သေပြရန်မှာလည်း ယခုအခါ မြောက်ဘက်မြို့ရိုးတွင် တံခါးနေရာ ထင်ရှားစွာမရှိ မတွေ့ရတော့သဖြင့် မှန်သည်ဟုမပြောသာပါ။ လောလောဆယ် မြို့တံခါးများကို ကိုယ်တိုင်မြင်တွေ့ခဲ့ရသည့် ဦးသောင်းအဆိုအတိုင်းသာ သုံးပေါက်ဟု မှတ်သားထားသင့်သည်။ အရှေ့ဘက်မြို့တံခါးပေါက်မှာ ယခုအချိန်ထိ ရွာအဝင်လမ်းအဖြစ် အသုံးပြုနေဆဲဖြစ်သည်။

**မြို့ရိုးအုတ်များ**

မြို့ကုန်းမြို့ဟောင်းတွင် အုတ်အရွယ်အစားသုံးမျိုးတွေ့ရသည်။ တွေ့ရသမျှများမှာလည်း ထက်ပိုင်းကျိုးနေသောကြောင့် အလျားကိုမသိရပေ။ ထုနှင့်အနံသာသိရသည်။ အုတ်အရွယ်အစားသုံးမျိုးမှာ–

၁။ အနံ ကိုးလက်မ၊ အမြင့် နှစ်လက်မ

၂။ အနံ ကိုးလက်မ၊ အမြင့် သုံးလက်မ

၃။ အနံ ရှစ်လက်မ၊ အမြင့် နှစ်လက်မတို့ဖြစ်သည်။

အလျားသည် အနံ၏နှစ်ဆဖြစ်သောကြောင့် ထိုအုတ်သုံးမျိုးကို အနံနှစ်ဆဖြင့် ပေါင်းကြည့်လျှင် အုတ်အရွယ်အစား ဤသို့တွေ့ရမည်ဖြစ်သည်။

(၁၈x၉x၂)လက်မ၊ (၁၈x၉x၃)လက်မ၊ (၁၆x၈x၂) လက်မ အထက်ပါအုတ်သုံးမျိုးတွင် အလျား ၁၈ လက်မရှိ အုတ်အရွယ်အစားနှစ်မျိုးသည် ပုဂံခေတ်သုံး အုတ်အရွယ်အစားများဖြစ်ပြီး အလျား ၁၆ လက်မရှိ အုတ်သည် ညောင်ရမ်းခေတ်သုံး အုတ်အရွယ်အစားများဖြစ်သည်။ ထို့ကြောင့် အုတ်ကိုသက်သေထူ၍ ပြောရလျှင် မြို့ကုန်းမြို့ဟောင်းသည် ပုဂံခေတ်မှ ညောင်ရမ်းခေတ်ထိတည်ရှိခဲ့သော မြို့ဟောင်းဟုဆိုနိုင်သည်။

**ကျုံး**

ကျုံးမှာ မြို့မြောက်ဘက်နှင့် မြို့အရှေ့ဘက်တွင် ကျန်ရှိနေသေးသည်ကို တွေ့ရသည်။ တောင်ဘက်နှင့် အနောက်ဘက်တို့မှာ ကျုံးရာကို မတွေ့ရတော့ပေ။ ဒေသခံတစ်ဦးကပြောသည်မှာ ယခင်က တောင်ဘက်နှင့်အနောက်ဘက်ရှိ မြို့ရိုးများသည် ကျုံးရာ သိသိသာသာရှိခဲ့သည်။ လူနေအိမ်များ တိုးပွားလာခြင်းကြောင့် ကျုံးကိုဖို့၍ အိမ်ခြေတည်ဆောက်ခဲ့သဖြင့် ယခုကဲ့သို့ ကျုံးကိုမတွေ့တော့ခြင်း ဖြစ်သည်ဟုဆိုသည်။ မြောက်ဘက်ကျုံးမှာ ကျုံးရာသဘောလောက်ကိုသာတွေ့ရသည်။ သိသိသာသာတွေ့ရသည်မှာ အရှေ့ဘက်ကျုံးနေရာဖြစ်သည်။ ကျုံးမှာ ၁၀ ပေခန့်နက်ပြီး ပေ ၃၀ ခန့်ကျယ်သည်ကို တွေ့ရသည်။ တောင်မြောက်တန်းနေသော ရွာအဝင်လမ်းအနောက်ဘက်သည် ကျုံးနေရာဖြစ်သည်။ မြို့ရိုးကောင်းကောင်းကျန်သည်မှာလည်း ရွာအရှေ့တောင်ထောင့် နေရာပင်ဖြစ်သည်။

**ပါးစပ်ရာဇဝင်**

မြို့ကုန်းမြို့ဟောင်းသည် ရာဇဝင်ကြီးများတွင် ဖော်ပြမထားသည့် မြို့ဟောင်းတစ်မြို့ဖြစ်သည်။ အသက် ၁၀၁ နှစ်အရွယ် ဦးသောင်း၏စကားအရ မြို့ကုန်းမြို့ဟောင်းသည် မိုင်းမောပျူမြို့ကြီး ကောင်းစားစဉ်ကတည်းက တည်ရှိခဲ့သောမြို့ဟုဆိုသည်။ မိုင်းမောပျူမြို့ဟောင်းတွင် စိုးစံခဲ့သော ဘုရင်ကြီးတွင် လုံးတော်ကြီး၊ လုံးတော်လေး ဟူသော သားနှစ်ဦးရှိသည်။ သားအကြီးလုံးတော်ကြီးကို ပင်လယ်(မြို့တွင်းရွာ ပင်လယ်မြို့) မြို့ဟောင်းကို တည်စေပြီး သားတော်အငယ် လုံးတော်လေးကို မြို့ကုန်းမြို့ကို တည်စေခဲ့သည်ဟုပြောသည်။ ဒေသခံတို့ပါးစပ်ရာဇဝင်စကားအရမူ မြို့ကုန်းမြို့ဟောင်းသည် မိုင်းမောပျူပင်လယ်မြို့ကြီး ကောင်းစားစဉ်ကတည်းက တည်ရှိခဲ့သောမြို့ဟုဆိုရန်ရှိလေသည်။ ထိုအဆို မှန်၊ မမှန်ကို တူးဖော်ကြည့်မှသာ သိသာပေမည်။ တူးဖော်၍ပျူခေတ်သုံးလက်ရေးစင်းပါအုတ်များ တွေ့လာပါက ပျူခေတ်ကတည်းက တည်ရှိခဲ့သောမြို့ဖြစ်ကြောင်း ပြောနိုင်ပေသည်။ မြို့ကုန်းမြို့ဟောင်း၏ သမိုင်းကြောင်းကို ရာဇဝင်ကြီးများတွင် ရှာဖွေသော်လည်းတွေ့ရမည်မဟုတ်ပါ။ ရာဇဝင်ကြီးများ၌ ဖော်ပြမထားသော မြို့ဟောင်းတစ်မြို့ပင်ဖြစ်သည်။ ဒေသခံတို့၏ ပါးစပ်ရာဇဝင်စကားနှင့် မြို့ကုန်းမြို့ဟောင်းမှတွေ့ရသော အုတ်အရွယ်အစားများကို အထောက်အထားပြု၍ဆိုရလျှင် မြို့ကုန်းမြို့ဟောင်းသည် ပျူခေတ်ကတည်းကတည်ရှိခဲ့ပြီး ပုဂံခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ်တိုင် တည်တံ့ခဲ့သည်ဟုဆိုနိုင်သည်။ ပျူခေတ်မြို့ဟောင်းကို ပုဂံခေတ်တွင် ပြန်လည်ပြုပြင်ခဲ့ခြင်းကြောင့် ပုဂံခေတ်အုတ်များကို တွေ့ရခြင်းဖြစ်သည်။ ထို့အတူ ပုဂံပျက်ပြီးနောက် ညောင်ရမ်းခေတ်တွင်လည်း မြို့ကုန်းမြို့ကို ပြန်လည်ပြုပြင်ခဲ့သည်ဟုဆိုနိုင်သည်။ ထို့ကြောင့် ညောင်ရမ်းခေတ်သုံးအုတ်များကို တွေ့ရခြင်းဖြစ်သည်။ သို့ဖြစ်သောကြောင့် မြို့ကုန်းမြို့ဟောင်းသည် ပျူခေတ်မှသည် ညောင်ရမ်းခေတ်ထိ တည်တံ့ခဲ့သော မြို့ဟောင်းတစ်မြို့ဖြစ်သည်ဟု ပြောနိုင်သည်။

မြို့ကုန်းမြို့ဟောင်းနှင့်စပ်လျဉ်း၍ သတိပြုစရာတစ်ခုမှာ လယ်တွင်းဒေသတွင် မြို့ကုန်းမြို့ဟောင်း အမည်ဖြင့် မြို့ဟောင်းနှစ်မြို့ရှိခြင်းပင်ဖြစ်သည်။ မြို့ကုန်းမြို့ဟောင်းနှစ်မြို့သည် အမည်တူသော်လည်း တည်ရှိရာဒေသမှာကွာခြားသည်။ တစ်မြို့သည် လယ်တွင်းဒေသ၏ တောင်ဘက်ဆုံးတွင် တည်ရှိပြီး တစ်မြို့သည် မြောက်ဘက်ဆုံးတွင် တည်ရှိသည်။ လယ်တွင်းဒေသ မြောက်ဘက်ဆုံးတွင် တည်ရှိသောမြို့မှာ စဉ့်ကိုင်မြို့နယ်အတွင်း၌ရှိပြီး ဒုဋ္ဌဝတီမြစ်ကမ်းဘေး၌ရှိသည်။ ယခုမြို့ကုန်းမှာ မြစ်သားမြို့နယ်အတွင်း၌တည်ရှိသော မြို့ကုန်းမြို့သာဖြစ်သည်။ ထိုနှစ်မြို့ကို ကွဲပြားစွာမှတ်သားရန်ဖြစ်ပေသည်။

> ❖ မြို့ကုန်းမြို့ဟောင်းသို့သွားမည်ဆိုပါက အရင်ဆုံး ကူမဲမြို့သို့သွားရမည်ဖြစ်သည်။ ကူမဲမြို့သည် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းဘေးတွင်ရှိသည့်မြို့ဖြစ်သောကြောင့် သွားလာရလွယ်ကူသည်။ ကူမဲမြို့မှ သပြေတောင်းကျေးရွာသို့သွားရသည်။ သပြေတောင်းကျေးရွာသို့ ရောက်သောအခါတွင် အရှေ့ဘက်သို့ချိုးလိုက်လျှင် ဒိုင်းခေါင်းကန်သို့ သွား၍ရသည့် နတ်လွှဲမြောင်းပေါင်လမ်းကြီးရှိသည်။ သပြေတောင်းရွာမှ နတ်လွှဲမြောင်းပေါင်လမ်းအတိုင်းသွားလျှင် ဒိုင်းခေါင်းကန်ရွာသို့ရောက်မည်ဖြစ်သည်။ ဒိုင်းခေါင်းကန်ရွာရောက်သောအခါတွင် တောင်ဘက်သို့သွားလိုက်လျှင် မြို့ကုန်းရွာသို့ရောက်ရှိမည်ဖြစ်သည်။ မြို့ကုန်းရွာသည် မြို့ကုန်းမြို့ဟောင်းနေရာပင်ဖြစ်သည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ်လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင်အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၅၇၅၄ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ အောက်တိုဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၅၇၅၄ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၅၇၅၄ ဧကကို ယခုနှစ်နိုဝင်ဘာလပထမပတ်မှစတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မတ်ပဲများ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာများနှင့် အခြား လိုအပ်သည့်ပံ့ပိုးမှုများကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။

"မြောင်းမြမြို့နယ်မှာ ဆောင်းသီးနှံတွေကို မကြာမီ စတင်စိုက်ပျိုးတော့မှာဖြစ်ပါတယ်။ ဒီနှစ် မတ်ပဲလျာထားဧက ၅၇၀၀ ကျော်ထိ စိုက်ပျိုးသွားဖို့ရှိပါတယ်။ လက်ရှိ မတ်ပဲတွေအပါအဝင် ဆောင်းသီးနှံတွေအားလုံးစိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့က လိုအပ်တဲ့နည်းပညာတွေနဲ့ သွင်းအားစုတွေကို ရရှိသလိုချိတ်ဆက်ကူညီပံ့ပိုးပေးထားပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အဆိုပါမတ်ပဲများ စနစ်တကျ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး၊ ဖြစ်ထွန်းအောင်မြင်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ပျော်ဘွယ်မြို့နယ် ဖက်တောကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပျော်ဘွယ် အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု(မူလ)ရန်ပုံငွေဖြင့် ဖက်တောကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်(မီးလင်းရေး၊ ဝယ်ဖြန့်) ဦးမောင်ဝင်း၊ ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် တာဝန်ရှိသူများက ကျေးရွာစိုက်ပျိုးရေရရှိရေး ကော်မတီဝင်များနှင့်အတူ ဖက်တောကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဆိုလာ(3.54 KW ) (590W) ခြောက်ချပ်၊ 2HP Pump တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်(မီးလင်းရေး၊ဝယ်ဖြန့်) ဦးမောင်ဝင်းက လုပ်ငန်းများ ရေရှည်လည်ပတ်အသုံးပြုနိုင်ရေး စနစ်တကျထိန်းသိမ်းအသုံးပြုကြရန် မှာကြားခဲ့သည်။

ဖက်တောကျေးရွာ၌ အဆိုပါ ဆိုလာစနစ်သုံး ရေရရှိရေးလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု(မူလ)ရန်ပုံငွေကျပ် ၁၉ ဒသမ ၃၄ သန်း အသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ယူ၍ ဇူလိုင်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဇင်မာ**

## ဘဝ

- အူဝဲနှင့် အစပြုလာ
ဓမ္မတာ သဘာဝ၊
လောကဓံ ဒုက္ခတောမှာ
နစ်မျောနေရ။

- လူ့လောကီ ဘုံဌာန
ကြုံဆုံကြ ခဏတာ
ဒုက္ခသစ္စာ၊
ဖြစ်ပြီးတိုင်း ပျက်ရမှာ
အရာရာ မတည်မြဲ၊
ဖြစ်ပျက်ကို မြင်အောင်ကြည့်
အသိယှဉ်တွဲ။

- ကြုံဆုံလာ အခက်ခဲတို့
ရှောင်လွှဲလို့ မရပေ၊
ရင်ဆိုင်ပါ နောက်မတွန့်
ကြောက်ရွံ့မနေ၊
မြတ်ဗုဒ္ဓ ပရမေ
တရားတွေ ကျင့်ကြံပွား၊
သံသရာ ညွှတ်ကွင်းက
လွတ်ကင်းစေသား။ ။

**ခင်နွဲ့မူ(ပုလဲ)**

# ရေကြည်မြို့နယ် အညာတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေကြည် အောက်တိုဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အညာတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက အညာတန်းကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၉ ဒသမ ၆၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အညာတန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၁၈ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၁၇ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၁၃ ဒသမ ၄၅ သန်း စုစုပေါင်း အသင်းသူ၊ အသင်းသား ၉၉ ဦးကို ငွေကျပ် ၄၉ ဒသမ ၆၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# နိုင်ငံတကာ သတင်းများ

## တရုတ်နှင့် အမေရိကန် သမ္မတနှစ်ဦးတွေ့ဆုံမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အတည်ပြုထုတ်ပြန်

**ပေကျင်း အောက်တိုဘာ ၂၉**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့အနေဖြင့် တောင်ကိုရီးယားနိုင်ငံ၌ အောက်တိုဘာ ၃၀ ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့အနေဖြင့် တောင်ကိုရီးယားနိုင်ငံ၌တွေ့ဆုံစဉ် မဟာဗျူဟာမြောက်ပြဿနာများနှင့် ရေရှည်ပြဿနာများကို ဆွေးနွေးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားထားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် တောင်ကိုရီးယားနိုင်ငံ ယောင်ဂျူးမြို့၌ကျင်းပမည့် အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(အေပက်)ထိပ်သီးညီလာခံသို့ တက်ရောက်ရန် စီစဉ်ထားသည်။

အောက်တိုဘာ ၃၀ ရက် ထိပ်သီးဆွေးနွေးပွဲသည် အမေရိကန်သမ္မတရာထူးကို ဒေါ်နယ်ထရမ့် ဒုတိယအကြိမ် ရယူခဲ့ပြီးနောက်ပိုင်း တရုတ်နှင့် အမေရိကန်ခေါင်းဆောင်များ၏ ပထမဆုံးထိပ်သီးဆွေးနွေးပွဲ ဖြစ်လာလိမ့်မည်ဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် ဂျပန်နိုင်ငံ အိုဆာကာမြို့၌ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ဂျီ-၂၀ ထိပ်သီးညီလာခံတွင် နောက်ဆုံးအကြိမ်တွေ့ဆုံဆွေးနွေးခဲ့သည်။

တရုတ်နှင့် အမေရိကန်နိုင်ငံတို့ကြား ကုန်သွယ်ရေးပြဿနာများကြောင့် ဆက်ဆံရေးတင်းမာနေချိန်တွင် တောင်ကိုရီးယားနိုင်ငံ၌ တွေ့ဆုံဆွေးနွေးရန် တရုတ်သမ္မတနှင့် အမေရိကန်သမ္မတတို့က စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## တောင်ကိုရီးယားနိုင်ငံက နိုင်ငံ၏အမြင့်ဆုံးဘွဲ့တံဆိပ် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကို ဂုဏ်ပြုချီးမြှင့်



**ဆိုးလ် အောက်တိုဘာ ၂၉**

တောင်ကိုရီးယားနိုင်ငံသို့ ယနေ့တွင် ရောက်ရှိလာသော အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကို တောင်ကိုရီးယားအစိုးရက မူဂန်းဟွာ ဘွဲ့တံဆိပ်ဖြင့် ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

မူဂန်းဟွာ ဘွဲ့တံဆိပ်သည် တောင်ကိုရီးယားနိုင်ငံ၏ အမြင့်ဆုံးဘွဲ့တံဆိပ်ဖြစ်ပြီး မူဂန်းဟွာ အမည်ရှိ တောင်ကိုရီးယားနိုင်ငံ၏ အမျိုးသားလက္ခဏာပန်းကို ဂုဏ်ပြုဖန်တီးထားသည့် ဘွဲ့တံဆိပ်ဖြစ်သည်။

ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့်သမ္မတဒေါ်နယ်ထရမ့်ကို မူဂန်းဟွာ ဘွဲ့တံဆိပ် ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်းတောင်ကိုရီးယားအစိုးရက သတင်းထုတ်ပြန်ထားသည်။

သမ္မတ ဒေါ်နယ်ထရမ့်သည် အမေရိကန် သမ္မတရာထူးကို ပထမဆုံးအကြိမ် ရယူထားစဉ်က မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်နှင့် သုံးကြိမ်ထိ တွေ့ဆုံဆွေးနွေးခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အာရှခရီးစဉ် အဆုံးသတ်ဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယား နိုင်ငံသို့ ရောက်ရှိနေစဉ်အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်၊ တောင်ကိုရီးယား သမ္မတလီဂျေးမြောင်တို့နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ရုရှားနိုင်ငံထုတ် အော်ရက်ရှ်နစ်ခ်ဒုံးကျည်စနစ်များ ဖြန့်ကြက်မည်ဟု ဘယ်လာရုစ်နိုင်ငံပြောကြား

**မော်စကို အောက်တိုဘာ ၂၉**

ရုရှားနိုင်ငံထုတ် အော်ရက်ရှ်နစ်ခ်အမျိုးအစား တာလတ်ပစ် ဟိုက်ပါဆိုးနစ် ဒုံးကျည်များကို ယခုနှစ် ဒီဇင်ဘာလအတွင်း ဖြန့်ကြက်မည် ဖြစ်ကြောင်း ဘယ်လာရုစ် သမ္မတရုံးပြောရေးဆိုခွင့်ရှိသူက အောက်တိုဘာ ၂၈ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

လက်ရှိအချိန်တွင် အော်ရက်ရှ်နစ်ခ် ဟိုက်ပါဆိုးနစ်ဒုံးကျည်များ ဖြန့်ကြက်ရေးအတွက် ပြင်ဆင်ရေးလုပ်ငန်းများမှာ ပြီးဆုံးတော့မည်ဖြစ်ကြောင်း ဘယ်လာရုစ်သမ္မတရုံးပြောရေးဆိုခွင့်ရှိသူက ရုရှားမီဒီယာများသို့ အတည်ပြုပြောကြားထားသည်။



အနောက်အုပ်စု နိုင်ငံများ၏ ရန်လိုမှုများကို တုံ့ပြန်သည့်အနေဖြင့် ဘယ်လာရုစ်နိုင်ငံ၌ ရုရှားနိုင်ငံထုတ် အော်ရက်ရှ်နစ်ခ်ဒုံးကျည်စနစ်များကို ဖြန့်ကြက်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း ဘယ်လာရုစ်သမ္မတလူကာရှန်ကိုက ယခင်ကပင် ပြောကြားထားသည်။

ရုရှားနှင့် ဘယ်လာရုစ်နိုင်ငံတို့သည် ပြီးခဲ့သည့်လက ပြုလုပ်ခဲ့သည့်ပူးတွဲစစ်ရေးလေ့ကျင့်မှုများ၌ အော်ရက်ရှ်နစ်ခ်ဒုံးကျည်များကို ထည့်သွင်းပြသခဲ့သည်။

ရုရှားနိုင်ငံသည် အော်ရက်ရှ်နစ်ခ်ဒုံးကျည်စနစ်ကို ၂၀၂၄ ခုနှစ်တွင် ယူကရိန်းစစ်မြေပြင်၌ ပထမဆုံးအကြိမ်အသုံးပြုခဲ့ပြီး ဒီနီပရိုမြို့ရှိ စစ်လက်နက်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံတစ်ရုံကို ယင်းဒုံးကျည်စနစ်ဖြင့် တိုက်ခိုက်ခဲ့သည်။

အော်ရက်ရှ်နစ်ခ် အသံထက်မြန်နှုန်းလွန် ဟိုက်ပါဆိုးနစ်ဒုံးကျည်များသည် ကြားဖြတ်တားဆီးရန် မဖြစ်နိုင်သောလက်နက်စနစ်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ပြောကြားထားသည်။

Ref : RT
Trs : KKO

## ဘရာဇီးရဲတပ်ဖွဲ့၏ ဒုစရိုက်နှိမ်နင်းမှု စစ်ဆင်ရေးအတွင်း လူ ၆၄ ဦးသေဆုံး

**ရီယိုဒီဂျနေးရိုး အောက်တိုဘာ ၂၉**

ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှု ထိပ်သီးညီလာခံနှင့် ဆက်စပ်နေသောညီလာခံများကို လက်ခံမကျင်းပမီ ဘရာဇီးရဲတပ်ဖွဲ့က အောက်တိုဘာ ၂၈ ရက်တွင် ရီယိုဒီဂျနေးရိုးမြို့၌ ဒုစရိုက်နှိမ်နင်းမှု စစ်ဆင်ရေးတစ်ခု ပြုလုပ်ခဲ့သည်။

ဘရာဇီးရဲတပ်ဖွဲ့က ပြုလုပ်ခဲ့သော အောက်တိုဘာ ၂၈ ရက် ဒုစရိုက်နှိမ်နင်းမှု စစ်ဆင်ရေးတွင် အနည်းဆုံး လူ ၆၄ ဦးသေဆုံးခဲ့ရကြောင်း ရီယိုဒီဂျနေးရိုးမြို့တာဝန်ရှိသူများက ပြောကြားထားသည်။

ဘရာဇီးရဲတပ်ဖွဲ့သည် နိုင်ငံတကာ အဓိက အခမ်းအနားများ မကျင်းပမီ ရီယိုဒီဂျနေးရိုးမြို့၌ ဒုစရိုက်နှိမ်နင်းမှု စစ်ဆင်ရေးများကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်လေ့ရှိသည်။

သို့ရာတွင် အနည်းဆုံး လူ ၆၄ ဦး သေဆုံးခဲ့ရသော အောက်တိုဘာ ၂၈ ရက် ဒုစရိုက်နှိမ်နင်းမှုစစ်ဆင်ရေးမှာ ရီယိုဒီဂျနေးရိုးမြို့အတွက် အသေအပျောက် အများဆုံး ဒုစရိုက်နှိမ်နင်းမှုစစ်ဆင်ရေးဖြစ်ခဲ့ရသည်။

ရီယိုဒီဂျနေးရိုးမြို့သည် လာမည့်ရက်သတ္တပတ်အတွင်း ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှု ထိပ်သီးညီလာခံနှင့် ဆက်စပ်နေသော အစည်းအဝေးများကို လက်ခံကျင်းပရန် စီစဉ်ထားသည်။

ရီယိုဒီဂျနေးရိုးမြို့၌ အောက်တိုဘာ ၂၈ ရက်တွင် ပြုလုပ်ခဲ့သော ဒုစရိုက်နှိမ်နင်းမှုစစ်ဆင်ရေးတွင် ရဲတပ်ဖွဲ့ဝင် ဦးရေ ၂၅၀၀ ကျော် ပါဝင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## ရေပြင်မှ မြေပြင်ပစ်ခရုစ်ဒုံးကျည်စနစ်များ မြောက်ကိုရီးယားနိုင်ငံ စမ်းသပ်ပစ်လွှတ်

**ပြုံယမ်း အောက်တိုဘာ ၂၉**

မြောက်ကိုရီးယား နိုင်ငံသည် ရေပြင်မှ မြေပြင်ပစ် ခရုစ်ဒုံးကျည်များကို အောက်တိုဘာ ၂၈ ရက်က စမ်းသပ်ပစ်လွှတ်ခဲ့သည်။

အိမ်နီးချင်းတောင်ကိုရီးယားနိုင်ငံသို့အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်မရောက်ရှိမီ နာရီအနည်းငယ်အလိုတွင် မြောက်ကိုရီးယားနိုင်ငံက ခရုစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသည် အဆိုပါခရုစ်ဒုံးကျည်များကို ကိုရီးယားကျွန်းဆွယ် ကမ်းလွန်အနောက်ဘက် ရေပြင်အတွင်း စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံ၏ အောက်တိုဘာ ၂၈ ရက် ခရုစ်ဒုံးကျည်များသည် နှစ်နာရီနှင့် ၁၀ မိနစ်ကြာ ပျံသန်းခဲ့ပြီးနောက် ပစ်မှတ်များကို ထိမှန်ခဲ့ကြောင်း မြောက်ကိုရီးယား မီဒီယာများက သတင်းထုတ်ပြန်ထားသည်။


အဆိုပါ ခရုစ်ဒုံးကျည်များ ဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုကို တောင်ကိုရီးယားတပ်မတော်ကလည်း အတည်ပြုထားသည်။

အဆိုပါခရုစ်ဒုံးကျည်စမ်းသပ် မှုတွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ပါဝင်မှုမရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## TOI-2267 နှစ်စင်းတွဲကြယ်စနစ်ကို ဗဟိုပြုလှည့်ပတ်နေသော ကမ္ဘာဂြိုဟ်အရွယ်အစားရှိ ဂြိုဟ်သုံးစင်းကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ



**ဝါရှင်တန် အောက်တိုဘာ ၂၉**

TOI-2267 အမည်ရှိ နှစ်စင်းတွဲကြယ်စနစ်ကို ဗဟိုပြုလှည့်ပတ်နေသော ကမ္ဘာဂြိုဟ်အရွယ်အစားရှိ ဂြိုဟ်သုံးစင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း အောက်တိုဘာ ၂၈ ရက် သတင်းများအရ သိရသည်။

TOI-2267 နှစ်စင်းတွဲကြယ်စနစ်သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၁၉၀ ခန့်အကွာတွင်ရှိသော ကြယ်စနစ်ဖြစ်သည်။

အဆိုပါနှစ်စင်းတွဲ ကြယ်စနစ်ကို ဗဟိုပြုလှည့်ပတ်နေသော ဂြိုဟ်သုံးစင်းကို အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ထားသော တက်စ်ဂြိုဟ်တု အကူအညီဖြင့် သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

TOI-2267 နှစ်စင်းတွဲကြယ်စနစ်သည် အလွန်နီးကပ်စွာ နေရာယူ၍ တစ်စင်းနှင့်တစ်စင်း လှည့်ပတ်နေသည်ဖြစ်ရာ သာမန်အားဖြင့် အဆိုပါနှစ်စင်းတွဲကြယ်စနစ်အတွင်း ဂြိုဟ်များဖွဲ့စည်းဖြစ်ပေါ်လေ့ မရှိတတ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် တက်စ်ဂြိုဟ်တုမှရရှိသည့် သတင်းအချက်အလက်များအရ TOI-2267 နှစ်စင်းတွဲကြယ်စနစ်ကို ကမ္ဘာဂြိုဟ်အရွယ် ဂြိုဟ်ငယ်သုံးစင်းက လှည့်ပတ်နေသည်ကို အံ့အားသင့်ဖွယ်တွေ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

TOI-2267 နှစ်စင်းတွဲကြယ်စနစ်သည် ကြယ်နှစ်စင်းစလုံးကို ဗဟိုပြုလှည့်ပတ်နေသော ဂြိုဟ်များပိုင်ဆိုင်ထားသည့် ပထမဆုံးနှစ်စင်းတွဲ ကြယ်စနစ်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO


## နေမုန်တိုင်းတိုက်ခတ်မှုအပြင်းထန်ဆုံးအခြေအနေတွင် ကမ္ဘာပတ်လမ်းပေါ်ရှိ ဂြိုဟ်တုအားလုံး ပျက်စီးသွားနိုင်

**ပဲရစ် အောက်တိုဘာ ၂၉**

နေမုန်တိုင်းတိုက်ခတ်မှုအပြင်းထန်ဆုံးအခြေအနေတွင် ကမ္ဘာပတ်လမ်းပေါ်ရှိ ဂြိုဟ်တုအားလုံး ပျက်စီးသွားနိုင်ကြောင်း သိပ္ပံပညာရှင်များက အောက်တိုဘာ ၂၈ ရက်တွင် ပြောကြားသည်။

ဥရောပအာကာသအေဂျင်စီ သိပ္ပံပညာရှင်များသည် အပြင်းထန်ဆုံး နေမုန်တိုင်းတိုက်ခတ်မှုများကို မည်သို့တုံ့ပြန်နိုင်မည်ကို ဖော်ထုတ်ရေးအတွက် ကွန်ပျူတာစံပြုပုံစံများ ဖန်တီးလေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ၁၈၅၉ ခုနှစ် ကာရင်တန်နေမုန်တိုင်းတိုက်ခတ်မှုဖြစ်စဉ်ကဲ့သို့ နေမုန်တိုင်းတိုက်ခတ်မှုဖြစ်စဉ်မျိုး ပေါ်ထွက်လာပါက ကမ္ဘာပတ်လမ်းပေါ်ရှိ ဂြိုဟ်တုမှန်သမျှ ထိခိုက်ပျက်စီးသွားနိုင်ကြောင်း ဥရောပအာကာသအေဂျင်စီ သိပ္ပံပညာရှင်များက ပြောကြားသည်။



၁၈၅၉ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သည့် ကာရင်တန် နေမုန်တိုင်းတိုက်ခတ်မှုဖြစ်စဉ်သည် မှတ်တမ်းရှိခဲ့ဖူးသမျှ အပြင်းထန်ဆုံး နေမုန်တိုင်းတိုက်ခိုက်မှုဖြစ်စဉ်ဖြစ်ကြောင်း သိရသည်။

ကာရင်တန် နေမုန်တိုင်းတိုက်ခတ်မှုမျိုး ထပ်မံပေါ်ပေါက်ခဲ့ပါက ကမ္ဘာပတ်လမ်းပေါ်ရှိ ဂြိုဟ်တုများ ရင်ဆိုင်နေရသော လေထုလွှာပွတ်ဆွဲအားမှာ ၄၀၀ ရာခိုင်နှုန်းမြင့်တက်လာနိုင်ပြီး ဂြိုဟ်တုတစ်စင်းနှင့်တစ်စင်း ဝင်တိုက်မှုများဖြစ်ပွားနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အလားတူ မြေပြင်ပေါ်တွင်လည်း မဟာဓာတ်အားလိုင်းကြီးများ ပျက်စီးသွားနိုင်ကြောင်း ဥရောပအာကာသအေဂျင်စီ သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

## လွန်ခဲ့သောနှစ်ပေါင်း သန်း ၈၀ ကျော်က ရှင်သန်ကျက်စားခဲ့ကြသော နှုတ်သီးရှည်မိကျောင်းတစ်မျိုး၏ကျောက်ဖြစ်ရုပ်ကြွင်းကို အီဂျစ်နိုင်ငံ၌တွေ့ရှိ

**ကိုင်ရို အောက်တိုဘာ ၂၉**

လွန်ခဲ့သောနှစ်ပေါင်း သန်း ၈၀ ကျော်က ရှင်သန်ကျက်စားခဲ့ကြသော နှုတ်သီးရှည်မိကျောင်းတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို အီဂျစ်နိုင်ငံ၌ သိပ္ပံပညာရှင်များက တူးဖော်တွေ့ရှိထားကြောင်း အောက်တိုဘာ ၂၈ ရက် သတင်းများအရ သိရသည်။

အဆိုပါ မိကျောင်းမျိုးစိတ်သစ်ကို Wadisuchus Kassabi ဟူ၍ အီဂျစ်သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

Wadisuchus Kassabi မိကျောင်းများသည် ကိုယ်ခန္ဓာအလျား ၃ ဒသမ ၅ မီတာနှင့် လေးမီတာကြားထိရှိပြီး နှုတ်သီးမှာ အလွန်ရှည်၍ ချွန်ထက်သည့် သွားများ ပိုင်ဆိုင်ထားကြောင်း အီဂျစ် သိပ္ပံပညာရှင်များက ပြောကြားသည်။

Wadisuchus Kassabi မိကျောင်းများသည် လွန်ခဲ့သောနှစ်ပေါင်း ၈၃ သန်းနှင့် ၈၇ သန်းကြား ရှင်သန်ခဲ့သည့် သက်ရှိများဖြစ်ကြပြီး အဆိုပါမိကျောင်းများသည် Dyrosaurids အုပ်စုဝင် ရေနေသက်ရှိ မျိုးစိတ်သစ်ဖြစ်ကြောင်း သိရသည်။

Wadisuchus Kassabi မိကျောင်းများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို အီဂျစ်နိုင်ငံအနောက်ပိုင်း သဲကန္တာရဒေသ၌ တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## တရုတ်ရိုးရာတိုက်ချိကိုယ်လုံပညာက အဆစ်အမျက်ရောင်ရမ်းမှုရောဂါကြောင့် ဒူးခေါင်းနာကျင်ကိုက်ခဲမှုကိုလျှော့ချရာတွင် အထောက်အကူပြုနိုင်

**ကင်ဘာရာ အောက်တိုဘာ ၂၉**

တရုတ်ရိုးရာ တိုက်ချိကိုယ်လုံပညာသည် အဆစ်အမျက်ရောင်ရမ်းမှုရောဂါကြောင့် ဒူးခေါင်းနာကျင်ကိုက်ခဲမှုကို လျှော့ချရာတွင် အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များက အောက်တိုဘာ ၂၈ ရက်တွင် ပြောကြားသည်။

အဆစ်အမျက် ရောင်ရမ်းမှုကြောင့် ဒူးခေါင်းနာကျင်ကိုက်ခဲမှုပြဿနာကိုကုသရာတွင် လက်ရှိအသုံးပြုနေသည့် ကုထုံးများမှာ အကန့်အသတ်ရှိပြီး ရေတိုအားဖြင့် ဝေဒနာကိုလျှော့ချပေးနိုင်ကြောင်း သိရသည်။

သို့ရာတွင် ဩစတြေးလျသုတေသနပညာရှင်များ၏လေ့လာတွေ့ရှိချက်အရ တိုက်ချိလေ့ကျင့်ခန်း ပြုလုပ်မှုဖြင့် ဒူးခေါင်းနာကျင်ကိုက်ခဲမှုပြဿနာကို ထိထိရောက်ရောက် လျှော့ချနိုင်ကြောင်း သိရသည်။

တိုက်ချိလေ့ကျင့်ခန်း ပြုလုပ်သူများသည် မပြုလုပ်သူများနှင့် နှိုင်းယှဉ်ပါက အဆစ်အမျက်ရောင်ရောဂါကြောင့် ဒူးခေါင်းနာကျင်ကိုက်ခဲမှုမှာ ပုံမှန်ထက်နှစ်ဆထိ လျော့ပါးနေတတ်သည်ကို တွေ့ရကြောင်း ဩစတြေးလျသုတေသနပညာရှင်များက ပြောကြားသည်။

အဆစ်အမျက်ရောင်ရောဂါ (Osteoarthritis)သည် အရိုးအဆစ်များရှိ အရိုးနုများပျက်စီးချိန်တွင် ဖြစ်ပွားတတ်သည့်ရောဂါဖြစ်သည်။

ဒူးခေါင်းနေရာသည် အဆစ်အမျက်ရောင်ရမ်းမှုရောဂါအများဆုံးဖြစ်ပွားတတ်သောအစိတ်အပိုင်းဖြစ်ကြောင်း သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

Ref : Sputnik News
Trs : KKO

## GERD ပြဿနာ ခံစားနေရသူများ နှလုံးဖောက်နိုင်ခြေ ပုံမှန်ထက်မြင့်တက်နိုင်

**နယူးယောက် အောက်တိုဘာ ၂၉**

အစာပြွန် လမ်းကြောင်းတစ်လျှောက် အက်စစ်ရည်ဆန်တက်မှုပြဿနာ(GERD)ကို ရေရှည်ခံစားနေရသူများတွင် နှလုံးရုတ်တရက်ဖောက်နိုင်ခြေ ပုံမှန်ထက်မြင့်တက်လာနိုင်ကြောင်း အောက်တိုဘာ၂၈ ရက် သတင်းများအရ သိရသည်။

Gastroesophageal reflux disease(GERD) ခေါ် အစာပြွန်လမ်းကြောင်း အက်စစ်ရည် ပြန်ဆန်တက်မှုကြောင့် ရင်ပူခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ အစားအစာဝါးမျိုရန်ခက်ခဲခြင်း စသည့်ပြဿနာများ ပေါ်လာတတ်သည်။

ကုသခြင်းမရှိပါက GERD ပြဿနာကြောင့် အစာပြွန်လမ်းကြောင်းနှင့် အသက်ရှူလမ်းကြောင်းများ ပျက်စီးသွားတတ်ကြောင်း သိရသည်။

ထို့ပြင် အမေရိကန်သုတေသနပညာရှင်များ၏လေ့လာတွေ့ရှိချက်အရ GERD ပြဿနာရှိနေသူများ၌ နှလုံးရုတ်တရက်ဖောက်နိုင်ခြေလည်း ပုံမှန်ထက်မြင့်တက်လာနိုင်ကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် နှလုံးရုတ်တရက်ဖောက်နိုင်ခြေနှင့် GERD ပြဿနာတို့ကြား ဆက်စပ်မှုရှိ၊ မရှိဖော်ထုတ်နိုင်ရေးအတွက် GERD လူနာ ၁ ဒသမ ၃ သန်းကိုလေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ GERD ပြဿနာရှိနေသူများ၌ နှလုံးရုတ်တရက်ဖောက်နိုင်ခြေ ၂၇ ရာခိုင်နှုန်း မြင့်မားသည်ကိုတွေ့ရကြောင်း သိရသည်။

Ref : Russia Today
Trs : KKO





## နိုင်ငံတကာ အားကစားသတင်းများ

# ကွင်းလယ်ကစားသမားအန်ဒါဆန်ကို စတာလင်ပေါင် သန်း ၁၂၀ ရရှိပါက ရောင်းချမည်ဟု နော်တင်ဟမ်ထုတ်ပြန်

**လန်ဒန် အောက်တိုဘာ ၂၉**

နော်တင်ဟမ် အသင်းသည် ကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် အသက် ၂၂ နှစ်ရှိ အန်ဒါဆန်ကို ထိပ်သီးကလပ်အသင်းများက စိတ်ဝင်စားလာသောကြောင့် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၂၀ ရရှိပါက ရောင်းချမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အန်ဒါဆန်သည် ၂၀၂၄ ခုနှစ်က နော်တင်ဟမ်အသင်းသို့ ပြောင်းရွှေ့ခဲ့ရာ ပွဲဦးထွက်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၂ ပွဲ၌ သွင်းဂိုး နှစ်ဂိုးနှင့် ဂိုးဖန်တီးမှု ခြောက်ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး ဒုတိယရာသီတွင်လည်း ပြိုင်ပွဲစုံတွင် ပွဲထွက်ခွင့်ရရှိခဲ့ကာ ခြေစွမ်းပိုင်း ကောင်းမွန်မှုကြောင့် အင်္ဂလန် လက်ရွေးစင်အသင်းတွင် ပါဝင်ခွင့်ရခဲ့သည်။

၎င်းသည် နိုင်ငံတကာပြိုင်ပွဲကာလအတွင်း အင်္ဂလန်အသင်းတွင်ပါဝင်၍ ပုံစံကောင်းပြသနိုင်ခဲ့ပြီးနောက် ဥရောပထိပ်သီးကလပ်များဖြစ်သည့် ရီးရဲလ်မက်ဒရစ်အသင်း၊ မန်ယူအသင်း၊ ချဲလ်ဆီးအသင်းတို့ကလည်း ခေါ်ယူရန် ကြိုးပမ်းလာခဲ့သောကြောင့် နော်တင်ဟမ်အသင်းက ကစားသမားအတွက် ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၁၂၀ ရရှိမှသာ ရောင်းချရန်ဆုံးဖြတ်ခဲ့သည်။

လက်ရှိတွင် ကွင်းလယ်ကစားသမားအန်ဒါဆန်သည် နော်တင်ဟမ်အသင်းနှင့် လာမည့် ၂၀၂၉ ခုနှစ်ထိ စာချုပ်သက်တမ်းကျန်ရှိနေသော်လည်း အသင်းအနေဖြင့် ကစားသမားကို ထိန်းချုပ်ရန် ခက်ခဲနိုင်သဖြင့် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၁၂၀ ထိ သတ်မှတ်ခဲ့ကြောင်း သိရသည်။

အန်ဒါဆန်သည် နယူးကာဆယ်အသင်း လူငယ်ကစားသမားတစ်ဦးဖြစ်သောကြောင့် နယူးကာဆယ်အသင်းကလည်း ပြန်လည်ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။

Ref : Goal.com

Trs : ML



## အားကစားသတင်းအတိုအထွာများ

- ❑ ရီးရဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေသည့် တိုက်စစ်မှူး ဗင်နီစီးယက်စ်ကို ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် ချဲလ်ဆီးအသင်းနှင့် မန်စီးတီးအသင်းတို့က ခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။
- ❑ မန်စီးတီးအသင်းက ကွင်းလယ်ကစားသမားရိုဒရီကို ယခုနှစ်ဘောလုံးရာသီမကုန်မီ သက်တမ်းတိုးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။
- ❑ ဂျူဗင်တပ်အသင်းသည် အေတီကိုအသင်း ညာနောက်ခံကစားသမားမိုလင်နာကို ခေါ်ယူရန်စိတ်ဝင်စားသော်လည်း ချဲလ်ဆီးအသင်းမှ ဂတ်တိုကို အဓိကပစ်မှတ်အဖြစ်ခေါ်ယူရန် စီစဉ်ထားကြောင်း သိရသည်။
- ❑ ဘာစီလိုနာအသင်းသည် ပဲလေ့စ် ညာနောက်ခံကစားသမားမူနေ့ဇ်ကို စတာလင်ပေါင် ၂၆ ဒသမ ၂ သန်းဖြင့် ကမ်းလှမ်းမှုပြုလုပ်ထားကြောင်း သိရသည်။ ML

# ဖျက်သိမ်းခဲ့ရသည့်ပွဲစဉ်ကို ပီရူးနိုင်ငံတွင် ပြန်လည်ကျင်းပရန် ဘာစီလိုနာအသင်း စီစဉ်

**ဘာစီလိုနာ အောက်တိုဘာ ၂၉**



ဘာစီလိုနာအသင်းက ပြည်ပတွင် ကစားရန်စီစဉ်ထားသည့် ဘာစီလိုနာအသင်းနှင့် ဗီလာရီးရဲလ်အသင်းတို့ပွဲစဉ်ကို ပီရူးနိုင်ငံတွင် ပြန်လည်ကျင်းပရန် စီစဉ်ထားသည်။

အစောပိုင်းက ဘာစီလိုနာအသင်းနှင့် ဗီလာရီးရဲလ်အသင်းတို့ပွဲစဉ်ကို အမေရိကန်နိုင်ငံ မီယာမီမြို့တွင် ကျင်းပရန် စီစဉ်ထားသော်လည်း စပိန်လာလီဂါပြိုင်ပွဲဝင်အသင်းများ၊ ကစားသမားများ၊ စပိန်ဘောလုံးကစားသမားများသမဂ္ဂတို့က ဆန့်ကျင်မှုများကြောင့် ဖျက်သိမ်းခဲ့ရသည်။

သို့သော် ဘာစီလိုနာအသင်းက ဗီလာရီးရဲလ်အသင်းနှင့် ပွဲစဉ်ကို စပိန်လာလီဂါပွဲစဉ် မဟုတ်ဘဲ ခြေစမ်းပွဲစဉ်အဖြစ် ပီရူးနိုင်ငံ၌ လာမည့် ဒီဇင်ဘာလတွင် ကစားရန် စီစဉ်နေခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းက ဗီလာရီးရဲလ်အသင်းနှင့်ပွဲစဉ်ကို မီယာမီမြို့တွင် ကစားမည်ဆိုပါက ဝင်ငွေ ယူရို ရှစ်သန်းခန့် ရရှိမည်ဖြစ်ပြီး ယခုအခါ ပျက်ပြယ်ခဲ့ရသည့်အတွက် ခြေစမ်းပွဲကစားပြီး ဝင်ငွေရှာရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Marca

Trs : STA

# အမျိုးသမီးယူအီးအက်ဖ်အေနေးရှင်းလိဂ် ဗိုလ်လုပွဲစဉ်တွင် စပိန်အသင်းနှင့် ဂျာမနီအသင်းတို့ ထိပ်တိုက်တွေ့ဆုံ

**ဘာလင် အောက်တိုဘာ ၂၉**

၂၀၂၅ အမျိုးသမီး ယူအီးအက်ဖ်အေနေးရှင်းလိဂ် ဗိုလ်လုပွဲစဉ်တွင် စပိန် အမျိုးသမီးအသင်းနှင့် ဂျာမနီ အမျိုးသမီးအသင်းတို့ ထိပ်တိုက် တွေ့ဆုံနေကြောင်း သိရသည်။

စပိန် အမျိုးသမီးအသင်းသည် နေးရှင်းလိဂ်ဆီမီးဖိုင်နယ် အဆင့်တွင် ဆွီဒင်အမျိုးသမီးအသင်းနှင့် တွေ့ဆုံခဲ့ပြီး ပထမအကျော့အိမ်ကွင်းပွဲစဉ်တွင် လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ဒုတိယအကျော့ အဝေးကွင်းပွဲစဉ်တွင်လည်း ဘောလုံးပိုင်ဆိုင်မှု ၇၀ ရာခိုင်နှုန်းထိ ရရှိခဲ့ကာ ပွဲချိန်ပြည့်ဖိအားပေး ကစားနိုင်သောကြောင့် ပွဲကစားချိန် ၇၅ မိနစ်တွင် ပူတဲလ်လက်စ်၏ သွင်းဂိုးဖြင့် စပိန်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး ဂိုးမရှိဖြင့်အနိုင်ယူ၍ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ဂျာမနီ အမျိုးသမီးအသင်းကလည်း ဆီမီးဖိုင်နယ်အဆင့်တွင် ပြင်သစ် အမျိုးသမီးအသင်းနှင့် တွေ့ဆုံခဲ့ရာ ပထမအကျော့အိမ်ကွင်းပွဲစဉ်တွင် တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ဒုတိယအကျော့ အဝေးကွင်းပွဲစဉ်တွင် ပြင်သစ်အသင်း၏ ဖိအားပေးမှုကို ခံရသော်လည်း တိုက်စစ်ကစားပုံ ထက်မြက်မှုကြောင့် ချေပဂိုးများ ပြန်လည်သွင်းယူနိုင်ပြီး ပွဲအစ သုံးမိနစ်တွင် ပြင်သစ်အသင်းက မာလာ့ဒ်၏သွင်းဂိုးဖြင့် ဦးဆောင်ခဲ့သော်လည်း ပွဲချိန် ၁၂ မိနစ်တွင် အန်ယိုမီ၊ ပွဲချိန် မိနစ် ၅၀ တွင် ဘူးလ်တို့၏ ဂိုးများဖြင့် ပြန်လည်ဦးဆောင်နိုင်ခဲ့ကာ ပွဲကစားချိန် ၈၉ မိနစ်တွင် မက်တီယိုချေပဂိုးရရှိခဲ့ပြီး သရေရလဒ်ထွက်ပေါ်ခဲ့ကာ ဂျာမနီအသင်းက နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး နှစ်ဂိုးဖြင့် နိုင်ပွဲရခဲ့သည်။

ဂျာမနီအသင်းနှင့် စပိန်အသင်းတို့၏ နေးရှင်းလိဂ်ဗိုလ်လုပွဲစဉ်ကို နိုဝင်ဘာ ၂၉ ရက်တွင် ဂျာမနီအသင်းအိမ်ကွင်းတွင် လည်းကောင်း၊ ဒီဇင်ဘာ ၃ ရက်တွင် စပိန်အသင်းအိမ်ကွင်းတွင်လည်းကောင်း ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# ပီအက်စ်ဂျီအသင်းက ခံစစ်ကစားသမားပါချိုကို သက်တမ်းတိုးရန် သဘောတူညီမှုရရှိ

**ပဲရစ် အောက်တိုဘာ ၂၉**



ပီအက်စ်ဂျီအသင်းသည် ယခုနှစ် ဒီဇင်ဘာလတွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ခံစစ်ကစားသမားပါချိုကို သက်တမ်းတိုးရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ပီအက်စ်ဂျီအသင်းသည် ခံစစ်ကစားသမားပါချိုကို ငါးနှစ်စာချုပ်ဖြင့် ကာလရှည်သက်တမ်းတိုးနိုင်ခဲ့သော်လည်း လုပ်ခလစာအပါအဝင် စာချုပ်နှင့်ပတ်သက်၍ အသေးစိတ်ထုတ်ပြန်ခဲ့ခြင်း မရှိကြောင်း သိရသည်။

ပါချိုသည် ပီအက်စ်ဂျီအသင်းသို့ ရောက်ရှိခဲ့ချိန်တွင် ပုံမှန်ပွဲကစားခွင့်ရရှိရန် ခက်ခဲခဲ့သော်လည်း ယခုနှစ် ဘောလုံးရာသီအစပိုင်းတွင် နည်းပြအန်းနရစ်၏ လက်အောက်၌ အဓိက ကစားသမားတစ်ဦး ဖြစ်လာခဲ့သဖြင့် အသင်းတာဝန်ရှိသူများက ကာလရှည် သက်တမ်းတိုးခဲ့ခြင်းဖြစ်ပြီး ယခုနှစ်မကုန်မီ စာချုပ်ကိစ္စနှင့် ပတ်သက်၍ တရားဝင်ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၄ နှစ်ရှိ ခံစစ်ကစားသမားပါချိုသည် ၂၀၁၆ ခုနှစ်က အင်ဒီပန်တီယန်တီကလပ်အသင်းနှင့် ပရော်ဖက်ရှင်နယ်ကစားသမားဘဝစတင်ခဲ့ပြီးနောက် ၂၀၂၂ ခုနှစ်တွင် ဥရောပကလပ်အသင်းဖြစ်သည့် အန့်ဝပ်အသင်းသို့ပြောင်းရွှေ့ခဲ့ကာ ခြေစွမ်းပြနိုင်ခဲ့သောကြောင့် ၂၀၂၃ ခုနှစ်တွင် ဖရန့်ဖတ်အသင်းသို့ ရောက်ရှိခဲ့ပြီး ပွဲဦးထွက်ဘောလုံးရာသီတွင် ခြေစွမ်းပြသနိုင်ခဲ့သဖြင့် ၂၀၂၄ ခုနှစ်တွင် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ရာ ပြိုင်ပွဲစုံ ၆၇ ပွဲထိ ပါဝင်ကစားခွင့်ရခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# အနာဂတ်မရေမရာဖြစ်နေသည့် ဆာလာဟ်ကို ဆော်ဒီထိပ်တန်းကလပ်အသင်းများက ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် အပြိုင်ကြိုးပမ်းနေ




**ရီယာ့ဒ် အောက်တိုဘာ ၂၉**

လီဗာပူးအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် တိုက်စစ်ကစားသမားဆာလာဟ်ကို ဆော်ဒီထိပ်တန်း ကလပ်အသင်းများက ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် အပြိုင်ကြိုးပမ်းနေကြောင်း သိရသည်။

ဆာလာဟ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်း နှစ်နှစ်တိုးခဲ့သော်လည်း ယခုနှစ် ဘောလုံးရာသီတွင် ခြေစွမ်းပိုင်း သိသိသာသာ ကျဆင်းနေသည့်အတွက် အနာဂတ် မရေမရာဖြစ်နေခြင်း ဖြစ်သည်။

ဆာလာဟ်သည် ၂၀၁၇ ခုနှစ်က ရိုးမားအသင်းမှ ပြောင်းရွှေ့ခဲ့ပြီးနောက် ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ထိပ်တန်း တိုက်စစ်ကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း ယခုနှစ် ဘောလုံးရာသီတွင် ခြေစွမ်းပိုင်း သိသိသာသာ ကျဆင်းနေခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် အသင်းတိုက်စစ်ပိုင်းအတွက် အန်တီကီတီနှင့် အီဆက်တို့ကို မြင့်မားသည့် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့သော်လည်း ၎င်းတို့အနေဖြင့် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသကဲ့သို့ ဆာလာဟ်သည်လည်း ဂိုးသွင်းအားများ သိသိသာသာ ကျဆင်းနေခဲ့သည့်အတွက် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

ဆာလာဟ်ကို ဆော်ဒီထိပ်တန်း ကလပ်အသင်းများက အစောပိုင်းကတည်းက ခေါ်ယူရန်ကြိုးပမ်းနေပြီး ယခုအခါ လီဗာပူးအသင်းနှင့် အနာဂတ် မရေမရာဖြစ်နေခြင်းကို အခွင့်ကောင်းယူ ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# စပါးအသင်းက ဗန်ဒီဗန်အတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၈၀ သတ်မှတ်

**လန်ဒန် အောက်တိုဘာ ၂၉**

စပါးအသင်းက စပိန်ထိပ်တန်း ကလပ်အသင်းကြီးများက ခေါ်ယူလိုနေသည့် ခံစစ်ကစားသမား ဗန်ဒီဗန်အတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၈၀ သတ်မှတ်ခဲ့ကြောင်း သိရသည်။

ဗန်ဒီဗန်သည် စပါးအသင်းနှင့်အတူ နောက်ပိုင်းနှစ်များတွင် အရေးပါသည့် ကစားသမားအဖြစ် ရပ်တည်နေသူဖြစ်ပြီး အကောင်းဆုံး ခြေစွမ်းပြသလျက်ရှိနေသူ ဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းက အသင်း ဗဟိုခံစစ်ပိုင်းအတွက် ဟူဂျီဆန်ကိုသာ အားထားနေရသောကြောင့် အစောပိုင်းကတည်းက ခံစစ်ကစားသမား ဗန်ဒီဗန်ကို ခေါ်ယူလိုနေခြင်းဖြစ်သည်။

အလားတူ ရီးရဲလ်မက်ဒရစ် အသင်းအပြင် ဘာစီလိုနာအသင်းကပါ ခေါ်ယူလိုနေသည့်အတွက် စပါးအသင်းက ဗန်ဒီဗန်ကို မြင့်မားသည့် ပြောင်းရွှေ့ကြေး သတ်မှတ်ပြီး ထိန်းသိမ်းရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Fotmob

Trs : STA




# အာဖရိကဖလားပြိုင်ပွဲကြောင့် မန်ယူအသင်းက အသင်း၏ အဓိက ကစားသမားများကို တစ်လခန့်လက်လွှတ်ရမည့် ဖိအားများနှင့် ရင်ဆိုင်နေရ

**မန်ချက်စတာ အောက်တိုဘာ ၂၉**

မန်ယူအသင်းသည် အသင်းမှ အဓိက ကစားသမားများကို အာဖရိကဖလားပြိုင်ပွဲကြောင့် တစ်လခန့် လက်လွှတ်ရမည်ဖြစ်သည့်အတွက် ဖိအားများနှင့် ရင်ဆိုင်နေရသည်။

မန်ယူအသင်း အဓိက ညာတောင်ပံ တိုက်စစ်ကစားသမားများဖြစ်သည့် အမ်ဘူမိုနှင့် အာမက်ဒီရယ်လိုတို့ကို အာဖရိကဖလားပြိုင်ပွဲကြောင့် လက်လွှတ်ရမည်ဖြစ်သည့်အတွက် ထိုးနှက်ချက်များ ဖြစ်လာဖွယ်ရှိနေသည်။

အမ်ဘူမိုသည် ယခုနှစ် ဘောလုံးရာသီတွင် အသင်းညာတောင်ပံ တိုက်စစ်နေရာ၌ အကောင်းဆုံး ခြေစွမ်း ပြသလျက်ရှိနေသူဖြစ်ပြီး အသင်းဖော် အာမက်ဒီရယ်လိုနှင့် တွဲဖက်ပြီး အကောင်းဆုံး ခြေစွမ်း ပြသလျက်ရှိနေသူဖြစ်သည်။

အာဖရိကဖလား ပြိုင်ပွဲအတွက် အာမက်ဒီရယ်လိုသည် အိုင်ဗရီကို့စ်အသင်းနှင့် အမ်ဘူမိုသည် ကင်မရွန်းအသင်းတွင် ကစားရမည်ဖြစ်သောကြောင့် မန်ယူအသင်းအနေဖြင့် ၎င်းတို့နှစ်ဦးကို တစ်လခန့်ထိ လက်လွှတ်ရမည့် အနေအထားကြောင့် မန်ယူအသင်း ညာတောင်ပံ တိုက်စစ်ပိုင်းအတွက် ထိုးနှက်ချက် ဖြစ်လာဖွယ်ရှိနေကြောင်း သိရသည်။

Ref : Goal.com

Trs : STA

# Link Hong Kong Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် LIV Golf အဖွဲ့ချုပ်မှ ကစားသမား ၂၉ ဦးထိ ပါဝင်ယှဉ်ပြိုင်မည်

**ဟောင်ကောင် အောက်တိုဘာ ၂၉**

တရုတ်နိုင်ငံ ဟောင်ကောင် အထူးအုပ်ချုပ်ခွင့်ရ ဒေသတွင် ကျင်းပပြုလုပ်သွားမည့် Link Hong Kong Open ဂေါက်သီးရိုက် ပြိုင်ပွဲတွင် LIV Golf အဖွဲ့ချုပ်မှ ကစားသမား ၂၉ ဦးထိ ပါဝင် ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေး ကော်မတီက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

Link Hong Kong Open ဂေါက်သီးရိုက်ပြိုင်ပွဲသည် Asian Tour ၏သက်တမ်းအရင့်ဆုံးသော ဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်ပြီး ကမ္ဘာ့ အဆင့် ကစားသမားအမြောက်အမြား ပါဝင်ယှဉ်ပြိုင်သွားမည် လည်းဖြစ်သည်။

LIV Golf အဖွဲ့ချုပ်မှ ကစားသမားများသည် PGA Tour ပြိုင်ပွဲအများစုတွင် ပါဝင်ယှဉ်ပြိုင်ခွင့်မရသလို ၎င်းတို့ကိုယ်တိုင်လည်း LIV Golf အဖွဲ့ချုပ်မှ ကျင်းပသောပြိုင်ပွဲများ၌သာ ပါဝင်ယှဉ်ပြိုင်လေ့ရှိသော်လည်း Link Hong Kong Open ဂေါက်သီးရိုက်ပြိုင်ပွဲသည် အရှိန်အဝါရှိသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်သလို ၎င်းတို့အနေဖြင့်လည်း ပါဝင်ယှဉ်ပြိုင်ခွင့် ရထားသည့်အတွက် LIV Golf အဖွဲ့ချုပ်မှ ကစားသမား ၂၉ ဦးထိ ပါဝင် ယှဉ်ပြိုင်သွားကြမည်ဖြစ်သည်။

ကမ္ဘာ့အဆင့် ကစားသမား အမြောက်အမြား ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သော်လည်း အမေရိကန် ဂေါက်သီးရိုက် ကစားသမား ဘီလီဟော့စချယ် ပါဝင်ယှဉ်ပြိုင်နိုင်တော့မည် မဟုတ်ကြောင်း သိရသည်။

ဘီလီဟော့စချယ်သည် တင်ပါးဆုံရိုးဒဏ်ရာကို ခွဲစိတ်ကုသမှုခံယူထားပြီး ပြန်လည်သက်သာလာပြီဖြစ်သော်လည်း ကြံ့ခိုင်မှုမပြည့်ဝသေးကြောင်း သိရသည်။

ဘီလီဟော့စချယ်က “ဒီရာသီကတော့ ကျွန်တော့်အတွက် စိတ်ပျက်ဖွယ်ရာသီတစ်ခု ဖြစ်ခဲ့ပါတယ်။ ဒဏ်ရာပြဿနာတွေနဲ့ မကြာခဏ ရင်ဆိုင်နေရတယ်။ အခုလဲ တင်ပါးဆုံရိုးဒဏ်ရာ သက်သာလာပြီဖြစ်ပေမဲ့ ကြံ့ခိုင်မှုမပြည့်ဝသေးတဲ့အတွက်ကြောင့် Link Hong Kong Open ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်နိုင်အုံးမှာ မဟုတ်သေးပါဘူး” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN

Trs : AZL

# Paris Masters တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် အယ်ကာရက်ဇ်က ကင်မရွန်းနော်ရီကို ရှုံးနိမ့်

**ပဲရစ် အောက်တိုဘာ ၂၉**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင်ကျင်းပနေသည့် Paris Masters တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ဗြိတိန်တင်းနစ်ကစားသမား ကင်မရွန်းနော်ရီတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး အယ်ကာရက်ဇ်က (၆-၄၊ ၃-၆၊ ၄-၆) ရလဒ်ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှထွက်ခွာခဲ့ရကြောင်း သိရသည်။




ယခုနှစ်အတွင်း အောင်မြင်မှုများစွာ ရရှိထားသည့် အယ်ကာရက်ဇ်သည် U.S. Open၊ Cincinnati Open နှင့် Japan Open တင်းနစ်ပြိုင်ပွဲတို့တွင် ချန်ပီယံဆုကိုဆွတ်ခူးထားသူဖြစ်သော်လည်း Paris Masters တင်းနစ်ပြိုင်ပွဲတွင် ထင်မှတ်မထားဘဲ ဒုတိယအဆင့်၌ ရှုံးနိမ့်ခဲ့ရသည်။

Paris Masters တင်းနစ်ပြိုင်ပွဲတွင် ဒုတိယအဆင့်မှ စတင်ယှဉ်ပြိုင်ခွင့်ရခဲ့သည့် အယ်ကာရက်ဇ်အနေဖြင့် ပြိုင်ပွဲရှုံးနိမ့်ခဲ့ရခြင်းထက် ကမ္ဘာ့အဆင့်(၁)နေရာကို အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာထံ လွှဲပြောင်းပေးရတော့မည့် အခြေအနေဖြစ်နေသည်။

အယ်ကာရက်ဇ်က “ကျွန်တော် ပဲရစ်ကိုလာတာ ခွန်အားအပြည့်နဲ့ပါ။ မျှော်လင့်ချက်အပြည့်နဲ့ လာခဲ့တာပါ။ ရလဒ်ကောင်း ရရှိလိမ့်မယ်လို့လဲ မျှော်လင့်ခဲ့တယ်။ ဒါပေမဲ့လဲ အဆင်မပြေခဲ့ဘူး။ ဒုတိယအဆင့်မှာတင်ရှုံးနိမ့်ခဲ့ရတယ်။ ဒီနှစ်အတွင်းမှာ ကျွန်တော့်အနေနဲ့ ပါဝင်ယှဉ်ပြိုင်တဲ့ ပြိုင်ပွဲတိုင်းမှာ စွမ်းဆောင်ရည်ကောင်းတွေ ပြသနိုင်ခဲ့ပါတယ်။ ဒါကြောင့်လဲ ပဲရစ်မှာ ရလဒ်ကောင်း ရမယ်လို့ မျှော်လင့်ခဲ့တာပါ။ အရင်နှစ်တွေတုန်းကဆိုရင် ဒီလိုအချိန်မှာ ပွဲပန်းဒဏ်ခံနေရပြီ။ အရမ်းလဲ စိတ်ပင်ပန်းခဲ့ရတယ်။ ဒီရာသီမှာတော့ ဒီလိုခံစားချက်မျိုးမဖြစ်ခဲ့သလို လန်းဆန်းနေတယ်လို့ပဲ ခံစားမိတယ်။ Shanghai Masters တင်းနစ်ပြိုင်ပွဲမှာ ဝင်မပြိုင်ဘဲ အိမ်မှာ အနားယူခဲ့ခြင်းကြောင့်လဲ ခွန်အားပြည့်နေတယ်လို့ ခံစားရပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ပဲရစ်ကနေ စောစီးစွာထွက်ခွာခဲ့ရတာ စိတ်မကောင်းဖြစ်မိပါတယ်” ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : Tennis World

Trs : AZL

# ပန်းတိုင်အထွက်နှုန်းရအောင် အာဟာရဓာတ်ဖြည့်တင်းစိုက်ပျိုးမှုမြှင့်တင်စို့( အပိုင်း-၃ )


**သီးနှံပင်များမှ အာဟာရဓာတ်သယ်ဆောင်နိုင်စွမ်း**

သီးနှံပင်များမှ အာဟာရဓာတ်များ သယ်ဆောင်နိုင်စွမ်းအားကိုလေ့လာလျှင် ၎င်းတို့၏ သီးနှံထုတ်လုပ်နိုင်စွမ်းနှင့် ၎င်းမှ ထပ်ဆင့်ထုတ်ကုန်များ ကောင်းစွာပြုပြင်ထုတ်လုပ်ရရှိနိုင်စွမ်းပေါ် မူတည်သည်။ ယေဘုယျအားဖြင့် အထွက်နှုန်းမြင့်မားလေ မြေဆီလွှာအတွင်းတွင်တည်ရှိနေသည့် မြေတွင်း အာဟာရဓာတ်ဖယ်ရှားခံရမှုမြင့်မားလာလေဖြစ်ပြီး သီးနှံမျိုးစိတ်အသစ်များသည် မူလမျိုးဟောင်းများထက် မြေတွင်းမှ အာဟာရစားသုံးမှုမြင့်မားကာ သီးနှံပင်ဖြစ်ထွန်းစေရန် အာဟာရလိုအပ်ချက်လည်း များကြသည်။

**စိုက်ပျိုးမြေမှ အာဟာရဓာတ်ညီမျှခြေ**

မြေဆီလွှာအတွင်းမှ အာဟာရဓာတ်ညီမျှခြေဆိုသည်မှာ စိုက်ပျိုးမြေထဲမှ စုစုပေါင်းထွက်ရှိသွားသည့် အာဟာရဓာတ်များနှင့် စိုက်ပျိုးမြေထဲသို့ စုစုပေါင်းဖြည့်တင်းပေးရသည့် အာဟာရဓာတ်များ၊ သီးနှံပင်စိုက်ပျိုးရာတွင် လိုအပ်မည့်အာဟာရဓာတ်များမြေဆီလွှာအတွင်း ညီမျှစွာတည်ရှိနေခြင်းဖြစ်သည်။ စိုက်ပျိုးသည့်မြေတွင် အာဟာရဓာတ်လိုသည်ထက်များပြားနေက စုပုံပိုလျှံပါဝင်နေခြင်းဖြစ်ပြီး မြေဆီလွှာအတွင်းလိုအပ်သည်ထက် လျော့နည်းနေခြင်းသည် ကုန်ဆုံးသွားခြင်း၊ လျော့နည်းပျောက်ဆုံးခြင်း၊ သီးနှံစိုက်ပျိုးပြီး လျော့နည်းသွားသောအာဟာရဓာတ်များကို ပြန်လည်ဖြည့်တင်းမှုမရှိဘဲ ဆက်လက်စိုက်ပျိုးကာ မြေထဲမှအာဟာရဓာတ်များကို ထုတ်ယူသုံးစွဲနေခြင်းကြောင့်ဖြစ်သည်။ သီးနှံများ စဉ်ဆက်မပြတ်သုံးစွဲနိုင်ရန် မြေဆီလွှာတွင်းသို့ သီးနှံပင်လိုအပ်သည့် အာဟာရဓာတ်ပမာဏထုတ်ယူသုံးစွဲခြင်းနှင့် ပြန်လည်ဖြည့်တင်းခြင်းလုပ်ငန်းသည် ညီမျှခြေမှာရှိသင့်သည်။ စိုက်ခင်းမြေဆီလွှာကို အာဟာရဓာတ်ပြန်လည်ဖြည့်တင်းမှုမရှိဘဲ စဉ်ဆက်မပြတ်စိုက်ပျိုးကာ မြေဆီလွှာထဲမှ အာဟာရဓာတ်များကို သုံးစွဲနေခြင်းသည် မြေဆီလွှာ၏ အာဟာရဓာတ်ပါဝင်မှုအဆင့်အတန်းကို ကျဆင်းယုတ်လျော့စေပြီး သီးနှံထုတ်လုပ်မှုကို ဆိုးရွားစွာထိခိုက်စေနိုင်သည်။ အခြားတစ်ဖက်တွင်လည်း မြေဆီလွှာကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းမပြုဘဲ ဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာ၊ ဇီဝမြေသြဇာများကို လိုအပ်သည်ထက် အလွန်အကျွံပိုမိုထည့်သွင်းအသုံးပြုခြင်းသည်လည်း မြေနှင့်ရေတွင် ဤအရာများမှပိုလျှံလာသော အာဟာရအကြွင်းအကျန်များစုပုံကာ အာဟာရဓာတ်မညီမျှမှုများဖြစ်ပေါ်လာပြီး မြေဆီလွှာတည်ဆောက်မှု၊ မြေတွင်းနေသက်ရှိများ သေကျေပျက်စီးစေမှုကိုဖြစ်စေပြီး ဇီဝစက်ဝန်းယိုယွင်း၍ သဘာဝပတ်ဝန်းကျင်ကိုပါ ထိခိုက်ပျက်စီးစေသည်။

မြေထဲရှိ အာဟာရဓာတ်ညီမျှခြေကို ဓာတ်ခွဲစစ်ဆေးတွက်စစ်၍ မြေဆီလွှာကို အာဟာရဓာတ်ဖြည့်တင်းရေးဆောင်ရွက်ရာတွင် လုပ်ငန်းများအရ- ဓာတ်မြေသြဇာဖြည့်တင်းမှုကြောင့်လည်းကောင်း၊ တိရစ္ဆာန်အညစ်အကြေးများ ကောင်းစွာမဆွေးမြည့်ဘဲ ထည့်သွင်းမှုကြောင့်လည်းကောင်း၊ အကျိုးပြုအာဟာရဓာတ်မြေသြဇာများကို စံစနစ်ကျနစွာ ထည့်သွင်းမှုမရှိခြင်းကြောင့်လည်းကောင်း၊ မိုးရေ၊ မြစ်ရေတိုက်စား၍ နုန်းကျခြင်းကြောင့်လည်းကောင်း၊ မြေအပေါ်ယံလွှာကို လေတိုက်စားခံရခြင်းကြောင့်လည်းကောင်း၊ ရေလွှမ်းမိုးခြင်းဖြင့် မြေဆီလွှာတွင် အနယ်နှစ်စုပုံခြင်းကြောင့်လည်းကောင်း၊ စိုက်ခင်းသို့ရေသွင်းရာတွင် ဂရုတစိုက်မဆောင်ရွက်ခြင်းများကြောင့် မြေတွင်းမှဆားဓာတ်များပျော်ဝင်၍ မြေအပေါ်ယံလွှာတွင် ဓာတ်ဆားများစုပုံကာ မြေငန်ဖြစ်စေခြင်း စသောပြဿနာရပ်များဖြစ်စေနိုင်သည်။ ထိုဖြစ်ရပ်များကို ရှောင်ရှားနိုင်စေရန်အတွက် မြေဆီလွှာကျန်းမာရေးကိုရှေးရှုကာ စိုက်ပျိုးမှုဆိုင်ရာလုပ်ငန်းရပ်တိုင်းကို အလေးဂရုပြု




စနစ်တကျလုပ်ဆောင်ပေးသင့်သည်။ သီးနှံထုတ်လုပ်မှုမှ မြေထဲရှိ အာဟာရဓာတ်များဆုံးရှုံးမှုမှာ စိုက်ပျိုးသည့်သီးနှံကို ရိတ်သိမ်းချိန်တွင် မူလမြေထဲရှိ အာဟာရဓာတ်များမှာ ရိတ်သိမ်းယူလိုက်သော သီးနှံအကြွင်းအကျန်များမှလည်းကောင်း၊ စိုက်ပျိုးခင်း၏ သွင်းရေနှင့် စီးဆင်းရေတို့တွင် ပျော်ဝင်ကာ မြေအောက်သို့ ရေနှင့်အတူ ပျော်ဝင်စိမ့်ဆင်းခြင်း၊ ရေငွေ့နှင့်အတူ အငွေ့ပြန်ပျောက်ဆုံးခြင်း၊ ဓာတ်ငွေ့အဖြစ် ဆုံးရှုံးခြင်း၊ နိုက်ထရိုဂျင်ဓာတ်ပေါင်းများအဖြစ် အသွင်ပြောင်းလဲ၍ လေထုထဲသို့လွင့်ပျောက်ဆုံးရှုံးခြင်းနှင့် မြေဆီလွှာကို ရေ၊ လေနှင့် လယ်ယာသုံးကိရိယာများတွင်ကပ်ညှိ၍ တိုက်စားခြင်းခံရမှုတို့ကြောင့် အပင်အာဟာရများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်စေသည်။ အများအားဖြင့် သီးနှံပင်အာဟာရဓာတ်များ၏ မြေထဲသို့ဝင်ရောက်ရာ အဓိက လမ်းကြောင်းမှာ ဓာတ်မြေသြဇာဖြည့်ဆည်းပေးခြင်းနှင့် တိရစ္ဆာန်အညစ်အကြေးများ ဆွေးမြည့်အောင်ပြုပြင်ထည့်ပေးခြင်း၊ သဘာဝမြေသြဇာပြုလုပ်သုံးစွဲပေးခြင်း၊ သစ်စိမ်းမြေသြဇာစိုက်ပျိုးဖြည့်ဆည်းပေးမှုများ၊ စိုက်ပျိုးသီးနှံ၏ အပွင့်အသီးအရွက်တို့ကြွေကျမှုများကြောင့် ရရှိနိုင်ပြီး စိုက်ပျိုးခင်း၏ မူလမြေထဲရှိ အာဟာရဓာတ်များကို သီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးသည့်သီးနှံပင်များကို ရိတ်သိမ်းယူငင်ခြင်း၊ သီးနှံပင်၏အကြွင်းအကျန်တို့ကို တိရစ္ဆာန်အစာအတွက်လည်းကောင်း၊ လောင်စာအတွက်လည်းကောင်း၊ အခြားအသုံးပြုမှုများအတွက်လည်းကောင်း ထုတ်ယူသုံးစွဲရာမှ မြေထဲရှိအပင်အာဟာရဓာတ်များ ဖယ်ရှားမှုခံရခြင်းဖြစ်သည်။ ထို့ကြောင့် မြေကြီးအတွင်းမှ အာဟာရဓာတ်သွင်းအားစုနှင့် မြေထဲမှ အာဟာရဓာတ်ကုန်ဆုံးမှုတို့ကို အခြေခံကာ စိုက်ပျိုးမည့်သီးနှံ၊ အပင်၏ အာဟာရလိုအပ်ချက်များကို မြေထဲတွင်ညီမျှခြေဒ္ဒရှိနေစေရန်၊ သီးနှံစိုက်ပျိုးမည့်စိုက်ခင်းမြေ၏ အပင်အာဟာရဓာတ်များ တည်ရှိနေမှုကို ဓာတ်ခွဲစမ်းသပ်ပြီးမှ စိုက်ပျိုးမည့် သီးနှံပင်နှင့် ကိုက်ညီမှုရှိသော၊ လိုအပ်မှုရှိနေနိုင်သော အာဟာရဓာတ်အခြေအနေများကို စိစစ်တွက်ချက်၍ ဖြည့်ပေးခြင်းဖြင့် မြေတွင်းအပင်အာဟာရညီမျှခြေကို ထိန်းညှိပေးသင့်သည်။ မြေတွင်းတွင် အာဟာရဓာတ်ညီမျှခြေတန်ဖိုးသည် ဒေသအလိုက်၊ သီးနှံစိုက်ပျိုးမှုပုံစံအရ နှစ်စဉ် သီးနှံစိုက်ပျိုးခဲ့မှုအခြေအနေများဖြစ်သော သီးနှံတစ်မျိုးတည်းကို စဉ်ဆက်မပြတ်စိုက်ပျိုးခြင်း၊ ပဲသီးနှံ အလှည့်ကျထည့်သွင်းစိုက်ပျိုးပေးခြင်း၊ သီးထပ်သီးလှည့်စိုက်ပျိုးပေးခြင်း စသောစိုက်ခင်းမြေအတွင်း အာဟာရထိန်းညှိမှုရှိစေရေးအတွက် စိုက်ပျိုးသူ၏ မြေဆီလွှာထိန်းသိမ်းရေးဆောင်ရွက်မှုအလေ့အကျင့်များအရ အမျိုးမျိုးကွဲပြားသွားနိုင်သည်။

သီးနှံစိုက်ပျိုးမှုများတွင် မြေဆီလွှာကို ဂရုတစိုက်ပြုပြင်ပေးမှု၊ မြေတွင်းအာဟာရတည်ရှိမှုကို အလေးထားမှုမရှိကြလျှင် အချိန်ကာလပြောင်းလဲလာသည်နှင့်အမျှ မြေဆီလွှာ၏ အပင်အာဟာရညီမျှခြေမှာ အနုတ်ဘက်သို့ ပိုမိုအလေးသာလာနိုင်သည်။ ထို့ပြင် မြေဆီလွှာအာဟာရဖြည့်တင်းပေးမှုကို ဂရုမစိုက်ဘဲ မြေရေိယာတစ်ခုတည်း၌ တစ်နှစ်ထဲတွင် ရာသီဆက်တိုက်သီးနှံများစိုက်ပျိုးခြင်းကြောင့် သီးနှံစိုက်စွမ်းအားမြင့်မားလာလေ မြေထဲရှိ အပင်အာဟာရညီမျှခြေအနုတ်ဖြစ်မှု တိုးတိုးလာလေပင်ဖြစ်သည်။ တစ်ဖက်တစ်လမ်းမှနေ၍ သီးနှံစိုက်ပျိုးသလောက် ဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာနှင့် တိရစ္ဆာန်အညစ်အကြေးများထည့်ပေးခြင်းဖြင့် မြေတွင်းအာဟာရဓာတ်မညီမျှမှုဖြစ်ခြင်းကို လျော့ချပေးစေနိုင်ပြီး ထိုလျော့ချနိုင်မှုပမာဏမှာ အသုံးပြုသည့် သဘာဝမြေသြဇာပုံစံနှင့် အသုံးပြုသည့်ဓာတ်မြေသြဇာ၊ ဇီဝမြေသြဇာများ၏ အမျိုးအစားများပေါ်တွင် မူတည်သည်။ သီးနှံအကြွင်းအကျန်များကို ဖယ်ရှား၍ သဘာဝမြေသြဇာအဖြစ်ဆွေးမြည့်စေပြီး စိုက်ခင်းမြေထဲသို့ပြန်လည်ထည့်သွင်းစေရာတွင် အာဟာရဆုံးရှုံးမှုကို အကာအကွယ်ရစေသည့်အပြင် ပိုတက်စီယမ်အာဟာရဓာတ်ညီမျှခြေကို အထူးထိန်းသိမ်းပေးရာဖြစ်စေသည်။ ပဲမျိုးဝင်သီးနှံများကိုထည့်၍ စိုက်ပျိုးစေခြင်းဖြင့် အာဟာရမညီမျှမှုကို လျော့ကျစေပြီး မြေဆီလွှာပျက်စီးမှုကိုလည်း ကာကွယ်ပေးနိုင်သည်။ သီးလှည့်စိုက်ပျိုးခြင်းတွင်လည်း ပဲမျိုးဝင်သီးနှံများကို အလှည့်ကျထည့်စိုက်ပေးခြင်းပြုလုပ်သင့်သည်။

သို့သော်လည်း အပင်အာဟာရဓာတ် ညီမျှခြေတန်ဖိုးကိုသတ်မှတ်ရာတွင် မြေဆီလွှာအတွင်း အပင်မှစားသုံးနိုင်မည့် အာဟာရဓာတ်ပါဝင်မှုအဆင့်ကို အခြေခံ၍ပြောဆိုကြသည်။ ဤသည်မှာ မြေဆီလွှာအတွင်း အာဟာရပါဝင်မှုအဆင့်သည် ရေရှည်တွင် အရေးကြီးလိုအပ်လာနိုင်မှုကို အခြေခံထားသည်။ အနည်းငယ်မျှသော အာဟာရဆုံးရှုံးမှုသည်ပင် ဓာတ်မြေသြဇာဖြင့် ဖြည့်ဆည်းပေးခြင်းပြုလုပ်နိုင်သော်လည်း အာဟာရဓာတ်ညီမျှခြေဖြစ်စေရန် ခဲယဉ်းသည်။ အပင်အတွက်အတော်အသင့်အာဟာရဓာတ်လိုအပ်ချက်ကို သဘာဝမြေသြဇာအဖြစ် အထူးသဖြင့် နွားချေး၊ ကြက်ချေးဆွေး၊ အမှိုက်သရိုက်နှင့် လူတို့၏စွန့်ပစ်ပစ္စည်းများကို ထည့်၍အသုံးပြုနိုင်သည်။ ထို့ကြောင့် မိမိစိုက်ပျိုးခင်း၏ မြေအခြေအနေ၊ အာဟာရဓာတ်ပါဝင်မှုအဆင့်တို့ကို အနီးစပ်ဆုံးသိရှိရန် မြေနမူနာစစ်ဆေးချက်ကို စနစ်တကျဆောင်ရွက်သင့်သည်။ မြေဆီလွှာစစ်ဆေးရန်အတွက် နမူနာယူသည့်မြေသည် စမ်းသပ်လိုသောမြေနေရာကို ကိုယ်စားပြုရန်အထူးလိုအပ်သည်။ မြေနမူနာယူရာတွင် မြေသားအထူ၊ မြေသားအနုအကြမ်း၊ မြေသားအရောင်၊ စိုက်ပျိုးသည့်သီးနှံကို ထည့်သွင်းစဉ်းစားရမည်။ မိမိစိုက်ပျိုးသည့်မြေကို ကောင်းမွန်သောမြေဖြစ်စေရန်လည်း ဆောင်ရွက်ပေးသင့်သည်။

**ကောင်းမွန်သောမြေ**

ကောင်းမွန်သောမြေဆိုသည်မှာ သတ္တုဓာတ်၊ ကျောက်တုံး၊ ရေ၊ လေ၊ မြေဆွေးဓာတ်များ၊ အနုဇီဝသက်ရှိများဖြစ်သော ဗက်တီးရီးယား၊ မှို၊ ပရိုတိုဇိုးဝါး၊ အင်းဆက်ပိုးများနှင့် တီကောင်များ ပေါင်းစပ်ပါဝင်နေသည်။ ထိုကွန်ရက်သည် မြေကြီး၏ မြေသြဇာထက်သန်မှုကို ကြာရှည်စွာထိန်းထားနိုင်သည်။ အပင်များရှင်သန်ကြီးထွားရန်အတွက် အများလိုအာဟာရဓာတ်များနှင့် အနည်းလိုအာဟာရဓာတ်များ လိုအပ်သည်။ အပင်၏ အာဟာရဓာတ်များကို မြေတွင်းမှ အပင်အမြစ်ဆီသို့ ရွှေ့လျားစုပ်ယူနိုင်ပြီး ရှင်သန်ကြီးထွားစေသည်။ အပင်အတွက် လိုအပ်သော အာဟာရဓာတ်ပါဝင်မှု ညီညွတ်မျှတနေပြီး အမြစ်ကောင်းစွာထိုးဝင်ရှင်သန်စေရန် သင့်တင့်မျှတသောပတ်ဝန်းကျင်အခြေအနေဖြင့် ပြည့်စုံနေသောမြေသည် ကောင်းမွန်သောမြေပင်ဖြစ်သည်။ အပင်အတွက်လိုအပ်သည့် အာဟာရဓာတ်များညီမျှခြေတွင်ရှိနေစေရန်လည်း အရေးကြီးလိုအပ်သည်။

ထို့ကြောင့် သီးနှံစိုက်ပျိုးရေးတွင် ပန်းတိုင်အထွက်နှုန်းရရှိကြစေရန်အတွက် မြေဆီအာဟာရပြည့်ဝစွာရရှိကြစေရန် ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာများကို အချိုးကျချိန်ဆထည့်ပေးကြရန် တိုက်တွန်းအပ်ပါသည်။

**မှုမှု(မလှိုင်)**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျိုးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ဂျမေကာနိုင်ငံတွင် ပြင်းထန်စွာဝင်ရောက်တိုက်ခတ်ခဲ့သော မလီဆာဟာရီကိန်းမုန်တိုင်း ကျူးဘားနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်သဖြင့် အရေးပေါ်အခြေအနေကြေညာ



**ဟာဗားနား အောက်တိုဘာ ၂၉**

ဂျမေကာနိုင်ငံတွင် ပြင်းထန်စွာ ဝင်ရောက်တိုက်ခတ်ခဲ့သော မလီဆာ ဟာရီကိန်းမုန်တိုင်း ကျူးဘားနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်သဖြင့် ကျူးဘားအာဏာပိုင်များက အရေးပေါ်အခြေအနေ ကြေညာခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဟာရီကိန်းမုန်တိုင်း မလီဆာသည် အောက်တိုဘာ ၂၈ ရက်က အင်အားပြင်းမုန်တိုင်း အဆင့် (၄) အနေဖြင့် ဂျမေကာနိုင်ငံ၏ အနောက်တောင်ဘက် ကမ်းရိုးတန်းသို့ ဝင်ရောက်တိုက်ခတ်မှုကြောင့် အနည်းဆုံး လူ ခုနစ်ဦး သေဆုံးခဲ့ကြောင်း၊ ထို့နောက် မလီဆာမုန်တိုင်းသည် အင်အားပြင်းမုန်တိုင်း အဆင့် (၄) အနေဖြင့် ကျူးဘားနိုင်ငံသို့ ဦးတည်သွားနေသဖြင့် အရေးပေါ်အခြေအနေကြေညာကာ သတိပေးထားသည်။

အဆိုပါ သတိပေးချက်အရ မလီဆာမုန်တိုင်းသည် ကျူးဘားနိုင်ငံဘက်ကို ဦးတည်သွားနေပြီး ယနေ့ညနေတွင် နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ Santiago de Cuba ကို ဝင်ရောက်နိုင်ကာ မုန်တိုင်းတိုက်ခတ်စဉ် လေတိုက်နှုန်းသည် တစ်နာရီလျှင် ၁၄၅ မိုင်ထိ ရှိနိုင်သဖြင့် ကျူးဘားအာဏာပိုင်များကလည်း ဒေသခံ ငါးသိန်းခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးပြီး ဘဟားမားစ်ကျွန်းစု တောင်ပိုင်းဒေသများတွင် နေထိုင်သူများကိုလည်း ရွှေ့ပြောင်းရန် အမိန့်ထုတ်ထားကြောင်း သိရသည်။

ယခုအခါ ရာသီဥတုကျွမ်းကျင်သူများ၏အဆိုအရ မလီဆာမုန်တိုင်းသည် အတ္တလန္တိတ်သမုဒ္ဒရာတွင် မှတ်တမ်းတင်ထားသည့် အင်အားအပြင်းထန်ဆုံး ဟာရီကိန်းများထဲမှ တစ်ခုအဖြစ် သတ်မှတ်ထားပြီး မုန်တိုင်းတိုက်ခတ်စဉ် ကျူးဘားရှိ ဒေသတချို့တွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြေပြိုခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပွားနိုင်ကြောင်း ကျွန်းအာဏာပိုင်များက သတိပေးထားသည်။

Ref : Sputnik News

Trs : KZ

# ဆင်ဒါဂီနယ်မြေတွင် ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်ခဲ့ပြီး အဆောက်အအုံများပျက်စီးကာ ဒေသခံ ၂၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့

**အင်ကာရာ အောက်တိုဘာ ၂၉**

တူရကီယဲနိုင်ငံ ဆင်ဒါဂီနယ်မြေတွင် အောက်တိုဘာ ၂၈ ရက်က ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်ခဲ့ပြီး အဆောက်အအုံများ ပျက်စီးကာ ဒေသခံ ၂၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း Disaster and Emergency Management က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံများ ပျက်စီးခဲ့ပြီး ဒေသခံတချို့ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးကုသမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း Disaster and Emergency Management က ထုတ်ပြန်သွားခဲ့သည်။

"အောက်တိုဘာ ၂၈ ရက်မှာ ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူရှိတဲ့ မြေငလျင် လှုပ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၆ ယောက် ရှိခဲ့ပါတယ်။ အဆောက်အအုံတွေ ပျက်စီးသွားခဲ့ပြီးတော့ ပျက်စီးခဲ့တဲ့ အဆောက်အအုံမှာနေတဲ့ ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူတွေကိုလဲ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပြုလုပ်ပေးနေပါတယ်။ မြေငလျင်ကြောင့် လျှပ်စစ်ဓာတ်အားပေး စနစ်တချို့ ပျက်စီးခဲ့ပါတယ်။ လိုအပ်တဲ့



စစ်ဆေးမှုတွေ ပြုလုပ်ပြီးမှပဲ လျှပ်စစ်မီးတွေကို ပုံမှန်အတိုင်း လည်ပတ်သွားမှာ ဖြစ်ပါတယ်"ဟု Disaster and Emergency Management မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# သြစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ် မြောက်ဘက်ပိုင်း တောမီးလောင်ကျွမ်းမှုကို အရေးပေါ်အဆင့်မှ လျှော့ချသတ်မှတ်

**ကင်ဘာရာ အောက်တိုဘာ ၂၉**

သြစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ် မြောက်ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုကိုထိန်းချုပ်နိုင်ခဲ့ပြီး အရေးပေါ်အဆင့်မှ လျှော့ချသတ်မှတ်လိုက်ကြောင်း NSW Rural Fire Service (RFS) က ထုတ်ပြန်ခဲ့သည်ဟု အောက်တိုဘာ ၂၈ ရက် သတင်းများအရ သိရသည်။

အဆိုပါတောမီးသည် အောက်တိုဘာလ ပထမပတ်မှ စတင်လောင်ကျွမ်းခဲ့ပြီး တောမီးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ခဲ့ရကာ တောမီးကို ထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် အင်အား အမြောက်အမြားဖြင့် ငြိမ်းသတ်ခဲ့ပြီး လေကြောင်းအကူအညီကိုပါ ရယူငြိမ်းသတ်ခဲ့ရကြောင်း၊ အောက်တိုဘာ ၂၇ ရက်မှ တောမီးကို စတင်ထိန်းချုပ်နိုင်ခဲ့ပြီး အောက်တိုဘာ ၂၈ ရက်မှစတင်၍ အရေးပေါ်အခြေအနေမှ လျှော့ချသတ်မှတ်လိုက်ကြောင်း သိရသည်။

" တောမီးအန္တရာယ် အရေးပေါ်အခြေအနေသတ်မှတ်ထားရာကနေ အောက်တိုဘာ ၂၈ ရက်ကနေ စတင်ပြီးတော့ အဆင့်သတ်မှတ်ချက် လျှော့ချလိုက်ပြီ ဖြစ်ပါတယ်။ ဒီနှစ်အတွင်း နယူးဆောက်ဝေးပြည်နယ်မှာ တောမီးလောင်ကျွမ်းတဲ့ အကြိမ်ရေက အရင်နှစ်တွေကထက် ပိုပြီးတော့ အကြိမ်ရေများပြားခဲ့ပါတယ်"ဟု NSW Rural Fire Service (RFS) မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

တောမီး စတင်ထိန်းချုပ်နိုင်မှုအပေါ် Watch and Act အဖွဲ့အစည်းကလည်း စောင့်ကြည့်နေပြီး တောမီးအခြေအနေကိုလည်း မိုဘိုင်းဖုန်းဖြင့် အသုံးပြုရသည့် App များမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# အိန္ဒိယနိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်း မွန်ထာ အားကောင်းလာမှုကြောင့် လူဦးရေ ၅၀၀၀၀ ခန့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရ

**နယူးဒေလီ အောက်တိုဘာ ၂၉**

အိန္ဒိယနိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်းမွန်ထာ အားကောင်းလာမှုကြောင့် လူဦးရေ ၅၀၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း အိန္ဒိယနိုင်ငံ မိုးလေဝသဌာန (IMD)က အောက်တိုဘာ ၂၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အိန္ဒိယနိုင်ငံနှင့် ထိစပ်နေသော ဘင်္ဂလားပင်လယ်အော်တွင် မွန်ထာ ဆိုင်ကလုန်းမုန်တိုင်းသည် ပိုမို အားကောင်းလာသဖြင့် အောက်တိုဘာ ၂၇ ရက်ကတည်းက လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုများဖြစ်ပေါ်နေကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

IMD က ဆိုင်ကလုန်းမုန်တိုင်းမွန်ထာသည် အောက်တိုဘာ ၂၈ ရက်တွင် အန်ဒရာပရာဒေ့ရှ်ပြည်နယ် ကမ်းရိုးတန်းကိုဝင်ရောက်ပြီး ပိုမို အားကောင်းလာကြောင်း၊ ထို့ပြင် အာဏာပိုင်များက မုန်တိုင်းဝင်ရောက်နိုင်သည့် တောင်ပိုင်း အန်ဒရာပရာဒေ့ရှ်နှင့် အရှေ့ပိုင်း အိုဒီရှာပြည်နယ်တို့ရှိ ကျောင်းနှင့် ကောလိပ်များကို ပိတ်ထားပြီး ဝန်ထမ်းများကိုလည်း အရေးပေါ်ကြိုတင် တပ်ဖြန့်ထားကြောင်း သိရသည်။

"မုန်တိုင်းဝင်ရောက်နိုင်တဲ့ ကမ်းရိုးတန်းဒေသက ဒေသခံတွေကို အောက်တိုဘာ ၂၇ ရက်ကတည်းက ဘေးလွတ်ရာကို ရွှေ့ပြောင်းပေးနေပါပြီ" ဟု အန်ဒရာပရာဒေ့ရှ်ပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လက်ရှိတွင် အစိုးရက ထုတ်ပြန်ထားသည့် အစီရင်ခံစာအရ အန်ဒရာပရာဒေ့ရှ် ပြည်နယ်ရှိ မြေနိမ့်ဒေသများ၌ နေထိုင်သူ မိသားစုပေါင်း ၃ ဒသမ ၉ မီလီယံခန့်သည် မုန်တိုင်းဒဏ်ကို ထိခိုက်ခံစားရနိုင်ခြေရှိကြောင်း၊ မွန်ထာဝင်ရောက်တိုက်ခတ်စဉ် လေတိုက်နှုန်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၄၀ ထိ ရှိနိုင်ကြောင်း၊ မုန်တိုင်းအရှိန်ကြောင့် အန်ဒရာပရာဒေ့ရှ်နှင့် အိုဒီရှာရှိ ကမ်းရိုးတန်းဒေသများ၊ တမီးလ်နာဒူးပြည်နယ်တို့တွင် လေပြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုများ ဖြစ်လာနိုင်သဖြင့် အာဏာပိုင်များက ပြည်သူများကို သတိပြုနေထိုင်ကြရန် တိုက်တွန်းထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အင်ဒိုနီးရှားနိုင်ငံ လေထုညစ်ညမ်းမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကို ပြန်လည်ဖြည့်စွက်ရေးသားမည်

**ဂျကာတာ အောက်တိုဘာ ၂၉**

အင်ဒိုနီးရှားနိုင်ငံတွင် လေထုညစ်ညမ်းမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေနှင့်ပတ်သက်ပြီး လိုအပ်ချက်များရှိနေသည့်အတွက် ပြန်လည်ဖြည့်စွက် ရေးသားသွားမည်ဖြစ်ကြောင်း Environmental Agency (EA) က ထုတ်ပြန်ခဲ့သည်ဟု အောက်တိုဘာ ၂၈ ရက် သတင်းများအရ သိရသည်။

ဂျကာတာမြို့တွင် လေထုညစ်ညမ်းမှုနှုန်းမြင့်မားနေပြီး လေထုညစ်ညမ်းမှုပြဿနာကို လျှော့ချနိုင်ရေးအတွက် ဥပဒေစိုးမိုးမှုရှိရန် လိုအပ်သကဲ့သို့ အဆိုပါဥပဒေသည်လည်း ပြည့်စုံသည့် ဥပဒေတစ်ရပ်ဖြစ်ရန်လိုအပ်ကြောင်း၊ သန့်ရှင်းသည့် လေထုပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရေးကို ပြည်သူများကလည်း လိုလားနေကြောင်း၊ EA က ထုတ်ပြန်ခဲ့သည်။

"အင်ဒိုနီးရှားနိုင်ငံအတွင်း လေထုညစ်ညမ်းမှုတွေ ဖြစ်ပေါ်နေတဲ့ နေရာများပါတယ်။ အထူးသဖြင့် ဂျကာတာမြို့မှာ လေထုညစ်ညမ်းမှုအခြေအနေက ပိုမိုဆိုးရွားနေပါတယ်။ လေထုညစ်ညမ်းမှုကို ထိန်းချုပ်နိုင်ဖို့အတွက် တရားဥပဒေစိုးမိုးမှုရှိဖို့ လိုအပ်နေပါတယ်။ ဥပဒေကလဲ ပြည့်စုံတဲ့ ဥပဒေဖြစ်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ဥပဒေကို ပြန်လည်ဖြည့်စွက်ရေးသားဖို့ လိုအပ်နေပါတယ်။ ဥပဒေနဲ့အညီ ဆောင်ရွက်ရာမှာလဲ ပွင့်လင်းမြင်သာမှုရှိဖို့နဲ့ တာဝန်ရှိသူတွေနဲ့ ပြည်သူတွေအားလုံး ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်"ဟု EA မှပြောရေးဆိုခွင့်ရှိသူ အာဆပ်က ပြောကြားခဲ့သည်။

အင်ဒိုနီးရှားအစိုးရအနေဖြင့်လည်း လေထုညစ်ညမ်းမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းကို ရှင်းလင်းပြတ်သားသည့် ညွှန်ကြားချက်များ ထုတ်ပြန်ရန် လိုအပ်နေကြောင်း EA က တိုက်တွန်းခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# Families of Office of Commander-in-Chief (Army, Navy and Air) hold Maha Communal Kathina ceremony for 2025



Senior General Min Aung Hlaing, Daw Kyu Kyu Hla and the congregation receiving the Nine Precepts from the SSMNC Chairman Sayadaw.

**Nay Pyi Taw October 29**

Families of Office of the Commander-in-Chief (Army, Navy and Air) held the Maha Communal Kathina ceremony for 2025 this morning at Anawratha Hall of Office of the Commander-in-Chief (Army), attended by Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla, who donated kathina robes and offertories.



Senior General Min Aung Hlaing looks around the Kathina robes and offertories hung on decorated stands.

Present were 27 Sayadaws led by Chairman of State Sangha Maha Nayaka Committee Patron of Minkyaung Pahtamabyanpariyatti school in Thanlyin Sayadaw Agga Maha Pandita Agga Maha Saddhamma Jotikadhaja Dr Bhaddanta Candiama Bhivamsa, Secretary of SSMNC Patron of Masoeyein Taikthit monastery Sayadaw of Dhamma Thamaindi Pariyatti school Agga Maha Pandita Agga Maha Saddhamma Jotikadhaja Maha Dhamma Kahtika Bahujana Hitadhara Bhaddanta Vaselabhivamsa and Oavadacariya Sayadaws of Board of Trustees of Uppatasanti Pagoda. Also attended the ceremony together with the Senior General and wife were SSPC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife Daw Than Than Nwe, SSPC member Chief of General Staff (Army, Navy and Air) General Kyaw Swa Lin and wife, union level dignitaries and wives, senior military officers from the Office of the Commander-in-Chief and wives, officers, other ranks and families.

The Senior General and wife and attendees looked around the kathina robes and offertories hung on decorated stands. The Senior General paid homage and presented a meal in Emerald Bowl, flowers, water and lights to Buddha Image in the Anawrahta Hall.

According to the agenda, the congregation opened the ceremony by reciting namotassa three times and received the Nine Precepts from the SSMNC Chairman Sayadaw.

Sayadaws recited religious sermons. The Senior General and wife presented kathina robes to Sayadaw Agga Maha Pandita Bhaddanta Vimala of Yezin KanU monastery, the kathina offerings recipient monastery, in Zeyathiri Township and kathina robes and offertories



Senior General Min Aung Hlaing and Daw Kyu Kyu Hla offer Kathina robes and offertories to a Sayadaw.

to the SSMNC Chairman Sayadaw.

The Vice-Senior General and wife presented kathina robes and offertories to SSMNC Secretary Sayadaw.

Union level dignitaries and wives, the SSPC member and wife, and senior military officers and wives presented kathina robes and offertories to Sayadaws.

The Senior General and wife and the congregation revered the two Sayadaws of Yezin KanU monastery conducting a kathina question and answer session.

The SSMNC Secretary Sayadaw delivered a sermon and merits gained were shared.

After concluding the ceremony with the recitation of Buddha sasanam ciramtithatu three times, the Senior General and wife and the congregation offered day meal to Sayadaws led by the SSMNC Chairman Sayadaw.

The decorated stands where kathina robes and offertories were hung were conveyed from

*See Page 13*



Vice-Senior General Soe Win and Daw Than Than Nwe offer kathina robes and offertories to a Sayadaw.



Kathina robes and offertories being conveyed in a motorcade.



Kathina robes and offertories being conveyed in a motorcade.

*From Page 12*

Anawrahta Hall in the compound of the Office of the Commander-in-Chief (Army) to Uppatasanti Pagoda in a motorcade on 27 October.

The relevant departments and sections of Office of the Commander-in-Chief (Army, Navy and Air) donated 90 decorated stands with Ks-170,840,810 worth of in-kinds and Ks-125,053,450 worth of cash, totalling Ks-295,894,260 at the ceremony and transported the donations to the relevant monasteries by car. 100

# Ayeyawady Bridge (Yatanatheinkha) connecting Singu Township in Mandalay Region and Kyaukmyaung Township in Sagaing Region mined and destroyed by PDF terrorists and allied groups



Photo shows a destroyed part of Ayeyawady Bridge (Yatanatheinkha) blown up by PDF terrorists and allied groups.



Photo shows a destroyed part of Ayeyawady Bridge (Yatanatheinkha) blown up by PDF terrorists and allied groups.

**Nay Pyi Taw October 29**

PDF-named terrorists and allied groups are ruthlessly and unlawfully committing destructive acts such as mining and destroying roads and bridges used by the public, with the intent to disrupt the peace and stability of the nation and the flow of goods in the region. It has been learned that today, the terrorists viciously mined and destroyed the Ayeyawady Bridge (Yatanatheinkha), a river-crossing bridge on the Shwebo-Kyaukmyaung-Singu-Mandalay road route.

This bridge connects Singu Township in Thabeikkyin District, Mandalay Region, and Kyaukmyaung Township in Shwebo District, Sagaing Region. It is a major bridge crucial for public transportation and the flow of goods. The PDF-named terrorists and allied groups mined and destroyed this bridge at around 6:10 AM today, October 29. Due to the explosion, damage occurred between piers RP4 and RP5, which are the bridge's river piers, as well as at the RP6-A2 approach section. It has been learned that as a result of these destructive actions by the terrorists, who acted without foresight or consideration, vehicles and travelers can no longer pass through, and the flow of goods has been halted.

It is known that the Ayeyawady Bridge (Yatanatheinkha) is 2,480 feet long (reinforced concrete bridge), 25 feet wide, with 3-foot-wide pedestrian walkways on the left and right. Construction began on April 16, 2010, by Special Bridge Construction Team-14 and was completed and opened on July 24, 2013.

It has been reported that local residents have now come to understand and realize that the groups operating under the guise of regional development are, in fact, causing significant losses to the public's socio-economic life and human rights. They are vehemently condemning and denouncing the mining and destruction of the non-military target, the Ayeyawady Bridge (Yatanatheinkha). Furthermore, news has been received that the relevant authorities will carry out the necessary repair works on the bridge as quickly as possible. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## LIG Nex1 ကုမ္ပဏီက ခရုဇ်ဒုံးကျည်သုံးမျိုးကို ADEX 2025 ပြပွဲတွင် ထုတ်ဖော်ပြသခဲ့



တောင်ကိုရီးယား ကာကွယ်ရေးကုမ္ပဏီဖြစ်သော LIG Nex1 ကုမ္ပဏီသည် ADEX 2025 ပြပွဲတွင် L-MSM၊ L-MCM နှင့် SASM ဘက်စုံသုံးခရုဇ်ဒုံးကျည် အမျိုးအစားသုံးမျိုးကို ထုတ်ဖော်ပြသခဲ့ကြောင်း အောက်တိုဘာ ၂၇ ရက် Militarnyi သတင်းဌာနက ထုတ်ပြန်ထားသည်။

အဆိုပါကုမ္ပဏီသည် L-MSM၊ L-MCM နှင့် SASM ဘက်စုံသုံးခရုဇ်ဒုံးကျည်များကို ၎င်းတို့၏ ကိုယ်ပိုင်ဖွံ့ဖြိုးတိုးတက်မှုအဖြစ်သတ်မှတ်ထားပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ပြောင်းလွယ်ပြင်လွယ်စနစ်နှင့် ကွန်ရက် ချိတ်ဆက်နိုင်စွမ်းတို့ပါဝင်ပြီး ကမ္ဘာ့လက်နက်ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိကြောင်း သိရသည်။

L-MSM (Modular Smart Missile) ဒုံးကျည်သည် ဒုံးကျည်အမျိုးအစားသုံးမျိုးထဲမှ အသေးဆုံးဖြစ်ကာ ၁၁၃ ကီလိုဂရမ်ခန့်အလေးချိန်ရှိပြီး အလျားသုံးမီတာခန့်ရှိကာ ဘက်စုံသုံးဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်ဖြစ်သည်။ KF-21 တိုက်လေယာဉ်များနှင့် FA-50 လေ့ကျင့်ရေးလေယာဉ်များမှသည် ဒရုန်းများထိ မတူညီသောစနစ်အမျိုးမျိုးတို့မှ တပ်ဆင်ပစ်လွှတ်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

၎င်းဒုံးကျည်၏ ရှေ့ဆုံးအပိုင်းကို မော်ဂျူလာစနစ်ဖြင့် ပြုလုပ်ထားသောကြောင့် မတူညီသောမစ်ရှင်အမျိုးမျိုးကို လုပ်ဆောင်နိုင်သည်။ အီလက်ထရွန်နစ်စစ်ဆင်ရေးမော်ဂျူး သို့မဟုတ် ဆက်သွယ်ရေးကြားဖြတ်စနစ်တို့ကို တပ်ဆင်အသုံးပြု၍ ဒုံးကျည်များကို တစ်ချိန်တည်းလွှတ်တင်ခြင်းဖြင့် စစ်ဆင်ရေးများကို တစ်ပြိုင်နက်တည်း လုပ်ဆောင်နိုင်သည်။

LIG Nex1 ကုမ္ပဏီ၏ထုတ်ပြန်ချက်များအရ ၎င်းဒုံးကျည်၏ပျံသန်းစဉ်ကြာချိန်သည် မိနစ်၃၀ ကျော်ရှိပြီး ပစ်ခတ်နိုင်သည့်အကွာအဝေးသည် ကီလိုမီတာ ၃၀၀ မှ ကီလိုမီတာ ၅၀၀ အတွင်း ပျံသန်းနိုင်ကြောင်း ခန့်မှန်းထားရှိပြီး လမ်းညွှန်မှုစနစ်ကို IIR (Imaging Infrared) ဦးတည်ချက်ရှာဖွေစနစ်ဖြင့် ပံ့ပိုးပေးထားသည်။ စီမံကိန်းအရ ရှေ့ပြေးပုံစံများကို ၂၀၂၆ ခုနှစ်တွင် တည်ဆောက်မည်ဖြစ်ပြီး ၂၀၂၈ ခုနှစ်တွင် မြေပြင်စမ်းသပ်မှုများ စတင်ပြုလုပ်မည်ဖြစ်သည်။

အလယ်အလတ်အရွယ်အစားရှိသော L-MCM (Multi-Purpose Cruise Missile) ဒုံးကျည်သည် ၄၅၄ ကီလိုဂရမ်အလေးချိန်ရှိပြီး မြေပြင် သို့မဟုတ် သင်္ဘောဖျက်တိုက်ခိုက်ရေးအမျိုးအစား ဒုံးကျည်ဖြစ်သည်။ ၎င်းကို ကွန်ရက်အခြေပြုစနစ်တစ်ခုအဖြစ်သတ်မှတ်ထားရှိပြီး ရှင်သန်နိုင်စွမ်းကိုမြှင့်တင်ထားကာ လှည့်ပတ်ပျံသန်းမှုများဖြင့် ကြားဖြတ်တိုက်ခိုက်ခံရခြင်းကို ရှောင်ရှားနိုင်စွမ်းရှိသည်။ လမ်းညွှန်မှုစနစ်အတွက် IIR နှင့် CMOS ရုပ်ပုံအာရုံခံကိရိယာများ ပေါင်းစပ်ထားသည်။ အဆိုပါဒုံးကျည်၏ထိပ်ဖူးသည် ထိုးဖောက်နိုင်စွမ်းရှိပြီး ဖောက်ခွဲပစ်နိုင်သောစွမ်းအားမြင့်ဒုံးကျည်ထိပ်ဖူးဖြစ်သည်။

LIG Nex1 ကုမ္ပဏီ၏ထုတ်ပြန်ချက်အရ L-MCM ဒုံးကျည်၏မြေပြင်စမ်းသပ်ပစ်လွှတ်မှုများကို ၂၀၂၉ ခုနှစ်ထိ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပြီး လေကြောင်းစမ်းသပ်မှုများကိုလည်း ဆက်လက်ပြုလုပ်ရန်စီစဉ်ထားရှိသည်။

တတိယမြောက်နှင့် အကြီးဆုံးဒုံးကျည်မျိုးကွဲမှာ SASM ဟုခေါ်ဆိုသည့် အသံထက်မြန်သော ဝေဟင်မှ မြေပြင်ပစ်ဒုံးကျည်များဖြစ်သည်။ LIG Nex1 ကုမ္ပဏီက SASM ဒုံးကျည်များကို သင်္ဘောဖျက်မစ်ရှင်များအတွက် ဒီဇိုင်းထုတ်ထားသည့် ဘက်စုံသုံး အသံထက်မြန်သောစနစ်အဖြစ် ထုတ်လုပ်ထားခြင်းဖြစ်ပြီး မြေပြင်ပစ်မှတ်များကိုလည်း တိုက်ခိုက်နိုင်စွမ်းရှိကြောင်း၊ တောင်ကိုရီးယားနိုင်ငံသည် အပေ့ါစား FA-50 တိုက်လေယာဉ်များအတွက် ခရုဇ်ဒုံးကျည်သစ်ကို စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Cruise Missile Arsenal: South Korea’s LIG Nex1 Demonstrates new Line of Cruise Missiles at ADEX ကို ဘာသာပြန်ဆိုတင်ပြထားပါသည်။**

## ယူကရိန်းနှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံတို့က Octopus-100 ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများစွာကို ပူးပေါင်းထုတ်လုပ်မည်

ယူကရိန်းနှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံတို့သည် Octopus-100 ကြားဖြတ်တိုက်ခိုက်ရေးဒရုန်း ထောင်ပေါင်းများစွာကို ပူးပေါင်းထုတ်လုပ်သွားမည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤသည်မှာ ယူကရိန်းနိုင်ငံထုတ်ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းတစ်မျိုးကို NATO အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံတွင် ပထမဆုံးအကြိမ် ထုတ်လုပ်ခြင်းလည်းဖြစ်သည်။ ယူကရိန်းတွင် တီထွင်ထုတ်လုပ်ထားသော Octopus-100 တိုက်ခိုက်ရေးဒရုန်းသည် ရန်သူ့မောင်းသူမဲ့လေယာဉ်များကို ဝေဟင်တွင် ထောက်လှမ်း၍ ဖျက်ဆီးရန် ဒီဇိုင်းထုတ်ထားသည့် အလိုအလျောက်လုပ်ဆောင်နိုင်သည့် ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းဖြစ်ပြီး ၎င်းသည် Onboard Sensor များနှင့် အဆင့်မြင့်ပစ်မှတ်ရှာဖွေရေးစနစ်များကို အသုံးပြုကာ တိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်သည်။

၎င်းဒရုန်းကို နိုင်ငံရပ်ခြားတွင် ထုတ်လုပ်ခြင်းသည် မဟာမိတ်နိုင်ငံရှိ စက်မှုလုပ်ငန်းများမှတစ်ဆင့် ခိုင်မာအားကောင်းသော ကာကွယ်ရေးထောက်ပံ့ရေးကွင်းဆက်ကိုတည်ဆောက်ရန်ဦးတည်လာသည့် ကြိုးပမ်းအားထုတ်မှုကို မီးမောင်းထိုးပြနေပြီး ရှေ့တန်းတပ်ဖွဲ့များထံသို့ တိုက်ခိုက်ရေးဒရုန်းများ ပိုမိုလျင်မြန်စွာဖြည့်ဆည်းပေးနိုင်ရန် သေချာစေမည်ဖြစ်သည်။

ဤသဘောတူညီချက်သည် ယူကရိန်းနိုင်ငံက တီထွင်ထားသော ကာကွယ်ရေးစနစ်များအတွက် ယူနိုက်တက်ကင်းဒမ်းနိုင်ငံသည် ထုတ်လုပ်ရေးနှင့် စမ်းသပ်ရေးဗဟိုဌာနအဖြစ် ဆောင်ရွက်ပေးမည့် အဓိကအခန်းကဏ္ဍ ပိုမိုကြီးထွားလာနေသည်ကိုလည်း ပြသနေပြီး ထိုသို့သောလုပ်ရပ်သည် အခြား NATO အဖွဲ့ဝင်နိုင်ငံများအတွက်လည်း စံနမူနာပြဖြစ်လာနိုင်ကြောင်း သိရသည်။

မည်သို့ပင်ဖြစ်စေကာမူ နှစ်နိုင်ငံသဘောတူစာချုပ်သည် ယူကရိန်းတပ်ဖွဲ့များထံ ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများ ပေးပို့ခြင်းကို အရှိန်မြှင့်တင်ရန်၊ ပြည်တွင်းထုတ်လုပ်မှုစွမ်းရည်ကို မြှင့်တင်ရန်နှင့် နှစ်နိုင်ငံကြား စက်မှုလုပ်ငန်းဆိုင်ရာ ဆက်ဆံရေးကို ခိုင်မာစေရန်ရည်ရွယ်သည့် ယူကရိန်း-ယူကေ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုအဆင့်သစ်တစ်ခု ဖော်ညွှန်းပြသနေခြင်းပင်ဖြစ်သည်။

ယူကရိန်းနိုင်ငံ၏ Octopus-100 တိုက်ခိုက်ရေးဒရုန်းများ ပူးတွဲထုတ်လုပ်ခြင်းသည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ၎င်း၏ ကာကွယ်ရေးစက်မှုလုပ်ငန်းကို ခိုင်မာအားကောင်းစေရန်အတွက် ပိုမိုကျယ်ပြန့်သည့် တွန်းအားပေးမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်အစောပိုင်းတွင် ယူကရိန်းနိုင်ငံသည် ပြင်သစ်နိုင်ငံ Delair ကုမ္ပဏီနှင့် ထောက်လှမ်းရေးဒရုန်းများ ပူးတွဲထုတ်လုပ်သွားရန် သဘောတူညီခဲ့ပြီး ဂျာမနီနိုင်ငံ၏ Rheinmetall နှင့် ယူကရိန်းတွင် သံချပ်ကာယာဉ်များအတွက် ကြံ့ခိုင်ထိန်းသိမ်းရေး ပူးတွဲဗဟိုဌာနတစ်ခုထူထောင်ရန်လည်း သဘောတူညီခဲ့ကြပြီးဖြစ်သည်။



၂၀၂၄ ခုနှစ်တွင် ယူကရိန်းနိုင်ငံသည် ဒိန်းမတ်နိုင်ငံ၏ Terma Group နှင့်လည်း ပြည်တွင်း၌ ရေဒါနှင့် လေကြောင်းရန် ကာကွယ်ရေးအစိတ်အပိုင်းများ ထုတ်လုပ်ရန်အတွက် ပူးတွဲလုပ်ငန်းတစ်ခု စတင်လုပ်ဆောင်ခဲ့သည်။ ထို့ပြင် အမေရိကန်နိုင်ငံနှင့် လက်ရှိပူးပေါင်းဆောင်ရွက်မှုများက အမေရိကန်ကာကွယ်ရေးအကူအညီအစီအစဉ်များအောက်တွင် Loitering Munition တိုက်ခိုက်ရေးဒရုန်းများနှင့် တန်ပြန် ဒရုန်းတိုက်ဖျက်ရေးစနစ်များ တပ်ဆင်ခြင်းကို အထောက်အကူပြုလျက်ရှိပြီး ယူကရိန်း၏ ရေရှည်အတွက် NATO နှင့် လိုက်ဖက်ညီသော ကာကွယ်ရေးထုတ်လုပ်မှုဆီသို့ ဦးတည်ပြောင်းလဲမှုကို အားဖြည့်ပေးလျက်ရှိသည်။ ဤအချက်အလက်များအရ ယူကရိန်းနိုင်ငံသည် လက်ရှိ ပဋိပက္ခလိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် ရေရှည်ကာကွယ်ရေးစွမ်းရည်တည်ဆောက်ရန်အတွက် ဥရောပ၊ အမေရိကန်မဟာမိတ်များနှင့် ကာကွယ်ထုတ်လုပ်ရေးဆိုင်ရာ ဆက်ဆံမှုများ မည်သို့တည်ဆောက်နေသည်ကို ရှင်းလင်းစွာဖော်ပြနေကြောင်း သိသာထင်ရှားစွာတွေ့မြင်နိုင်မည်ဖြစ်သည်။

**Ukraine, UK to Co-Produce Octopus-100 Interceptor Drones ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၀၆၄၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၀၆၄၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၂၅၀၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၀၆၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ နှမ်းဧက ၂၅၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။ (၂၀၆)




# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကဏန်းပျော့ပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး အောက်တိုဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကဏန်းပျော့ပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူသူဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်းက ကဏန်းပျော့ပိသာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ကဏန်းပျော့ပိသာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်က အရင်ကထက်ပိုမိုဝယ်ယူခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ကဏန်းပျော့ပိသာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေထွက်ရှိတဲ့ ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူသူဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ကဏန်းပျော့တစ်ပိသာလျှင် ငွေကျပ် ၁၇၅၀၀ မှ ၃၄၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါကဏန်းများ ပိုမိုတင်ပို့ရောင်းချနေရသည့်အတွက် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# လင်းခေးမြို့နယ် နားကုန်း(လွိုင်ပုံပန့်)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး



**လင်းခေး အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားကုန်း (လွိုင်ပုံပန့်)ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်စုစုလင်း၊ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူ၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက နားကုန်း (လွိုင်ပုံပန့်) ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်းက ကုန်ထုတ်လမ်းဖောက်လုပ်ရာတွင် စံချိန်စံညွှန်း သတ်မှတ်ချက်များအတိုင်း သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နားကုန်း(လွိုင်ပုံပန့်)ကျေးရွာ၌ အရှည် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ သဲဖြုန်းခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေကျပ် ၄၇ ဒသမ ၂၉၇ သန်း အသုံးပြု၍ တင်ဒါအောင်မြင်သည့် စည်တော်ညွှန့်ကုမ္ပဏီက ယခုနှစ် ဩဂုတ်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက နားကုန်း (လွိုင်ပုံပန့်)ကျေးရွာရှိ တောင်သူများ၏ လယ်ယာထုတ်ကုန်များကို ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း လင်းခေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်းက ပြောပြ၍ သိရသည်။ **မင်းမြင့်မိုရ်**

# နတ်မောက်မြို့နယ် ဆီဆုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆီဆုံကုန်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးနှင့် ဝန်ထမ်းများက ဆီဆုံကုန်းကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်း မူဘောင်နှင့်လုပ်ငန်းစဉ်များ၊ စီမံကိန်းစက်ဝန်းကာလနှင့်အတိုးနှုန်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးပေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၂ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဆီဆုံကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦးကို ငွေကျပ် ၄၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူငါးဦးကို ငွေကျပ် ၂ ဒသမ ၉ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူငါးဦးကို ငွေကျပ် ၂ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၂ ဒသမ ၅သန်း ထုတ်ချေးပေးခဲ့ကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးထံမှ သိရသည်။

**ချိုလေး**







နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

ရှေ့ဖုံးမှအဆက်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသနှင့် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ အမှူးပြုသည့် ပင့်ဖိတ်ထားသော ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့နှင့်အတူ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး၊



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များသည် ဘုန်းတော်ကြီးကျောင်း အသီးသီးသို့လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ သောက်တော်ရေချမ်း၊ ဆီမီး၊သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အစီအစဉ်အရ မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားကို "နမောတဿ"သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကိုနာယူကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ကထိန်ခံ နေပြည်တော်ဇေယျာသီရိမြို့နယ် ရေဆင်းကန်ဦးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံ ကထိန်လျာသင်္ကန်းကိုလည်းကောင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘုန်းတော်ကြီးကျောင်း အသီးသီးသို့လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုစဉ်။



ဆရာတော်ထံ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က လှူဒါန်းသည့်ပဒေသာပင်ကို တာဝန်ရှိသူတစ်ဦးက ဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ သောက်တော်ရေချမ်း၊ ဆီမီး၊သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီးတို့ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီးတို့ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီးတို့ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များသည် ရေဆင်းကန်ဦးကျောင်းတိုက်မှ ဆရာတော်နှစ်ပါးတို့ထံမှ ကထိန်အမေးအဖြေများကို နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းကြပြီး အခမ်းအနားအပြီးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် မိသားစု မဟာဘုံကထိန်အလှူတော်အဖြစ် လှူဒါန်းထားသည့် ပဒေသာပင်များကို အောက်တိုဘာ ၂၇ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်းအတွင်းရှိ အနော်ရထာခန်းမမှ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ခဲ့သည်။

ယနေ့ကျင်းပပြုလုပ်သော ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် မိသားစုမဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားတွင် ရုံး၊ ဌာနအသီးသီးမှ ပဒေသာပင် စုစုပေါင်း ၉၀၊ ပစ္စည်းတန်ဖိုးငွေကျပ် ၁၇၀၈၄၀၈၁၀ နှင့် ငွေသားတန်ဖိုးငွေကျပ် ၁၂၅၀၅၃၄၅၀ ဖြစ်သဖြင့် စုစုပေါင်း တန်ဖိုးငွေကျပ် ၂၉၅၈၉၄၂၆၀ ကို လှူဒါန်းခဲ့ကြပြီး သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်း အသီးသီးသို့ ရုံး၊ ဌာနများအလိုက် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)





ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် မိသားစု မဟာဘုံကထိန်အလှူတော်အဖြစ် လှူဒါန်းထားသည့် ပဒေသာပင်များကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်းအတွင်းရှိ အနော်ရထာခန်းမမှ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်စဉ်။

# မြိတ်မြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မစိုးရိမ်စာသင်တိုက်ရှိ သံဃာတော်များအား ယနေ့မွန်းလွဲပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၄၂ ပါးတို့ကို အရိုးအကြောရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး မစိုးရိမ်စာသင်တိုက်ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇောဘာသအား ဖူးမြော်၍ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အထရောင်အုပ်စု မြေတိုင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၁၅ ဦးတို့ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ မဟာသီရိဝိဟာရကျောင်းတိုက်၌ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၄၇/၂၀၂၅**
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

## တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ ပုဒ်မခွဲ(ခ)အရ ကြည်း ၃၁၆၆၇ ဗိုလ်မှူးကြီးသိန်းဇော်မြင့်အား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

# ဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ" တဖြည်းဖြည်း အားလျော့သွားမည်

**နေပြည်တော် အောက်တိုဘာ ၂၉**

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေကို ကာကီနာဒါမြို့တောင်ဘက်မှ ဖြတ်ကျော်ခဲ့သော အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ"(MONTHA)သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ် ကုန်းတွင်းပိုင်းဒေသများသို့ရောက်ရှိခဲ့ကာ ဆိုင်ကလုန်းမုန်တိုင်း"မွန်ထာ"(MONTHA)အဖြစ်သို့ အားလျော့သွားခဲ့သည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း"မွန်ထာ"သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်ကာ တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရပါသည်။ **(မိုး/ဇလ)**

# စက်သုံးဆီတင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင်နှင့် အဖွဲ့အစည်းများသို့ အသိပေးကြေညာ

စွမ်းအင်ဝန်ကြီးဌာနသည် ပြည်တွင်းကထုတ်ယူရရှိသည့် ရေနံစိမ်းများကို ဌာနကြီးကြပ်မှုအောက်ရှိ ရေနံချက်စက်ရုံများတွင် ချက်လုပ်ဖြန့်ဖြူးပေးလျက်ရှိသော်လည်း ပြည်တွင်းထုတ်လုပ်မှုမှာ နိုင်ငံအတွင်း လိုအပ်ချက်၏ သုံးရာခိုင်နှုန်းခန့်သာရှိသည့်အတွက် ထပ်မံလိုအပ်သည့် စက်သုံးဆီအများစုကို နိုင်ငံခြားငွေဖြင့် ပြည်ပမှဝယ်ယူတင်သွင်းရလျက်ရှိပါသည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံအတွက်လိုအပ်သည့် စက်သုံးဆီများကို ပြည်တွင်း၌ တိုးမြှင့်ထုတ်လုပ်ပေးနိုင်ရေးအတွက် ရေနံရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ခြင်း၊ ရေနံချက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေး အစီအမံများချမှတ်၍ အပိုင်းလိုက်အကောင်အထည်ဖော်ခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့ ဆောင်ရွက်နေသည့်ကာလများအတွင်း စက်သုံးဆီများကို ပြည်ပမှ ဝယ်ယူတင်သွင်းအသုံးပြုရာ၌ အများပြည်သူသို့ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးနိုင်ရန် နိုင်ငံတော်က ရာခိုင်နှုန်းတစ်ခု စိုက်ထုတ်ကျခံ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် မြန်မာနိုင်ငံတွင်ရောင်းချလျက်ရှိသည့် စက်သုံးဆီဈေးနှုန်းများသည် ဒေသတွင်း အာဆီယံနိုင်ငံများနှင့်နှိုင်းယှဉ်ပါက အထိုက်အလျောက် သက်သာမှုရှိသည်ကို တွေ့မြင်နိုင်ပါသည်။

**အာဆီယံ ၁၀ နိုင်ငံ၏ စက်သုံးဆီဈေးနှုန်းများအခြေအနေ (၂၉-၁၀-၂၀၂၅)**

| စဉ် | နိုင်ငံအမည် | ဓာတ်ဆီ (USD/Litre) | ဓာတ်ဆီ (USD/Gallon) | ဓာတ်ဆီ (MMK/Litre) |
|---|---|---|---|---|
| ၁ | Brunei | 0.409 | 1.859 | 1662.254 |
| ၂ | Malaysia | 0.619 | 2.814 | 2515.734 |
| ၃ | Vietnam | 0.766 | 3.482 | 3113.170 |
| ၄ | Indonesia | 0.777 | 3.532 | 3157.876 |
| ၅ | Myanmar | 0.883 | 4.014 | 3588.680 |
| ၆ | Philippines | 1.014 | 4.610 | 4121.089 |
| ၇ | Cambodia | 1.118 | 5.082 | 4543.764 |
| ၈ | Thailand | 1.320 | 6.001 | 5364.731 |
| ၉ | Laos | 1.321 | 6.005 | 5368.795 |
| ၁၀ | Singapore | 2.115 | 9.615 | 8595.762 |

| စဉ် | နိုင်ငံအမည် | ဒီဇယ်ဆီ (USD/Litre) | ဒီဇယ်ဆီ (USD/Gallon) | ဒီဇယ်ဆီ (MMK/Litre) |
|---|---|---|---|---|
| ၁ | Brunei | 0.239 | 1.086 | 971.341 |
| ၂ | Vietnam | 0.686 | 3.119 | 2788.034 |
| ၃ | Malaysia | 0.689 | 3.132 | 2800.227 |
| ၄ | Myanmar | 0.786 | 3.573 | 3194.453 |
| ၅ | Indonesia | 0.860 | 3.910 | 3495.203 |
| ၆ | Laos | 0.891 | 4.050 | 3621.193 |
| ၇ | Philippines | 0.939 | 4.269 | 3816.274 |
| ၈ | Cambodia | 0.944 | 4.291 | 3836.595 |
| ၉ | Thailand | 0.961 | 4.369 | 3905.687 |
| ၁၀ | Singapore | 1.900 | 8.637 | 7721.961 |

Source: Brunei နိုင်ငံအတွက် Ministry of Foreign Affairs မှလည်းကောင်း၊ မြန်မာနိုင်ငံအပါအဝင် ကျန်နိုင်ငံများအတွက် www.globalpetrolprices.com မှလည်းကောင်း စုစည်းရယူထားပါသည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်က ပြည်သူလူထုသက်သာချောင်ချိရေးအတွက် စိုက်ထုတ်ဆောင်ရွက်ပေးမှုများကို ပြည်သူလူထုက အမှန်တကယ်အကျိုးခံစားခွင့်ရရှိစေရေး၊ ဈေးကွက်အတွင်း ဖြန့်ဖြူးလျက်ရှိသည့် စက်သုံးဆီများ၏အရည်အသွေးနှင့် အခြင်အတွယ်ပြည့်မီမှန်ကန်စေရေး၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများ အပြည့်အဝကောက်ခံရရှိရေးနှင့် နိုင်ငံတော်၏ စွမ်းအင်လုံခြုံရေး အာမခံချက်ရှိစေရေးတို့အတွက် ကြီးကြပ်ရန်တာဝန်ရှိသည့် ဝန်ကြီးဌာနတစ်ခုဖြစ်ပါသည်။

သို့ဖြစ်ရာ ရေနံထွက်ပစ္စည်းဆိုင်ရာဖြည့်ဆည်းမှုကွင်းဆက် (Petroleum Products Supply Chain)အတွင်း စက်သုံးဆီ တင်သွင်းမှု၊ သိုလှောင်မှုနှင့် သယ်ယူပို့ဆောင်မှုမှသည် End User များသို့ ဖြန့်ဖြူးမှုအခြေအနေများကို လေ့လာစောင့်ကြည့်ထိန်းသိမ်းနိုင်ရေး၊ ရေနံထွက်ပစ္စည်းများ အရည်အသွေးပြည့်မီမှန်ကန်မှုရှိ မရှိ စစ်ဆေးဆောင်ရွက်နိုင်ရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စက်သုံးဆီဖူလုံမှုရှိစေရေး သိုလှောင်ထားရှိမှု (Stockpiling) အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ (Real Time) စစ်ဆေးကြပ်မတ်ဆောင်ရွက်နိုင်ရေးအတွက် National Petroleum Laboratory & Online Monitoring Center ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ သက်ဆိုင်ရာပုဂ္ဂလိကလုပ်ငန်းရှင်နှင့် အဖွဲ့အစည်းများအတွက် အကျပ်အတည်းမဖြစ်စေရန် စီမံကိန်းကို အဆင့်လိုက်အကောင်အထည်ဖော်လိုက်ပါဆောင်ရွက်စေခြင်း၊ အချို့ကိစ္စရပ်များကို ဖြေလျှော့ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အဆိုပါ National Petroleum Laboratory & Online Monitoring Center ကို ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိရာ သတ်မှတ်ချိန်အတွင်းပြီးစီးနိုင်ရေး စက်သုံးဆီတင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင်နှင့် အဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် အသိပေးကြေညာအပ်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**

# သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)အောင်မြင်သော သစ်လွင်သူနာပြု ၁၇၄ ဦးကို ခန့်အပ်တာဝန်ပေး

**နေပြည်တော် အောက်တိုဘာ ၂၉**

ကျန်းမာရေးဝန်ကြီးဌာနက သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)အောင်မြင်သော သစ်လွင်သူနာပြုများ တာဝန်ပေးအပ်သည့် ဌာနဆိုင်ရာအမိန့်စာပေးအပ်ခြင်းကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) နေပြည်တော်တွင် ကျင်းပသည်။




ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ယခုအလုပ်ခန့်အပ်တာဝန်ပေးအပ်ခံရမည့် သူနာပြုဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံတော်တာဝန်ကို အုတ်တစ်ချပ် သဲတစ်ပွင့်ထမ်းရွက်ရာတွင် မိမိတို့ တာဝန်ကျရာနေရာ ဒေသအသီးသီးသို့ သွားရောက်၍ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှု ပေးရမည်ဖြစ်ပြီး အရည်အသွေးသာမက အရည်အချင်းပါ ပြည့်ဝရုံမျှမက မိမိတို့သူနာပြုဆရာ၊ ဆရာမများ လိုက်နာရမည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာ ကျင့်ကြံကြစေလိုကြောင်း၊ အခြေခံသူနာပြုစုမှုနှင့် သားဖွားအတတ်ပညာများကို အသုံးပြု၍ ပြည်သူများကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ပြုစုပေးနိုင်သော မှန်ကန်သည့်ခံယူချက်ရှိသည့် သူနာပြုဆရာ၊ဆရာမကောင်းများ ဖြစ်ကြစေလိုကြောင်း၊ မိမိတို့သူနာပြုအသက်မွေးဝမ်းကျောင်းလုပ်ငန်း တာဝန်များနှင့်အညီ ဂုဏ်သိက္ခာရှိရှိ၊ တင့်တင့်တယ်တယ်၊ စည်းကမ်းရှိရှိပြုမူနေထိုင်စေလိုပါကြောင်း၊ ပြည်သူလူထုနှင့်ဆက်ဆံရာတွင် ဖော်ရွေစွာ ပြောဆိုဆက်ဆံကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သူနာပြုတက္ကသိုလ်(ရန်ကုန်)မှ သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) အောင်မြင်သူ ၈၄ ဦးနှင့် သူနာပြုတက္ကသိုလ်(မန္တလေး)မှ သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)အောင်မြင်သူဦးရေ ၉၀ စုစုပေါင်း ၁၇၄ ဦးကိုယ်စား သစ်လွင်သူနာပြုနှစ်ဦးကို ခန့်အပ်တာဝန်ပေးအပ်သည့် ဌာနဆိုင်ရာအမိန့်စာများ ပေးအပ်ပြီး သစ်လွင်သူနာပြုတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ တာဝန်ပေးအပ်သည့်ဌာနဆိုင်ရာအမိန့်စာပေးအပ်ပွဲအပြီး သစ်လွင်သူနာပြုများကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက သစ်လွင်သူနာပြုများနှင့်အတူ လန်းဆန်းစာများကို ရင်းနှီးချစ်ခင်စွာ အတူတကွ သုံးဆောင်ကြသည်။

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ၊ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလနှင့် မေလတို့တွင် သူနာပြု ၃,၂၈၇ ဦးတို့ကို သစ်လွင်သူနာပြုများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တောင်ကြီးမြို့၌ ၂၀၂၅ ခုနှစ် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ဖွင့်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**တောင်ကြီး အောက်တိုဘာ ၂၉**

မြူနှင်းများဖုံးလွှမ်းပြီး မှိုင်းညို့သည့် တောင်တန်းများနှင့်အတူ အေးချမ်းသာယာသည့် ရာသီဥတုနှင့်အညီ မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်ဆိုသည့်အတိုင်း ၂၀၂၅ ခုနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီခွဲက တောင်ကြီးမြို့အဝေရာမီးပုံးပျံကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူတို့က စူဠာမုနိလောကချမ်းသာဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီးဆက်ကပ်ပူဇော်ကြပြီး စိန်နားပန်မီးပုံးပျံတစ်လုံး လွှတ်တင်ပူဇော်ခဲ့ကြကြောင်း သိရသည်။

ထိုမှတစ်ဆင့် အဝေရာမီးပုံးပျံကွင်းတွင် ဒေသခံအဆိုတော်များက ခေတ်ပေါ်တေးဂီတတီးဝိုင်းဖြင့် ရှမ်းရိုးမကအိုးစည်သံ၊မြေပြန့်သူလေးနောင်းပိန်နောင်း၊ရိုးရာမပျက်တဲ့မြေသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ၂၀၂၅ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ကျင်းပရေးကော်မတီနာယက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်နိုင်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ထို့နောက် တောင်ကြီးမြို့တန်ဆောင်တိုင်ပွဲတော်ကျင်းပရေးကော်မတီနာယက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က တောင်ကြီးမြို့တန်ဆောင်တိုင်ပွဲတော်ကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်ထိ ရှစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီးပွဲတော်ကာလအတွင်း မြို့လုံးကျွတ်ဘုံကထိန်ပဒေသာပင်လှည့်လည်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ မီးပဒေသာပင်လှည့်လည်ပူဇော်ပွဲ၊ နေ့လွှတ်မီးပုံးပျံ ၂၅၈ လုံး၊ ညလွှတ်မီးပုံးပျံညမီးကြီး ၄၃ လုံး၊ စိန်နားပန်မီးပုံးပျံ ၃၇ လုံး မီးပုံးပျံပြိုင်ပွဲများကို ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်၏ အထင်ကရတောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကြီးတွင် တိုင်းရင်းသားလူမျိုးစုအားလုံး၏ စည်းလုံးညီညွတ်မှုကို အခြေခံသည့် ပွဲတော်ကြီးတစ်ခုဖြစ်ကြောင်း၊ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကြီးကို တိုင်းရင်းသားလူမျိုးစုညီအစ်ကိုမောင်နှမများအားလုံး စည်းကမ်းတကျနှင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆင်နွှဲကြခြင်းဖြင့် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာအမွေအနှစ်များကို ရေရှည်တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းပြောကြားသည်။





၎င်းနောက် တောင်ကြီးမြို့တန်ဆောင်တိုင်ပွဲတော်ကျင်းပရေးကော်မတီနာယက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က တန်ဆောင်တိုင်ပွဲတော်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စိန်နားပန်မီးပုံးပျံ တစ်လုံး လွှတ်တင်ပေးကာ တိုင်းရင်းသား၊ တိုင်းရင်းသူများက မီးပုံးပျံအလတ် အလုံး ၅၀၊ ကျောင်းသား၊ ကျောင်းသူဦးရေ ၉၀၀ က မီးပုံးပျံအသေး ၃၀၀ လွှတ်တင်ပေးကာ မီးရှူးမီးပန်းပစ်ဖောက်ပေးကြပြီး အဆိုတော် ဟိန်းကိုနှင့် အာကာဟိန်းတို့က “လှမ်းခဲ့ပါ ချယ်ရီမြေနှင့် မင်္ဂလာပါ မိုင်ဆုန်ခ”သီချင်းဖြင့်ဖျော်ဖြေ၍ တိုင်းသားယဉ်ကျေးမှုအကအဖွဲ့နှင့် ပညာရေးဒီဂရီကောလိပ်အကအဖွဲ့တို့က တူညီအကဖြင့် တင်ဆက်ဖျော်ဖြေပေးကြပြီး ခေတ်ပေါ်တေးဂီတတီးဝိုင်းဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

အဆိုပါ ၂၀၂၅ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် ညမီးကြီး ၂၂ ပေ ၂၅ လုံး၊ ၂၅ ပေ ၁၈ လုံး၊ စိန်နားပန် ၁၈ ပေ ၃၇လုံး စုစုပေါင်း အလုံး ၈၀၊ နေ့လွှတ်အရုပ်မီးပုံးပျံအရုပ်ခြေနှစ်ချောင်း ၁၉၃ လုံး၊ အရုပ်ခြေလေးချောင်း ၉၃ လုံး၊ အရုပ်အုပ်စု ၇၅ လုံး စုစုပေါင်း ၃၆၁ လုံး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ညလွှတ်မီးပုံးပျံကို နေ့ရက်အလိုက် ည ၆ နာရီမှ ပွဲစဉ်ပြီးဆုံးသည်ထိ လွှတ်တင်သွားမည်ဖြစ်ပြီး နေ့လွှတ်အရုပ်ပြိုင်ပွဲကို မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီထိ နေ့ရက်အလိုက် လွှတ်တင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၂၉

ဒီမိုကရေစီပါတီသစ်(ကချင်) ပါတီအတွင်းရေးမှူး ဦးခေါတိန့်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာလ ၂၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



ဦးခေါတိန့် (အတွင်းရေးမှူး၊ ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ)

ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား ပြည်သူလူထု မဲဆန္ဒရှင်များ အားလုံး မင်္ဂလာပါခင်ဗျ။ ကျွန်တော်ကတော့ ဒီမိုကရေစီပါတီသစ်(ကချင်) ပါတီအတွင်းရေးမှူး ဦးခေါတိန့် ဖြစ်ပါတယ်ခင်ဗျ။ ကျွန်တော်တို့ ဒီမိုကရေစီပါတီသစ်(ကချင်) ပါတီသည် ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်လျက်ရှိသော တိုင်းရင်းသားပြည်သူလူထုကို အခြေခံ ဖွဲ့စည်းထားသော ကချင်ပြည်နယ်အကျိုးပြုပါတီဖြစ်ပါသည် ခင်ဗျ။

"ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့ ဒီမိုကရေစီပါတီသစ်(ကချင်) ပါတီကို မဲပေးစို့"

"လူသားအားလုံးရှင်သန်ဖို့ NDP(K) နှင့်ပူးပေါင်းစို့"

**ပါတီ၏ ရည်မှန်းချက်**

(က) ပြည်သူလူထုနှင့်လက်တွဲကာ စစ်မှန်သောငြိမ်းချမ်းရေးကို ထာဝစဉ်တည်ဆောက်မည်။

(ခ) လက်နက်ကိုင်ပဋိပက္ခလုံးဝချုပ်ငြိမ်းသည့် လူ့အဖွဲ့အစည်း တစ်ရပ်ထာဝစဉ်တည်ရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်။

(ဂ) တိုင်းရင်းသားပြည်သူလူထုအားလုံး၏ အခွင့်အရေးနှင့် လူမှုစီးပွားဘဝတစ်ပြေးညီ တန်းတူရည်တူဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်မည်။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုနိုင်ငံတော်အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်။

**ယုံကြည်ချက်**

(က) ပါတီသည် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး" တည်းဟူသော အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ်ယုံကြည်ခံယူသည်။ ကချင်ပြည်နယ် နယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာအောင် စနစ်တကျစီမံဆောင်ရွက်ခြင်းဖြင့် ဒီတာဝန်အရေးသုံးပါးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဟုခံယူပါသည်။

**အခြေခံမူဝါဒ**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်ရေးမူဝါဒကို ခိုင်မြဲစွာလက်ကိုင်ကျင့်သုံးသွားမည်။

(၂) ပြည်သူလူထုနှင့်လက်တွဲကာ ငြိမ်းချမ်းရေးကို ထာဝစဉ်တည်ဆောက်ပြီး ဒီမိုကရေစီကျင့်စဉ်ကိုအခြေခံ၍ ဒေသအကျိုး၊ ပြည်သူလူထုအကျိုးနှင့် တိုင်းပြည်အကျိုးကို သယ်ပိုးဆောင်ရွက်မည်။

(၃) နိုင်ငံတော်၏အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် ဒေသတည်ငြိမ်လုံခြုံမှုကို ထိပါးစေနိုင်သည့် အကြမ်းဖက်ဝါဒနှင့် ပုံစံအမျိုးမျိုးဖြင့် ဝင်ရောက်လာမည့် နယ်ချဲ့ဝါဒတို့ကိုဆန့်ကျင်တွန်းလှန်သွားမည်။

(၄) ပါတီသည် မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ပါတီ၏ ဩဇာခံမှုမဖြစ်ရ၊ လွတ်လပ်စွာကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်သော နိုင်ငံရေးပါတီဖြစ်ပါသည်။

စာမျက်နှာ ၂၁ သို့

# ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၂၉

ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ ဒုတိယဥက္ကဋ္ဌ ဒေါ်နော်ယုဇနဝါ က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာလ ၂၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



ဒေါ်နော်ယုဇနဝါ (ဒုတိယဥက္ကဋ္ဌ၊ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ၏ မူဝါဒ၊ သဘောထားနှင့် လုပ်ငန်းစဉ်များကို ဟောပြောထုတ်လွှင့်ခွင့်ပြုပေးသော နိုင်ငံတော်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာပြည်တစ်ဝန်းလုံး၌ မှီတင်းနေထိုင်ကြသော ရဟန်းရှင်လူ တိုင်းရင်းသားပြည်သူအားလုံးတို့ကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ။ ဘေးရန်ခပ်သိမ်းကင်းငြိမ်းကြပါစေရန်နှင့် ကပ်ဘေးအပေါင်းမှ ကင်းဝေးကြပါစေဟု ဦးစွာနှုတ်ခွန်းဆက်သ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကျွန်ုပ်တို့နေထိုင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် ရှေးအစဉ်အဆက်က ကိုလိုနီနယ်ချဲ့စနစ်နှင့် ဖက်ဆစ်စနစ်တို့၏ ကျူးကျော်အုပ်စိုးလွှမ်းမိုးမှုကြောင့် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ငြိမ်းချမ်းခြင်းများကို နိုင်ငံသူ နိုင်ငံသားများ လက်လွတ်ဆုံးရှုံးခဲ့ကြရသည်။ ထိုစဉ်က တိုင်းရင်းသားအားလုံးတို့သည် စည်းလုံးညီညွတ်စွာဖြင့် နယ်ချဲ့ဆန့်ကျင်ရေးအတွက် အသက်ပေါင်းများစွာ စတေးခဲ့ကြရပြီး အေဒီ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့ ရောက်ရှိမှသာ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတော်ကြီးဖြစ်လာကာ ကမ္ဘာ့အလယ်တွင် မားမားမတ်မတ်ရပ်တည်နိုင်ခဲ့ကြသည်။

လောကကမ္ဘာ၌ လူအချင်းချင်း ကိုယ်ချင်းစာတရားကိုအခြေခံပြီး ဘက်လိုက်ခြင်း၊ ညှဉ်းဆဲခြင်း၊ အနိုင်ကျင့်ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ကျူးကျော်ရန်စခြင်း၊ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းမရှိပါက ပဋိပက္ခဟူသည့် တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်စုနှင့်တစ်စု၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံရန်ပြုခြင်း၊ တိုက်ခိုက်ခြင်းဖြစ်ပေါ်လာရန် အကြောင်းမရှိပေ။ ပဋိပက္ခများကြောင့်သာ လောကလူသားများလက်လွတ်ဆုံးရှုံးခဲ့ကြရပေသည်။

ကျွန်ုပ်တို့ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီသည် လူသားများနှင့်ဆိုင်သော လူမှုအခွင့်အရေးများကို အလေးထားမည်။ မထီမဲ့မြင်မပြုရ၊ လူသားတို့၏ အကျင့်သိက္ခာကို တန်ဖိုးထားလေးစားလိုက်နာမည်။ ရက်စက်ကြမ်းကြုတ်ခြင်းမပြု၊ ငြိမ်းချမ်းသောနည်းလမ်းဖြင့် အဖြေရှာမည်။ လွတ်လပ်စွာ ပြောဆိုရေးသားခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ လွတ်လပ်စွာ အသက်မွေးမြူခွင့်ရှိရမည်။ စိုးရိမ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ချို့ငဲ့ခြင်းကင်းရမည်။ တိုင်းရင်းသားပြည်သူများ လိုလားတောင့်တနေသော စစ်မှန်သောငြိမ်းချမ်းရေး ပေါ်ပေါက်လာစေရန် ကောင်းမွန်သောစိတ်ဆန္ဒဖြင့် တစိုက်မတ်မတ်ကြိုးစားဆောင်ရွက်သွားမည်ဟု တရားမျှတသော ယှဉ်ပြိုင်မှုဖြစ်ကြောင်း မဲဆန္ဒရှင်ပြည်နယ်သူ ပြည်နယ်သားများအား အသိပေးကြွေးကြော်ကြေညာပါသည်။

ကျွန်ုပ်တို့ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီသည် တိုင်းရင်းသားလူမျိုးများအချင်းချင်းညီညွတ်ရေးနှင့် ပြည်ထောင်စုကြီး ညီညွတ်ရေးသဘောတရားတို့ကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်ကြီး၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ဖြစ်ထွန်းတည်တံ့စေရန်အလို့ငှာ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ၂၀၂၅ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အစအလယ်အဆုံး ၃ ပါးလုံး၌ တရားမျှတလွတ်လပ်သော ရွေးကောက်ပွဲဖြစ်ရန် ကျွန်ုပ်တို့နှင့်အတူ ပူးပေါင်းပါဝင်စေလိုပါသည်။ နိုင်ငံသားတိုင်း၏ အခွင့်အရေးကိုအာမခံနိုင်ရန် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့်

စာမျက်နှာ ၂၁ သို့

**စာမျက်နှာ ၂၀ မှအဆက်**

**ပါတီ၏ ဆောင်ပုဒ်မှာ**

၁။ "ငြိမ်းချမ်းရေး"Peace

၂။ "တန်းတူညီမျှရေး"Equality

၃။ "စည်းလုံးညီညွတ်ရေး"Unity

၄။ "ဖွံ့ဖြိုးတိုးတက်ရေး" Development ဖြစ်ပါသည်ခင်ဗျ။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့ ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ဒီမိုကရေစီပါတီသစ် (ကချင်) New Democracy Party(Kachin) NDP(K) မိမိတို့ပါတီသည် နိုင်ငံရေးပါတီများနှင့်အတူ ကချင်ပြည်နယ်တွင် ကိုယ်စားလှယ်လောင်းများက လွှတ်တော် ၃ ရပ်တွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပါသည်။ အနိုင်ရလွှတ်တော်ကိုယ်စားလှယ်များက ပြည်ထောင်စုမြန်မာနိုင်ငံတော် ရည်မှန်းချက်ပန်းတိုင်သို့ အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီသည် ကချင်ပြည်နယ် အခြေစိုက်ပါတီဖြစ်ပါ၍ ကချင်ပြည်နယ် ဒေသတိုင်းရင်းသားတို့၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ လူငယ်၊ အမျိုးသမီး၊ နိုင်ငံ့ဝန်ထမ်းများနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုစာပေတို့တွင် အစွမ်းကုန်ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အလေးအနက်ကတိသစ္စာပြုပါသည်။

"လူသားအားလုံးရှင်သန်ဖို့ NDP(K)နှင့် ပူးပေါင်းစို့"

"ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့ ဒီမိုကရေစီပါတီသစ်(ကချင်) ပါတီကိုမဲပေးစို့"

မဲဆန္ဒရှင်ပြည်သူလူထု၊ တိုင်းရင်းသားများအားလုံး၏ တန်ဖိုးရှိလှစွာသော ဆန္ဒမဲများကို ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီကို မဲပေးကြဖို့ မေတ္တာဖြင့် တောင်းခံအပ်ပါသည်ခင်ဗျ။

အားလုံးကို ကျေးဇူးတင်ပါသည်။

**(၁)သီချင်းခေါင်းစဉ်အမည်= ဒီမိုကရေစီပါတီသစ်(ကချင်)**

V1; ဒါဒို့ပြည် ဒါဒို့မြေ ဒို့ပြည် ဒို့မြေ ဒို့ပါတီ ဒီမိုကရေစီပါတီသစ်(ကချင်) ထွန်းလင်းတောက်ပနေပြီနော်

CHO; ပြည်သူများရဲ့ရင်မှာဖွား ပြည်သူများက ပိုင်ဆိုင်ထား ထိန်းသိမ်းကြမယ် ဒို့ရိုးရာ ဆောင်ရွက်ကြမယ် ဒို့ဌာနေဖွံ့ဖြိုးစေရမည် မိဘပြည်သူမောင်မယ်များ စည်းလုံးခြင်းသည် အင်အား ဟေး ဟေး NDP ကချင်ပါတီ NDP ကချင်ပါတီ NDP ကချင်ပါတီ ထွန်းလင်းတောက်ပနေပြီနော်

**(၂)သီချင်းခေါင်းစဉ်အမည်=ပြည်သူချစ်သည့်ပါတီ**

V1; စစ်မှန်သောပါတီပေါ်ထွက်လာပြီ ပြည်သူတွေဝမ်းမြောက်ကြသည် ဒီမိုကရေစီပါတီသစ် ရှေ့ကိုချီ ဒေသအကျိုးသယ်ပိုးသွားမည်

V2; ထာဝရငြိမ်းချမ်းရေးရှေးရှုပါသည် သာယာဝပြောတိုးတက်ဖို့ရည် ဘာသာယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံလေးစားကာ ထိန်းသိမ်းသွားမည်

Cho; NDP NDP ပြည်သူတွေအားကိုးထိုက်ပါသည်။ NDP NDP ပါတီ ဒေသအကျိုးဦးထိပ်ထားပါမည် အပြောနဲ့အလုပ်လက်တွေ့ပြမည် ဒီမိုကရေစီပါတီသစ်(ကချင်)

**စာမျက်နှာ ၂၀ မှအဆက်**

ပြည်နယ်လွှတ်တော်အသီးသီးတို့တွင် ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီမှ ကိုယ်စားပြုခွင့်ကို မဲဆန္ဒရှင်ပြည်သူပြည်သားများအား အသိပေးခြင်း ဖြစ်ပါသည်။

**ကျွန်ုပ်တို့ပါတီသည်**

(က) ကမ္ဘာ့အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးမူဝါဒ

(ခ) အချင်းချင်း မိတ်ဝတ်မပျက်ပေါင်းသင်းဆက်ဆံရေးမူဝါဒနှင့်

(ဂ) ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူဝါဒ စသည်တို့ဖြင့် ဦးတည်ချက် ချမှတ်တည်ထောင်ထားသော ပါတီကြီးဖြစ်သည်။ ဤမျှသည်မကဘဲ အကြမ်းမဖက်သော၊ အကြမ်းဖက်အုပ်ချုပ်မှုမရှိသော နိုင်ငံရေးမူဝါဒကို ကျင့်သုံးဆောက်တည်သည့် ပါတီကြီးဖြစ်ပါသည်။

ကျွန်ုပ်တို့ပါတီသည် မညှဉ်းဆဲခြင်း(အဟိံသ)၊ အမှန်ကိုသာပြောဆိုခြင်း (အသစ္စဘာသန)၊ မခိုးဝှက်ခြင်း(အထေယျ)၊ မြတ်သောအကျင့်ကျင့်ခြင်း (ဗြဟ္မစရိယ)၊ မိမိအတွက်မသိမ်းပိုက်ခြင်း(အပရိဂ္ဂဟ) တည်းဟူသော လူသားတို့၏ ကျင့်ဝတ် ၅ ဖြာ ကိုလည်း လေးစားလိုက်နာသောပါတီကြီး ဖြစ်သည်။ ကိုယ်ကျင့်သိက္ခာကို အဓိကထားပြီး မြင့်မြတ်တန်ဖိုးရှိသော လူမှုဘဝတည်ထောင်ရေးအတွက် လမ်းညွှန်ပြသောပါတီကြီးဖြစ်သည်။ နိုင်ငံအတွက်၊ လူမျိုးအတွက်၊ အများပြည်သူအတွက် အနစ်နာခံနိုင်သူများအဖြစ် စုပေါင်း၍ ကြိုးစားအားထုတ်ဆောင်ရွက်မည့်ပါတီဖြစ်ပါသည်။

ကျွန်ုပ်တို့ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ၏ အခြေခံမူဝါဒများမှာ အောက်တွင် ဖော်ပြပါအတိုင်းဖြစ်ပါသည်။

(၁) ကရင်အမျိုးသားတို့၏ ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကား၊ ရိုးရာဓလေ့နှင့် ထုံးတမ်းအစဉ်အလာတို့ကို ထိန်းသိမ်းစောင့်ရှောက်မည်။

(၂) လွတ်လပ်မှုနှင့်သက်ဆိုင်သောအခွင့်အရေးများ၊ ရပိုင်ခွင့်များနှင့် အမျိုးသားအခွင့်အရေးများကို ကရင်အမျိုးသားအသိုင်းအဝိုင်းအတွင်း၌သာမကဘဲ မိမိနှင့်သက်ဆိုင်သော လူ့ဘောင်အသိုင်းအဝိုင်းတစ်ရပ်လုံး ရရှိခံစားနိုင်အောင် သက်ဝင်လှုပ်ရှားကြိုးပမ်းဆောင်ရွက်မည်။

(၃) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသောပြည်ထောင်စုကြီးတည်ထောင်ရာတွင် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုရှိရေး၊ သာတူညီမျှမှုရှိရေး၊ မှန်ကန်မှုနှင့် တရားမျှတမှုရှိရေး၊ ငြိမ်းချမ်းမှုရရှိရေးအတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်မည်။

(၄) ကရင်တစ်မျိုးသားလုံးနှင့် တိုင်းရင်းသားအားလုံးအတွက် လွတ်လပ်ပြီး ငြိမ်းချမ်းသာယာဝပြောသောဘဝကို ဖန်တီးနိုင်ရန် ကြီးနိုင်ငယ်ညှဉ်းမူဝါဒကို ဆန့်ကျင်ကန့်ကွက်တိုက်ဖျက်မည်။

(၅) ကရင်တစ်မျိုးသားလုံး၏ အကျိုးစီးပွားနှင့် လူမှုဘဝသာယာဝပြောရေးအတွက် မည်သူ့ကိုမျှမထိခိုက်စေဘဲ တရားဥပဒေနှင့်အညီ ကြိုးပမ်းဆောင်ရွက်မည်။

(၆) ကရင်တစ်မျိုးသားလုံး၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေမည့် မူဝါဒများ၊ ပြုမူဆောင်ရွက်ချက်များကို တရားဥပဒေနှင့်အညီ အစွမ်းကုန် ခုခံကာကွယ်ဆောင်ရွက်မည်။

(၇) ကရင်တစ်မျိုးသားလုံး၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးရာများ စသည်တို့ကို ခေတ်နှင့်အညီ တိုးတက်ဖွံ့ဖြိုးလာအောင် အားထုတ်ဆောင်ရွက်မည်။

ယနေ့ခေတ်ကာလ၌ လူသားအဖွဲ့အစည်းအသီးသီးတွင် ကိုယ်ပိုင်အမြင်ရှိကြသည်။ ကိုယ်ပိုင်ခံယူချက်လည်းရှိကြသည်။ ကိုယ်ပိုင်အမြင်၊ ကိုယ်ပိုင်ခံယူချက်ဖြင့် အရာခပ်သိမ်းကို ရှုမြင်သုံးသပ်တတ်ကြပေသည်။ ထိုသို့ရှုမြင်သုံးသပ်ခြင်းသည် မွေးရာပါလူ့အခွင့်အရေးပင်ဖြစ်သည်။

ယနေ့ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့လူမှုအဖွဲ့အစည်းတိုင်းကို ကြည့်မည်ဆိုပါက အသိပညာခေါင်းပါးမှု၊ လောဘ၊ ဒေါသကြီးမားမှု၊ သဘာဝဘေး၊ ရောဂါထူပြောမှုများကြောင့် ကမ္ဘာ့လူသားများ ပင်ပန်းခက်ခဲစွာ လုပ်ကိုင်စားသောက်နေထိုင်ကြရပေသည်။ ထိုသို့ဖြစ်ရသည်မှာ မမှန်ကန်သော နိုင်ငံရေးဝါဒ၊ မမှန်ကန်သော ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် ဖြစ်ရသည်ဆိုပါက ငြင်းဆန်ရန်ခက်ခဲပေလိမ့်မည်။ ထို့ကြောင့်လည်း လူမှုအဖွဲ့အစည်းများ၌ ပဋိပက္ခနှင့် ပြဿနာများ ထူပြောလာခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် လူမှုအဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်မှုပြိုကွဲလာကာ ကျူးကျော်မှု၊ ရန်ပြုမှုများကြောင့် လူမှုရေးအဆောက်အအုံကြီး တစ်ခုလုံးအတွက် စိုးရိမ်ကြောင့်ကြစရာကြီးဖြစ်လာပါသည်။

ထိုသို့မဖြစ်ရလေအောင် ကျွန်ုပ်တို့ပါတီကြီးက ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့်အတူ ကရင်အမျိုးသားတို့၏ တန်းတူညီမျှရေး၊ တရားမျှတရေး၊ လွတ်လပ်ရေး၊ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစသည်တို့ကို အခြေခံပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ရည်မှန်းချက်ကြီးစွာထားရှိသော ပါတီကြီးဖြစ်ပါသည်။

(၁) လူသားတို့၏ အခွင့်အရေး(သက်ရှိမှန်သမျှ) ကို လေးစားမည်။

(၂) အကြမ်းမဖက်ခြင်းတရား(အဟိံသ)၊ မှန်ကန်မှုတရား(truth)၊ တရားမျှတခြင်း(Justice)တို့ကိုလေးစားလိုက်နာမည်။

(၃) တရားမျှတသော မိတ်ဝတ်မပျက် ပူးပေါင်းဆောင်ရွက်ခြင်းမူနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးမူများကို လိုက်နာမည်။

(၄) မတရားမှုဟူသမျှကို ပြည်သူနှင့်အတူ ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဆန့်ကျင်တိုက်ဖျက်မည်။

(၅) မြန်မာအမျိုးသားများ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများကို မပျောက်မပျက်အောင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းကိုအားပေးကူညီမည်။

(၆) လူသားတိုင်း စိုးရိမ်ကြောက်ရွံ့ခြင်းမှ ကင်းဝေးအောင် မှန်ကန်မှု၊ အကြမ်းမဖက်မှု၊ တရားမျှတမှုများ ထွန်းကားလာအောင် ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်မည်။

(၇) မိမိတိုင်းပြည်အပေါ် မတရားကိုင်တွယ်ခြင်း၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း၊ ခြယ်လှယ်ခြင်း၊ အခွင့်အာဏာသုံးခြင်း၊ ဖိနှိပ်ခြင်းများ ပြုလာသူဟူသမျှ ကင်းဝေးစေရန် ပြည်သူများနှင့်အတူ အကြမ်းမဖက်သောနည်းလမ်းဖြင့် အောင်မြင်မှုရသည်တိုင်အောင် ပူးပေါင်းဆောင်ရွက်မည်။

(၈) ကြီးနိုင်ငယ်ညှဉ်းမပြုခြင်းကိုလိုက်နာပြီး လူသားမဆန်သော ခွဲခြားဆက်ဆံမှု၊ ဘက်လိုက်မှု၊ လူမှုပစ်ပယ်မှုများကို ရှောင်ရှားမည်။

(၉) အရာခပ်သိမ်းကိုလေးစားမှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုဖြင့် ဆက်ဆံမည်။

(၁၀) မိမိတို့၏ အတွင်းစိတ်ရောင့်ရဲမှုကို ကြံ့ခိုင်အောင်တည်ဆောက်ပြီး ဆင်ခြင်ခြင်း၊ သုံးသပ်ခြင်း၊ စူးစမ်းခြင်း၊ တွေးခေါ်ခြင်း၊ စွန့်စားခြင်းများကို (အသိ၊ ပညာ၊ သတ္တိ) သုံးမျိုးကိုအသုံးချ၍ လူမှုဆင်းရဲခြင်းမှ ကင်းဝေးအောင် ဆောင်ရွက်မည်။

(၁၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားများနှင့်အတူ ငြိမ်းချမ်းသာယာဝပြောရေး၊ စည်းလုံးညီညွတ်ရေး၊ တန်းတူညီမျှရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထာဝရငြိမ်းချမ်းရေး တည်တံ့ခိုင်မြဲအောင် အားထုတ်ဖော်ဆောင်မည်။

(၁၂) အမျိုးသားအကျိုးစီးပွားကိုလည်းကောင်း၊ လူမျိုးကိုလည်းကောင်း ဖျက်ဆီးတိုက်ဖျက် ဝါးမျိုမည့်နိုင်ငံရေးမူဝါဒ၊ အန္တရာယ်ပေးမည့် အယူအဆနှင့် မှားယွင်းသောလုပ်ရပ်များကို ဥပဒေနှင့်အညီ ခုခံကာကွယ်ဆောင်ရွက်မည်။

(၁၃) တစ်မျိုးသားလုံး၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးရာများကို ခေတ်နှင့်အညီ တိုးတက်ဖွံ့ဖြိုးလာအောင် အားထုတ်မည်။

(၁၄) ကိုယ်ကျိုးကို ရှေ့တန်းမတင်ဘဲ အများအကျိုးကို ဦးစားပေးကာ အမုန်းမစွက် အကြမ်းမဖက် ဘက်လိုက်မှုကင်းသော နိုင်ငံရေးမူဝါဒကိုလက်ကိုင်ထားလျက် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုနိုင်ငံတော်ကြီးကို တိုင်းရင်းသားညီနောင်များနှင့် အတူတကွပူးပေါင်းတည်ဆောက်မည်ဟူသော နိုင်ငံရေးမူဝါဒများထားရှိလျက်သဘောထားကြီးစွာဖြင့် ကြိုးစားအားထုတ်ဆောင်ရွက်ပါမည်ဟု မိမိတို့၏ပါတီသဘောထားအား ပန်ကြားအသိပေးအပ်ပါသည်။

ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီသည် ရည်ရွယ်ချက်သဘောထားများကိုအခြေခံပြီး အောက်ပါလုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(၁) ကရင်လူမျိုးတို့၏အခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပေါ်ပေါက်လာမည့် ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဖော်ဆောင်မည်။

(၂) ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီသည် ကရင်ပြည်နယ်အတွင်းရှိ ကရင်အမျိုးသားများသာမက အနယ်နယ်အရပ်ရပ်ရှိ ကရင်အမျိုးသားတို့၏အကျိုးစီးပွားကို ဥပဒေနှင့်အညီဖော်ဆောင်မည်။

(၃) ကရင်အမျိုးသားတို့၏ အရေးကိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည်။

(၄) ကရင်ပြည်နယ်အတွင်းရှိ ကရင်အမျိုးသားများနှင့် အနယ်နယ်အရပ်ရပ်ရှိ ကရင်အမျိုးသားများအားလုံး အတူတကွစည်းလုံးညီညွတ်စွာဖြင့် ကရင်အမျိုးသားတို့၏ အကျိုးစီးပွားအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် နည်းလမ်းရှာဖွေမည်။

(၅) ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးနှင့် လူမှုရေးတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ကူညီစောင့်ရှောက်မည်။

(၆) အမုန်းမစွက်၊ အကြမ်းမဖက်သော နိုင်ငံရေးမူဝါဒကို လက်ခံထားပြီး တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးအတွက် ရည်ရွယ်ကာ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်မည်။

(၇) စစ်မှန်သောထာဝရငြိမ်းချမ်းရေး ဖြစ်ပေါ်လာစေရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်မည်ဟု လုပ်ငန်းစဉ်များချမှတ်ထားပါသည်။

**မေတ္တာအာသီသ**

ကျွန်ုပ်တို့ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီသည် ကရင်ပြည်နယ်ရှိ ပြည်နယ်သူ ပြည်နယ်သားများနှင့်အတူ ဖြစ်တည်ပေါ်ပေါက်လာသော ပါတီကြီးတစ်ခုဖြစ်သည်နှင့်အညီ ကရင်ပြည်နယ်သူ ပြည်နယ်သားတို့၏ လူမှုအကျိုးစီးပွားကိစ္စရပ်များသာမက **စာမျက်နှာ ၂၂ သို့**

**စာမျက်နှာ ၂၁ မှအဆက်**

ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကိုပါ ပြည်နယ်သူ၊ ပြည်နယ်သားများနှင့်အတူ ဒုက္ခသုခများကို အတူတကွမျှဝေခံစား တွေ့ကြုံသိမြင်နေရသောပါတီဖြစ်သည်။ သို့ဖြစ်၍ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခင်းအကျင်း၊ ပဋိပက္ခအခြေအနေများကို ကျော်လွှားနိုင်ရန်အတွက် မဲဆန္ဒရှင်ပြည်နယ်သူ၊ ပြည်နယ်သားတို့၏ ငြိမ်းချမ်းသော စိတ်ဆန္ဒဖြင့် အားပေးထောက်ခံမှုများကို ကျွန်ုပ်တို့ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီမှ အထူးလိုလားလျက်ရှိပါသည်။

ယခုလာမည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ကရင်ပြည်နယ်တစ်ခုလုံး၏ လွှတ်တော်(၃)ရပ်လုံး၌ ကျွန်ုပ်တို့၏ပါတီသည် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ (သို့မဟုတ်) ဖြစ်သောကြောင့် မဲဆန္ဒရှင်များအနေဖြင့် မိမိတို့၏ တန်ဖိုးထားသော ဆန္ဒမဲများကို ရွေးကောက်ပွဲတွင် အတူတကွပူးပေါင်းပါဝင်ပေးနိုင်ကြပါရန် မေတ္တာအာသီသဖြင့် ဆန္ဒပြုအသိပေးအပ်ပါသည်။

လောက၌ မည်သည့်အကျိုးအာနိသင်များ၌မဆို လွတ်လပ်စွာခံစားခွင့်၊ လွတ်လပ်စွာ တွေးခေါ်ခွင့်၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်၊ လွတ်လပ်စွာနေထိုင်လုပ်ကိုင်ခွင့် ဟူသော အခွင့်အရေးအတွက် မည်သည့်ဥပဒေမျှဖြင့် မဆန့်ကျင်ဘဲ (က) လွတ်လပ်ခြင်း၊ (ခ)ညီညွတ်ခြင်း၊ (ဂ)တရားမျှတခြင်းဟူသော အမျိုးသားရေးအနှစ်သာရ(၃)ပါးကို နှလုံးသွင်းလျက် လောကပါလတရား ပြည့်စုံထွန်းကားစေရန် အကျွန်ုပ်တို့ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီက တာဝန်ယူဆောင်ရွက်ပေးပါမည်ဟု အလေးအနက် ကတိပြုပါသည်။ ရဟန်းရှင်လူ ပြည်သူပြည်သားအပေါင်း ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေ။ ကပ်ဘေးအပေါင်းမှ ကင်းစင်လွတ်မြောက်နိုင်ကြပါစေဟု ဆုတောင်းပေးလျက် နိဂုံးချုပ်အပ်ပါသတည်း။

အဲ့ဆံင်းလာဆာ်။

အိဉ်ဆူဉ်လကီ။

**ဖှံ–စိုZ တိင်ဏိင်းဏိင်**

ဆူ့ဏောဝ် – ကျဝ်အဲဆိုင်

ကော့ာဟ်လူသဝ်သဝ့် ဖှံ–စိုZလဝ့်
ခိုလူ့သဝ်သဝ့် ဖှံ–စိုZလဝ့်
ဖှံ–စိုZ ဖှံ–စိုZ ကော့ာဟ်ခိုအ့်ဏါင်း ဖှံ–စိုZ
မ့်ကေဝ်ယှံင် မျေင်စိင်တဝ်တဝ်လဝ့်

CHO မာန်ယိုဝ်း မာန်ယိုဝ် လေးလေး (လေးလေး)၂ မာန်ယိုဝ်း
စးအ့်တိင်ဏိင်းဏိင် မာန်ယိုဝ်း မာန်ယိုဝ် လေးလေး
လေလေး လေလေး မာန်ယိုဝ်း အ့်မျတိင်ဏိင်းဏိင် . . .

V အေး . . . ဟေ မြန်မာပြည်မှာနေ မြန်မာတန်ဖိုးသိရမယ်လေ
လက်တွဲကြစို့ဟေ.... အေး .... ဟေ မြန်မာပြည်မှာလေ ဘယ်နိုင်ငံမှ
မရှိတဲ့အရာတွေ ကျုပ်တို့ဆီမှာ ရှိတယ်ဟော့ အေး .... ဟေ
မြန်မာနိုင်ငံမှာနေ မြန်မာတန်ဖိုးသိရမယ်လေ အတူလက်တွဲကြစို့လေ .....
အေးဟေ ခါန့်မျေင်မာတိင်ဏိင်
ခါန့်ချုင့်ဃှါင်ယှံင်လ့်စးပါတိင့် ဖှံထို့ခါန့်သီးဍုဝ်တိင်ဏိင်းဏိင်

CHO မာန်ယိုဝ်း မာန်ယိုဝ် လေးလေး လေးလေး လေးလေး မာန်ယိုဝ်း
စးအ့်တိင်ဏိင်းဏိင် မာန်ယိုဝ်း မာန်ယဝ် လေးလေး
လေလေး လေလေး မာန်ယိုဝ်း အ့်ဝေ့တိင်ဏိင်းဏိင် . . .

---

ဖားစည်မါန်သံ ဖလုံစဝေါ်ထံသို့ ---
ကျွဲချိုလွှင့်သံ ဖလုံစဝေါ်ထံသို့ ---
ဖလုံစဝေါ် ဖလုံစဝေါ် ဖါးစည် ကျွဲချိုသက်သေတည်
ဖလုံစဝေါ် ဒီမိုကရက်တစ်ပါတီ ---
မောင်ရိုး မောင်ရိုး လေးလေး
လေးလေး လေးလေး မောင်ရိုး

ဘားအောတိန်နိန်းနိန် အောမျတိန်နိန်းနိန်

ဘာသာပြန် – မောင်ရိုးလေးလေးသည် စည်းလုံးညီညာအောင်ကြောင်းဖြာဟူသော ကရင်ကြိုးဝါးသံဖြစ်သည်။ ဥပမာအားဖြင့် လေ့လှော်ပြိုင်ပွဲ ကရင်ဒိုးအကပြိုင်ပွဲတို့တွင် သီဆိုကြိုးဝါးလေ့ရှိသည်။

အေးအေးအေးဟေ မြန်မာပြည်သာလျှင် အကောင်းဆုံးဖြစ်သည်။ တိုင်းတစ်ပါးကို အားကျအတုယူစရာမလိုလောက်အောင်ပင် မြန်မာနိုင်ငံ၏ ကရင်ပြည်နယ်သည်လည်း အကောင်းတကာ့ အကောင်းဆုံးဟူ၍ တည်ရှိနေပါသည်။

# ဆန်စပါး သိုလှောင်ရုံ မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ အသိပေးကြေညာ

၁။ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန်အလို့ငှာ ဆန်တန်ချိန် ၂၅ တန်နှင့်အထက် (သို့မဟုတ်) စပါးတင်း ၂၅၀၀ နှင့်အထက် သိုလှောင်ထားရှိသော ဆန်စပါးသိုလှောင်ရုံပိုင်ရှင်များသည် မြန်မာဆန်စပါးအွန်လိုင်း (MyRO) www.myro.com.mm တွင် ဆန်စပါးသိုလှောင်ရုံမှတ်ပုံတင်လက်မှတ် လျှောက်ထားရယူရန်လိုအပ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၄-၁၀-၂၀၂၄ ရက်တွင် အမိန့်အမှတ် (၈၂/ ၂၀၂၄) ကို ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ ဆန်စပါးသိုလှောင်ရုံပိုင်ရှင်များအနေဖြင့် မပျက်မကွက်လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

၂။ မြန်မာဆန်စပါးအွန်လိုင်း (MyRO) စနစ်တွင် မှတ်ပုံတင်ထားပြီးဖြစ်သော သိုလှောင်ရုံများအနေဖြင့်လည်း လစဉ်လဆန်း ၁ ရက်မှ ၇ ရက်အတွင်း ကုန်ရ၊ ကုန်ထုတ်၊ ကုန်လက်ကျန်စာရင်းများကို MyRO Website ရှိ မိမိ၏ Account တွင် မပျက်မကွက် စာရင်းထည့်သွင်းပေးရန်၊ ပြည့်စုံမှန်ကန်သော အချက်အလက်များကို တာဝန်ယူ၊ တာဝန်ခံ၍ ထည့်သွင်းပေးရန်နှင့် အခါအားလျော်စွာလာရောက်စစ်ဆေးရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

၃။ အထက်အပိုဒ် (၁) ပါအတိုင်း သိုလှောင်ရုံမှတ်ပုံတင်လက်မှတ်လျှောက်ထားရန် ပျက်ကွက်လျှင်ဖြစ်စေ၊ အပိုဒ် (၂) ပါ လစဉ် ကုန်ရ၊ ကုန်ထုတ်၊ ကုန်လက်ကျန် စာရင်းကို ပြည့်စုံမှန်ကန်စွာသတ်မှတ်ချိန်အတွင်း ဆောင်ရွက်ခြင်းမရှိလျှင်ဖြစ်စေ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်အမှတ် (၈၂/ ၂၀၂၄) ပါ သတ်မှတ်ချက်များနှင့်အညီ အရေးယူခြင်း သို့မဟုတ် မှတ်ပုံတင်လက်မှတ်ပယ်ဖျက်ခြင်း သို့မဟုတ် နည်းလမ်းနှစ်ရပ်လုံးဖြင့် အရေးယူခြင်းကို ဆောင်ရွက်နိုင်ပါသဖြင့် သိရှိလိုက်နာဆောင်ရွက်ရန်နှင့် သိရှိလိုသည်များရှိပါက www.myro.com.mm တွင် လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန၏ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများတွင်လည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ရုံးတွင်လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**


# အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၅ ရက်ထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၉**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၅ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း နှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။**(မိုး/ဇလ)**

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ၂၉-၁၀-၂၀၂၅ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၃၁-၁၀-၂၀၂၅ ရက်မှ ၁-၁၁-၂၀၂၅ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**




☆ **ကျောဖုံးမှအဆက်**

အောက်တိုဘာ ၃၁ ရက်မှစတင်၍ သာစည်မှ တောင်ကြီးထိ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

အဆိုပါ အမှတ်(၁၄၁)အဆန် ရထားသည် သာစည်မှ နံနက် ၅ နာရီ ထွက်ခွာ၍ တောင်ကြီးသို့ ည ၆ နာရီခွဲတွင်လည်းကောင်း၊ အမှတ်(၁၄၂) အစုန်ရထားသည် တောင်ကြီးမှ နံနက် ၆ နာရီထွက်ခွာ၍ သာစည်သို့ ည ၇ နာရီခွဲတွင်လည်းကောင်း ရောက်ရှိမည်ဖြစ်ပြီး ဘူတာစဉ်အလိုက် ရပ်တန့်ပေးသွားမည်ဖြစ်ကာ ခရီးစဉ် အစအဆုံးအတွက် လက်မှတ်ခအနေဖြင့် ရိုးရိုးတန်း ငွေကျပ် ၁၂၀၀၀၊ အထက်တန်း ငွေကျပ် ၁၄၀၀၀ ဖြစ်ကြောင်း သိရသည်။

ထို့အတူ ရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်းအတွင်း ရာဂီစူပါတိုင်ဖွန်းမုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် အေးသာယာ-ပေါမူ-ထီးသိမ်ဘူတာအကြား ရထားလမ်းပိုင်းပြုပြင်ခြင်း၊ လမ်းအူကြောင်း အသစ်တည်ဆောက်ခြင်း၊ မြေထိန်းနံရံတည်ဆောက်ခြင်းနှင့် ထီးသိမ် ရထားလမ်းအဝိုင်းပတ်တာဘောင် ပြုပြင်ခြင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်ထိ ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၂၈ ရက်တွင် ဝန်ချိန်ပြည့် ရထားစမ်းသပ်မောင်းနှင်ခြင်းကို ဆောင်ရွက်ခဲ့သည်။

ထိုသို့ ပြုပြင်ဆောင်ရွက်ပြီးစီးခဲ့မှုကြောင့် တောင်ကြီးမြို့၏ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကျင်းပမည့် ကာလအတွင်း ပြည်တွင်း၊ပြည်ပမှ ခရီးသွား ပြည်သူများအနေဖြင့် တောင်ကြီးမြို့၏ သာယာလှပသောရှုခင်းများကို စိတ်ချမ်းမြေ့စွာ ကြည့်ရှုခံစားနိုင်ရန် တောင်ကြီး-ပေါမူ၊ ပေါမူ-တောင်ကြီး Sight Seeing ရထားခရီးစဉ်ကို အထူးကိစ္စတစ်ရပ်အနေဖြင့် နိုဝင်ဘာ ၁ ရက်မှ ၄ ရက်ထိ ပြေးဆွဲပေးသွားမည်ဖြစ်ပြီး တောင်ကြီး-ပေါမူ ခရီးစဉ်ကိုလည်း ယခင်အတိုင်း အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ကြီး-ပေါမူ ခရီးစဉ်သည် ၁၁ ဒသမ ၄၁ မိုင်ကွာဝေးပြီး ပြေးဆွဲချိန် တစ်နာရီခွဲခန့် ကြာမြင့်မည်ဖြစ်ပြီး တောင်ကြီးဘူတာမှ နံနက် ၉ နာရီစတင်ထွက်ခွာကာ လမ်းခရီးတွင် ဘဝသံသရာအဝိုင်းအနီးဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီးသိမ်ဘူတာ၌ မိနစ် ၃၀ ရပ်တန့်သွားမည်ဖြစ်ကြောင်း၊ ပေါမူဘူတာသို့ ရောက်ရှိချိန်တွင် ရထားတွဲဆိုင်းကို တောင်ကြီးဘက်သို့ ပြန်လှည့်နိုင်ရန် တွဲရွှေ့ပြုလုပ်ချိန် မိနစ် ၃၀ ရပ်တန့်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

အဆိုပါရထားသည် ပေါမူဘူတာမှ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ပြန်လည်ထွက်ခွာပြီး တောင်ကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ရောက်ရှိမည်ဖြစ်ပြီး ပြေးဆွဲမည့် ရထားတွဲဆိုင်းကို မြင်းကောင်ရေ ၂၀၀၀ အား စက်ခေါင်းဖြင့် အထက်တန်း တစ်တွဲ၊ ရိုးရိုးတန်း သုံးတွဲနှင့် ရထားထိန်းတွဲ တစ်တွဲဖြင့် ပြေးဆွဲသွားမည်ဖြစ်ကာ တောင်ကြီး-ပေါမူ အသွား၊ အပြန် ခရီးစဉ်အတွက် လက်မှတ်ခနှုန်းထားအနေဖြင့် အထက်တန်းတွဲအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀နှင့် ရိုးရိုးတန်းအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ဖြစ်ကြောင်း သိရသည်။

တောင်ကြီး-ပေါမူ ခရီးစဉ် လိုက်ပါစီးနင်းမည့် ခရီးသွားပြည်သူများသည် တောင်ကြီးမြို့မှ စတင်ထွက်ခွာသည်နှင့် တောင်ကြီးမြို့၏ အထင်ကရနေရာ မီးပုံးပျံကွင်းကို ရထားပေါ်မှနေ၍ ကြည့်ရှုခံစားရခြင်း၊ တောင်ကြီးမြို့၏ ခေတ်မီလှပသော မြို့ပြမြင်ကွင်းများကို ရထားပေါ်မှ ကောင်းစွာမြင်နိုင်ပြီး စိတ်လက်ကြည်လင်အေးချမ်းစေခြင်း၊ မြန်မာ့မီးရထား၏ ဒုတိယဘဝသံသရာတံတားကို ဖြတ်သန်းစဉ် အဝေးဆီမှ တောင်တန်းများ၊ ကွင်းပြင်ကျယ်များကို ရှုမျှော်ခံစားနိုင်ခြင်း၊ ထီးသိမ်ဘူတာသို့ ရထားဆိုက်ရောက်ရပ်နားချိန် မိနစ် ၃၀ အတွင်း ဘူတာအထက်ဘက်ရှိ ရှုရပ်မှနေ၍ ထီးသိမ်အဝိုင်းပတ်နှင့် ဘဝသံသရာတံတားကို အပေါ်စီးကနေ၍ ကြည့်ရှုနိုင်ခြင်း၊ အဝေးဆီမှ ထီးသိမ်ဘုရား၊ မြေပြိုဘုရားတို့ကို ကြည်ညိုဖူးမြော်နိုင်ခြင်း၊ ရွှေညောင်ကန်နှင့် ကွင်းပြင်ကျယ်ကြီးများစသည့် တောင်တန်းနှင့် သဘာဝအလှအပရှုခင်းများကို ကြည့်ရှုခံစားနိုင်ခြင်းတို့ဖြင့် စိတ်လက်အေးချမ်းပျော်ရွှင်မှု ရရှိနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၆၆ ဦးကို ထပ်မံစစ်ဆေးနိုင်ခဲ့


မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၆၆ ဦးကို ထပ်မံစစ်ဆေးနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် အောက်တိုဘာ ၂၉**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-မယ်ထော်သလေး (KK Park)နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၇၅ ဦး၊ အိန္ဒိယနိုင်ငံသား ၇၃ ဦး၊ တရုတ်နိုင်ငံသား ၁၇ ဦးနှင့် ကာဇက်စတန်နိုင်ငံသားတစ်ဦး စုစုပေါင်းပြည်ပနိုင်ငံသား ၁၆၆ ဦးကို ထပ်မံစစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်း ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၂၉ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၁၀၆၄၀ ထိန်းသိမ်းနိုင်ခဲ့ကာ ၁၀၄၅၃ ဦးကို စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၃၆၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၇၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဧဝ၁)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသ ကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

### ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | |
|---|---|
| ၁။ ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ Myawady Webportal | (https://myawady.net.mm) |
| ၅။ Myanmar National Portal | (https://myanmar.gov.mm) |

### ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၇၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နှောင့်ယှက်ဟန့်တားဖျက်ဆီးလိုသည့် အနုပညာရှင် သုံးဦးကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၉

နိုင်ငံတော်အစိုးရအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ရွေးကောက်ပွဲအပေါ် နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်ဟန့်တားနိုင်မည့်အခြေအနေမှ ကာကွယ်တားဆီးနိုင်ရန် ၂၀၂၅ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကိုနှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းခဲ့ပြီး ဥပဒေလိုက်နာမှု မရှိသူများကို ထိထိရောက်ရောက်အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၇ ရက်တွင် “ခေတ်သမိုင်းကို ဒုန်းစိုင်းမည့်သူများ” ရွေးကောက်ပွဲ အသိပညာပေးဇာတ်လမ်းနှင့် ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သော အနုပညာရှင်များကို လူမှုကွန်ရက်မှတစ်ဆင့် မဟုတ်မမှန်ဝေဖန်ရေးသား၍ ရွေးကောက်ပွဲအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် လှုံ့ဆော်ခဲ့သည့် ဒါရိုက်တာ မိုက်တီး(ခ)သန်းထွန်းဇော်၊ ဇာတ်ပို့သရုပ်ဆောင် ကျော်ဝင်းထွဋ်(ခ)ကျော်မင်းထွဋ်နှင့် ဟာသသရုပ်ဆောင် အုန်းဒိုင်း(ခ)ဇော်မြင့်တို့ကို ၎င်းတို့၏ နေအိမ်အသီးသီးမှ ဖမ်းဆီးရမိခဲ့သည်။



မိုက်တီး(ခ)သန်းထွန်းဇော် (ဒါရိုက်တာ) ၆၁ နှစ်



ကျော်ဝင်းထွဋ်(ခ)ကျော်မင်းထွဋ် (ဇာတ်ပို့သရုပ်ဆောင်) ၄၇ နှစ်




အုန်းဒိုင်း(ခ)ဇော်မြင့် (ဟာသသရုပ်ဆောင်) ၃၂ နှစ်

ဖမ်းဆီးရမိတရားခံများကို စိစစ်ဖော်ထုတ်ချက်အရ ၎င်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ တပ်မတော်က နိုင်ငံတော်တာဝန် ထမ်းဆောင်နေသည့်အပေါ် ထောက်ခံမှုမရှိခဲ့သည့်အပြင် ဆူပူဆန္ဒပြပွဲများတွင် ကိုယ်တိုင်ပါဝင်ခဲ့ကြောင်း၊ ထို့ပြင် မကြာမီ ကျင်းပရန်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စေရေးအတွက် ၎င်းတို့တတ်ကျွမ်းသော အနုပညာကဏ္ဍမှ ပူးပေါင်းပါဝင်ခြင်းမရှိသည့်အပြင် အခြားသောအနုပညာရှင်များ၏ တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်မှုအပေါ် ဝေဖန်တိုက်ခိုက်ခြင်း၊ ရွေးကောက်ပွဲအပေါ် ပြည်သူလူထုက ယုံကြည်မှု လျော့နည်းလာစေရန်ရည်ရွယ်၍ ရေးသားဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

အဆိုပါတရားခံ သုံးဦးအနက် ဒါရိုက်တာ မိုက်တီး(ခ)သန်းထွန်းဇော်သည် ၂၀၂၂ ခုနှစ်တွင် လူမှုကွန်ရက်မီဒီယာမှတစ်ဆင့် နိုင်ငံတော်အစိုးရအပေါ် ဝေဖန်ရေးသားခဲ့သောကြောင့် ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်လှစ်အရေးယူခြင်းခံခဲ့ရပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် နိုင်ငံတော်အစိုးရက စေတနာဖြင့် “နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသောပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်”ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့သူဖြစ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ၎င်းကို ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေဖြင့် အရေးယူနိုင်ရေးအပြင် ယခင်လွတ်ငြိမ်းခွင့်ပြုခဲ့သော ပြစ်ဒဏ်ကို ပြန်လည်ကျခံစေရေး ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် လှုံ့ဆော်ခဲ့ကြသည့် ကျော်ဝင်းထွဋ်(ခ)ကျော်မင်းထွဋ်နှင့် အုန်းဒိုင်း(ခ)ဇော်မြင့်တို့နှစ်ဦးကို ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အထွေထွေရွေးကောက်ပွဲကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (ဗြဟ)





PDF အမည်ခံအကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပျက်စီးခဲ့သည့် ဧရာဝတီတံတား(ရတနာသိင်္ခ)၏ မှတ်တမ်းဓာတ်ပုံ။

❍ **မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှ**

ရွှေဘို-ကျောက်မြောင်း-စဉ့်ကူး-မန္တလေး သွားကားလမ်းပေါ်ရှိ ဧရာဝတီမြစ်ကူးတံတားတစ်စင်းဖြစ်သည့် ဧရာဝတီတံတား(ရတနာသိင်္ခ)ကိုအကြမ်းဖက်သမားများက ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

အဆိုပါတံတားသည် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့ကို ဆက်သွယ်ထား၍ ပြည်သူလူထု၏ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုတို့အတွက် အဓိက အရေးပါသည့် တံတားတစ်စင်းဖြစ်ပြီး အဆိုပါတံတားကို ယနေ့နံနက် ၆ နာရီ ၁၀ မိနစ်ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။ မိုင်းပေါက်ကွဲမှုကြောင့် တံတား၏ ရေလယ်တိုင်များဖြစ်သည့် တိုင်အမှတ် RP4နှင့် RP5တို့အကြားတွင်လည်းကောင်း၊ RP6-A2 ချဉ်းကပ်လမ်းနေရာတို့တွင်လည်းကောင်း ကျိုးကျပျက်စီးခဲ့သည်။ ထိုသို့ အကြမ်းဖက်သမားများ၏ အမြော်အမြင်မဲ့စွာ ဆင်ခြင်မှုမရှိသော ဖျက်လိုဖျက်ဆီး လုပ်ရပ်များကြောင့် ယခုအခါ မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများ ဖြတ်သန်းသွားလာနိုင်ခြင်း မရှိတော့ဘဲ ကုန်စည်စီးဆင်းမှုများ ရပ်တန့်လျက်ရှိကြောင်း သိရသည်။

ဧရာဝတီတံတား (ရတနာသိင်္ခ)သည် တံတားအရှည် ပေ၂၄၈၀ (သံကူကွန်ကရစ်တံတား) တံတားအကျယ် ၂၅ ပေ လူသွားလမ်း ဘယ်ညာ သုံးပေရှိပြီး တံတားဆောက်လုပ်ရေးအထူးအဖွဲ့(၁၄)က ၂၀၁၀ ပြည့်နှစ် ဧပြီ ၁၆ ရက်တွင် စီမံကိန်းစတင်ကာ ၂၀၁၃ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် ဆောက်လုပ်ပြီးစီး၍ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယခုအခါ PDF အမည်ခံအကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များက ဒေသတွင်းကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ၊ လူ့အခွင့်အရေးများ များစွာ ဆုံးရှုံးအောင် လုပ်ဆောင်နေကြသည့်အပေါ် ဒေသခံပြည်သူများက သိရှိနားလည် သဘောပေါက်လာကြပြီဖြစ်ပြီး ယခုကဲ့သို့ စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် ဧရာဝတီတံတား(ရတနာသိင်္ခ)ကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့မှုအပေါ် ရှုံ့ချမုန်းတီးစွာ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း အဆိုပါတံတားအား ပြန်လည်ပြင်ဆင်ခြင်း လုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဗြဟ)

## ထူးခြားသည့် နေ့အပူချိန်များ (၂၉-၁၀-၂၀၂၅)

| | | | | |
|---|---|---|---|---|
| မြင်းခြံ | ၃၇ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၇ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေကျင် | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြဝတီ | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

# စာပေ၏စွမ်းအား

နေလင်းသူ

**❖ မြန်မာစာသည် မြန်မာလူမျိုးတို့၏ အသက်ဝိညာဉ်ဖြစ်သည်။ စာပေယဉ်ကျေးမှုမရှိသော လူမျိုးသည် အသက်ဝိညာဉ်ကင်းမဲ့သော ရုပ်ကိုယ်ခန္ဓာနှင့်တူသည်။ စာပေယဉ်ကျေးမှုထွန်းကားသော လူမျိုးသည် ကမ္ဘာပေါ်တွင် တင့်တောင့်တင့်တယ် နေထိုင်နိုင်သော လူမျိုးအဖြစ် ရပ်တည်နေနိုင်ကြောင်း တွေ့ရသည်။ ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများသည်လည်းကောင်း စာပေယဉ်ကျေးမှု ထွန်းကားစည်ပင်နေစေရန် အစဉ်ကြိုးပမ်းဆောင်ရွက်နေကြရသည်။ ❖**

"ကလောင်သွားသည် ဓားသွားထက် ထက်သည်" ဟူသောစကားသည် ခေတ်အဆက်ဆက် သက်ဝင်လှုပ်ရှားနေသော အဆိုအမိန့်တစ်ခုဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာ အင်အားဖြစ်သည့် ဓား၏စွမ်းပကားသည် အချိန်ကာလတစ်ခုအတွင်း၌ အဆုံးအစွန်ထိ ရောက်နိုင်သော်လည်း လူသားတို့၏ အတွေးအခေါ်၊ နှလုံးသားနှင့် ယုံကြည်ချက်တို့ကို ပုံဖော်တည်ဆောက်ပေးသည့် စာပေ၏စွမ်းအားမှာမူ အချိန်နှင့်နေရာကို ကျော်လွန်၍ ရှင်သန်နိုင်စွမ်းရှိသည်။ စာပေသည် ဖျော်ဖြေရေးသက်သက်အတွက် မဟုတ်ဘဲ လူ့အဖွဲ့အစည်းကို လမ်းပြနိုင်၊ ယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်သော နက်ရှိုင်းသည့် စွမ်းအားတစ်ရပ်ကို ပိုင်ဆိုင်ထားသည်။ စာပေဆိုသည်မှာ စာကို သုခုမအရာရောက်အောင် သို့မဟုတ် အနုပညာသက်ဝင်အောင် ဖွဲ့စည်းစီရင်ထားခြင်းဟုဆိုသည်။

စာပေ၏ အထူးခြားဆုံး စွမ်းပကားတစ်ခုမှာ အချိန်နှင့်နေရာတို့၏ အကန့်အသတ်ကို ကျော်လွှားနိုင်ခြင်းပင်ဖြစ်သည်။ စာအုပ်တစ်အုပ်ကို ဖတ်ရှုခြင်းဖြင့် လွန်ခဲ့သော ရာစုနှစ်များစွာက လူသားတို့၏ နေထိုင်မှုဘဝ၊ အတွေးအခေါ်နှင့် ခံစားချက်များကို သိမြင်ခံစားနိုင်ခွင့်ရှိသည်။ ရှေးဟောင်း ဂရိဒဿနပညာရှင် အရစ္စတိုတယ်နှင့် စကားစမြည်ပြောနိုင်သည်။ ပုဂံခေတ် ကဗျာဆရာ၏ အလွမ်းကို ခံစားနိုင်သည်။ ကုန်းဘောင်ခေတ် လူနေမှုစနစ်ကို လေ့လာနိုင်သည်။ စာပေသည် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့ကို ချိတ်ဆက်ပေးသည့် အချိန်စက်တစ်ခုဖြစ်သည်။ လူသားမျိုးနွယ် တစ်ရပ်လုံး၏ အသိဉာဏ်နှင့် အတွေ့အကြုံများကို သယ်ဆောင်သိမ်းဆည်းထားသော အဖိုးမဖြတ်နိုင်သည့် ရတနာသိုက်ကြီးဖြစ်သည်။

စာပေသည် ပြင်ပကမ္ဘာကို ထင်ဟပ်ပြရုံသာမက လူသားတို့၏ အတွင်းစိတ်ဝိညာဉ်ကို ပြန်လည်မြင်ယောင်စေသော ကြေးမုံတစ်ချပ်လည်းဖြစ်သည်။ ဇာတ်လမ်းတစ်ပုဒ်ထဲမှ ဇာတ်ကောင်တစ်ဦး၏ ရဲစွမ်းသတ္တိကိုအားကျရင်း မိမိကိုယ်တိုင် ရဲရင့်လိုစိတ်ကို ရှာဖွေတွေ့ရှိနိုင်သည်။ ဇာတ်ကောင်တစ်ဦး၏ ဆုံးရှုံးမှုကိုစာနာရင်း မိမိ၏ ကိုယ်ချင်းစာတရားကို ပိုမိုနက်ရှိုင်းစေနိုင်သည်။ ဝတ္ထုတစ်ပုဒ်ပါ အဖြစ်အပျက်များက မိမိရင်ဆိုင်နေရသော အခက်အခဲများကို ရှုထောင့်အသစ်မှ မြင်တတ်အောင် လမ်းညွှန်ပေးသည်။ စာပေသည် ဖတ်ရှုသူကို အခြားသူများ၏ ဘဝအတွေ့အကြုံများကို ခံစားနားလည်စေပြီး စာနာမှုကို ဖြစ်ပေါ်စေသည်။ ဤသို့ဖြင့် စာပေသည် မိမိကိုယ်ကို ပြန်လည်သုံးသပ်ရန်၊ မိမိခံစားချက်များကို နားလည်ရန်နှင့် ပိုမိုကောင်းမွန်သည့် လူသားတစ်ဦးအဖြစ် ရင့်ကျက်လာစေရန်အတွက် အကောင်းဆုံးသော ကိရိယာတစ်ခုဖြစ်သည်။

စာပေသည် ဘာသာစကား၏လှပမှုကို ဖော်ပြပြီး စာဖတ်သူ၏ စိတ်ကူးစိတ်သန်းကိုလည်း တက်ကြွစွာအသုံးပြုရန် လှုံ့ဆော်ပေးသည်။ စကားလုံးများဖြင့် ပုံဖော်ပေးလိုက်သော ကမ္ဘာကို စာဖတ်သူက မိမိ၏စိတ်ကူးဖြင့် အရောင်ခြယ်ကာ အသက်သွင်းရသည်။ ဤဖြစ်စဉ်သည် တီထွင်ဖန်တီးနိုင်စွမ်းကို မြှင့်တင်ပေးရုံသာမက ဝေဖန်ပိုင်းခြားစိတ်ကိုလည်း ခိုင်မာအောင် လေ့ကျင့်ပေးသည်။ စိတ်ကူးစိတ်သန်းများကို လှုံ့ဆော်နိုင်စွမ်းသည် ကလေးသူငယ်များအတွက်သာမက လူကြီးများအတွက်ပါ အရေးပါလှသည်။ တီထွင်ဖန်တီးမှု၊ ပြဿနာဖြေရှင်းနိုင်စွမ်းနှင့် အသစ်အသစ်သောအရာများကို သင်ယူလိုစိတ်တို့သည် စိတ်ကူးစိတ်သန်းနှင့် တိုက်ရိုက်ဆက်စပ်နေသည်။ စာပေမှရရှိသော စိတ်ကူးစိတ်သန်းများသည် သိပ္ပံပညာရှင်များအတွက် သီအိုရီအသစ်များ ရှာဖွေတွေ့ရှိရန်၊ အနုပညာရှင်များအတွက် ဖန်တီးမှုအသစ်များ ပြုလုပ်ရန်နှင့် လူတစ်ဦးချင်းစီအတွက် နေ့စဉ်ဘဝ၏ စိန်ခေါ်မှုများကို ရှုထောင့်ပေါင်းစုံမှ ချဉ်းကပ်ဖြေရှင်းနိုင်ရန် အထောက်အကူပြုသည်။ စာဖတ်သောလူမျိုးသည် တိုးတက်၍ တိုးတက်သောလူမျိုးသည် စာဖတ်ကြသည်ဟူသော ဦးသန့်၏အဆိုအမိန့်သည် ဝေဖန်ပိုင်းခြားခြင်းနှင့် အသိပညာကို စာပေမှ မြှင့်တင်ပေးနိုင်စွမ်းရှိကြောင်း ထင်ဟပ်စေသည်။

စာပေသည် ယဉ်ကျေးမှုအမွေအနှစ်များကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းပေးသည့် အဓိကနည်းလမ်းဖြစ်ပြီး အမျိုးသားရေးလက္ခဏာရပ်များကို ခိုင်မာစေသည့် အခြေခံအုတ်မြစ်လည်းဖြစ်သည်။ ခေတ်အဆက်ဆက် မြန်မာ့စာပေသမိုင်းတစ်လျှောက်တွင် စာပေပညာရှင်များ ထွန်းကားခဲ့သည်။ ထိုခေတ်များအနက် စာပေပိုမိုထွန်းကားပြီး စာဆိုရှင်များ၊ စာပေဖတ်ရှုလေ့လာသူများ ပေါ်များသော ခေတ်များသည် အခြားသော ခေတ်များထက် ပို၍ တိုးတက်ဖွံ့ဖြိုးကြောင်း တွေ့ရသည်။

မြန်မာစာသည် မြန်မာလူမျိုးတို့၏ အသက်ဝိညာဉ်ဖြစ်သည်။ စာပေယဉ်ကျေးမှုမရှိသော လူမျိုးသည် အသက်ဝိညာဉ်ကင်းမဲ့သော ရုပ်ကိုယ်ခန္ဓာနှင့်တူသည်။ စာပေယဉ်ကျေးမှုထွန်းကားသော လူမျိုးသည် ကမ္ဘာပေါ်တွင် တင့်တောင့်တင့်တယ် နေထိုင်နိုင်သော လူမျိုးအဖြစ် ရပ်တည်နေနိုင်ကြောင်းတွေ့ရသည်။ ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများသည်လည်းကောင်း စာပေယဉ်ကျေးမှု ထွန်းကားစည်ပင်နေစေရန် အစဉ်ကြိုးပမ်းဆောင်ရွက်နေကြရသည်။ မြန်မာစာပေသည် လွန်ခဲ့သောနှစ်ပေါင်း ၉၀၀ ကျော်ကာလ ပုဂံခေတ်ကတည်းက စတင်ခဲ့သည်။ မြစေတီကျောက်စာသည် မြန်မာစာပေသမိုင်းတွင် ရှေးအကျဆုံးသော မြန်မာစာပေအဖြစ် မှတ်တမ်းတင်ထားသည်။ ခေတ်အဆက်ဆက် စာပေပညာရှင်များ၏ စွမ်းပကားသည် မြန်မာနိုင်ငံသမိုင်းတစ်လျှောက် စစ်မှန်သည့်ခွန်အားများ ဖြစ်စေခဲ့သည်။ စာပေပညာရှင်များသည် အသိပညာ ဗဟုသုတ တိုးပွားလာစေရန်၊ ဆင်ခြင်တုံဉာဏ်အား မြင့်မားလာစေရန်၊ တိုင်းချစ်ပြည်ချစ်စိတ် တိုးပွားလာစေရန်၊ ဇာတိသွေး ဇာတိမာန် ထက်သန်လာစေရန်၊ မြန်မာစာပေကို ချစ်မြတ်နိုးတတ်စေရန်၊ လောကဓံကို ကြံ့ကြံ့ခံနိုင်စေရန် စာပေစွမ်းအားဖြင့် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးခဲ့သည်။ ကိုလိုနီခေတ်အတွင်း နယ်ချဲ့ဗြိတိသျှတို့ အုပ်စိုးစဉ်ကာလများတွင် မြန်မာစာပေကို နယ်ချဲ့တို့က ဖိနှိပ်ချုပ်ချယ် ဖျောက်ဖျက်ခဲ့သော်လည်း စာပေဖြင့် မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ ဇာတိသွေး၊ ဇာတိမာန်တက်ကြွစိတ်များ ပေါ်ပေါက်လာအောင် လှုံ့ဆော်ရေးသားနိုင်သူ စာဆိုပညာရှင်များ ပေါ်ထွက်ခဲ့သည်။ သမိုင်းတစ်လျှောက်တွင် စာပေသည် ဖိနှိပ်မှု၊ မတရားမှုနှင့် အကျင့်ပျက်ခြစားမှုတို့ကို ဖော်ထုတ်သည့် မှန်တစ်ချပ်အဖြစ် အသုံးတော်ခံခဲ့သည်။ အမျိုးသားရေးစိတ်ဓာတ်ကို လှုံ့ဆော်ရာတွင် အဓိက လက်နက်ဖြစ်ခဲ့သည်။

စာပေသည် ဖျော်ဖြေပေးရုံမျှသာမဟုတ် လူသားတစ်ဦး၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ် လိုအပ်သော အစိတ်အပိုင်းတစ်ခုဖြစ်သည်။

လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်များဖြစ်သည့်အတွက် လူငယ်များအသိဉာဏ်ပညာ ပြည့်ဝရေးနှင့် စဉ်းစားတွေးခေါ်နိုင်စေရန်အတွက် စာများများဖတ်ရန် လိုအပ်မည် ဖြစ်သည်။ သို့မှသာ ပညာပြည့်ဝနှလုံးလှကြမည်ဖြစ်သည်။ ယနေ့ခေတ်တွင် အင်တာနက်၊ ဆိုရှယ်မီဒီယာများသည် သတင်းအချက်အလက်များရယူရန် အဓိကလမ်းကြောင်းဖြစ်နေသည်။ လူငယ်များ၏ အတွေးအခေါ်၊ စိတ်ဓာတ်နှင့် လုပ်ရပ်များကို ပုံဖော်ရာတွင် စာပေနှင့်မီဒီယာတို့၏ ဩဇာလွှမ်းမိုးမှုသည် အလွန်ကြီးမားလှသည်။ မကောင်းသော စာပေများ၊ အဆိပ်ခပ်နေသည့် မီဒီယာများက ယနေ့လူငယ်အများစုကို အကြမ်းဖက်လမ်းစဉ်ဘက်သို့ ဆွဲခေါ်နေသည်။ အင်တာနက်၊ ဆိုရှယ်မီဒီယာပေါ်ရှိ သတင်းအချက်အလက်များသည် မှန်ကန်ခြင်း၊ မမှန်ကန်ခြင်းကို ဆန်းစစ်တတ်ရန်လိုသည်။ မသိခြင်းသည် အလွန်အန္တရာယ်များသော ပြဿနာတစ်ရပ်ဖြစ်သည်။ မသိ၍ ပြောမှား၊ ဆိုမှား အလုပ်အကိုင်မှားနေကြသည်။ မသိ၍ အယုံလွယ် လမ်းမှားလိုက်တတ်သည်။ မသိ၍ သူတစ်ပါး၏ အလိမ်အညာကိုခံရသည်။ လူငယ်များအနေဖြင့် မိမိနိုင်ငံ၏ သမိုင်းကြောင်း၊ နိုင်ငံရေးအခြေအနေများကို ကိုယ်တိုင်လေ့လာသင့်သည်။ သတင်းများကို မှန်ကန်စွာ ဆန်းစစ်နိုင်ခြင်း၊ လှည့်ဖြားမှုများကို သိမြင်နိုင်ခြင်းသည် အသိပညာရှိမှသာ ဖြစ်နိုင်သည်။ နိုင်ငံရေးအသိပညာမရှိဘဲ အခြားသူများ၏စကားကို အလွယ်တကူ ယုံကြည်မိပါက မိမိအတွက် အန္တရာယ်ရှိသော လမ်းစဉ်များကို လိုက်စားမိနိုင်သည်။ စာဖတ်ခြင်းဖြင့် လူငယ်များသည် မိမိကိုယ်ကို ယုံကြည်မှုရှိစေပြီး ဆင်ခြင်တုံတရားဖြင့် မိမိ၏ရွေးချယ်မှုများကို ပိုမိုတိကျစွာ ရွေးချယ်ဆုံးဖြတ်နိုင်ကာ လမ်းမှားသို့ရောက်ရှိခြင်းမှ ကာကွယ်နိုင်သည်။ ပဋိပက္ခများကို အကြမ်းဖက်နည်းဖြင့် ဖြေရှင်းခြင်းသည် အဖြေမဟုတ်။ လူငယ်များအနေဖြင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ အချင်းချင်း နားလည်မှုရှိခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်းတို့ကို လေ့လာသင်ယူသင့်သည်။ လူမျိုး၊ ဘာသာ၊ နိုင်ငံရေး အစရှိသည့် မတူကွဲပြားမှုများကို လေးစားတတ်သော လူငယ်များဖြစ်လာရန် အရေးကြီးသည်။ ထို့ကြောင့် သိအောင်၊ တတ်အောင် လေ့လာရန်လိုအပ်ပြီး လေ့လာရာ၌ စာပေဖတ်ရှုလေ့လာခြင်းသည် အကောင်းဆုံးဖြစ်သည်။

စာပေသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အသည်းနှလုံးဖြစ်သည်။ စာပေသည် လူသားတို့ကို အသိဉာဏ်ပွင့်လင်းစေသည့် ဦးနှောက်အာဟာရကို ဖြစ်စေသည်။ စာဖတ်ခြင်းဖြင့် အဖိုးတန်အသိပညာနှင့်ဗဟုသုတများရရှိခြင်း၊ ဦးနှောက်ကိုလေ့ကျင့်ပေးနိုင်ခြင်း၊ အာရုံစူးစိုက်မှုတိုးတက်ခြင်း၊ မှတ်ဉာဏ်ကောင်းခြင်း၊ ဖျော်ဖြေမှုရရှိခြင်း၊ မျှဝေခံစားနိုင်စွမ်း(စာနာထောက်ထားမှု)ရှိခြင်း၊ ဆက်သွယ်ပြောဆိုမှုအရည်အသွေးတိုးတက်ခြင်း၊ စိတ်ဖိစီးမှုလျှော့ချနိုင်ခြင်း၊ စိတ်ဓာတ်ကြံ့ခိုင်ခြင်း၊ သက်တမ်းပိုရှည်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်သည်။ "ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည့်"ဟု ရေးစပ်ထားသည့် ရှင်မဟာရဋ္ဌသာရ၏ ဆုံးမစာအရ စာကောင်းပေကောင်းများကို နေ့စဉ်ဖတ်ရှုပါက လိမ္မာရေးခြားမရှိသောသူပင်လျှင် လိမ္မာယဉ်ကျေးလာမည်ဖြစ်ပါသောကြောင့် ဆုံးမစာများကဲ့သို့ စာပေများကို ဖတ်ရှုလေ့လာသင့်ကြောင်း ဆုံးမထားပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာနှင့် တွေးခေါ်မြော်မြင်နိုင်စွမ်းမြင့်မားစေရန် အထူးအလေးထား ဆောင်ရွက်ပေးရသည်။ စာပေသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသည့် နယ်ပယ်အားလုံး၏ ယဉ်ကျေးမှုအမြုတေရတနာပင်ဖြစ်သည်။ စာပေစွမ်းအားဖြင့် နိုင်ငံနှင့်လူမျိုးတို့၏ စိတ်ဓာတ်စွမ်းအားများ မြင့်မားလာအောင် ပြုလုပ်ပေးနိုင်သည်။ စာပေသည် မျိုးဆက်များစွာကို လမ်းပြပေးနိုင်သည့် မည်သည့်အခါမှ မငြိမ်းသော မီးပြတိုက်တစ်ခုပင်ဖြစ်သည်။ စာပေသည် နိုင်ငံ၏ယဉ်ကျေးမှု အဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ပေးနိုင်သည့် စွမ်းအားရှိသည်။ စာပေမဖွံ့ဖြိုးသောနိုင်ငံ၊ စာဖတ်သူနည်းပါးသော နိုင်ငံသည် ဖွံ့ဖြိုးမှု နည်းပါးပြီး ယဉ်ကျေးမှုပါ ပပျောက်နိုင်သည်။ မိမိနိုင်ငံသူ၊ နိုင်ငံသားများသည် အနောက်နိုင်ငံများကို အထင်ကြီးကြသည်။ အင်္ဂလိပ်၊ ဂျပန်၊ တရုတ်၊ ပြင်သစ် စသည်ဖြင့် အနောက်တိုင်းစာပေများကို လေ့လာသင်ယူနေကြသည်။ မိမိစာပေကို လေ့လာလိုက်စားသူနည်းပါးပြီး ပစ်ပယ်လာကြသည်။ စာပေကို မလေ့လာခြင်းသည် ယဉ်ကျေးမှုကို ပစ်ပယ်ခြင်းနှင့်တူသည်။ ယဉ်ကျေးမှုကို ပစ်ပယ်ပါက အမျိုးသားရေးစရိုက် လက္ခဏာများ ပျောက်ကွယ်ပြီး သူ့ကျွန်ဘဝသို့ ကျရောက်နိုင်ပေသည်။ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်ဆိုသည့် သတိပေးစကားကိုလိုက်နာကာ ယဉ်ကျေးမှုမပျောက်ပျက်အောင်၊ ခိုင်မြဲတည်တံ့အောင် ဆက်လက်တည်ဆောက်ရန်မှာ နိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်ပါကြောင်း ရည်ရွယ်တင်ပြလိုက်ရပါသည်။

**ကိုးကား**


(၁) www.moi.gov.mm

(၂) www.myawady.net.mm

(၃) အခြားစာပေနှင့် အင်တာနက်စာမျက်နှာများ

ဝတ္ထုတိုကလျာ

# ရွှေထီးဘယ်သို့ ဆောင်းပါ့မယ်

ကနောင်(ပခန်းမြေ)



(၁)

ကိုသာဖျော့တစ်ယောက် ရှင်ပြုအလှူတော်မင်္ဂလာပွဲကြီးအတွက် လိုအပ်သည့်သင်္ကန်း၊ သပိတ်စသော ပရိက္ခရာပစ္စည်းတို့ကို ဝယ်ယူခဲ့ပြီဖြစ်၏။ ရွာပြန်မည့်ကားပေါ်၌ ခရီးသည်များနှင့် ကုန်စည်စလယ်များကလည်း အပြည့်ပင်။ ကိုသာဖျော့ ကားခေါင်းခန်းအတွင်းမှ ထိုင်လိုက်၏။ ခရီးသည်ကားကြီးက မည်းမည်းပြောင်ပြောင်ကတ္တရာလမ်းမကြီးပေါ်၌ တရွေ့ရွေ့နှင့် ဖြတ်သန်းပြေးနေ၏။ ကိုသာဖျော့၏ စိတ်အစဉ်တွင် အလှူတော်မင်္ဂလာပွဲကြီးအတွက် အနှစ်နှစ်အလလ ကြိုးစားရုန်းကန်ခဲ့ရသည့် ပုံရိပ်များက အတွေးပိတ်သားထက်၌ အတိတ်ရုပ်ရှင်လာပြသည့်ပမာ ထင်ဟပ်ပေါ်လွင်နေ၏။

မြောက်ပြန်နှောင်းလေ ခရီးသေလျက် တောင်လေသွေးစ တပေါင်းလသို့ရောက်လျှင် တောင်သူလုပ်ငန်းဝန်တာတို့သည်လည်း ပါးလျခဲ့ပြီဖြစ်၏။ ရွာ၏အပြင်ဝန်းကျင်ကို ရှုကြည့်ပြန်တော့ ရိုးပြတ်ငုတ်တို လယ်ယာများနှင့် မှိုင်းညို့ရှည်လျားသည့် ထန်းပင်ကြီးများကိုသာ ထီးထီးမားမားတွေ့ရပြန်လေ၏။ ပင်လက်ပံတို့သည်လည်း နီတာရဲနေသည့်အပွင့်တို့နှင့်ဝေဆာလျက် ပတ္တမြားပန်းတို့ပွင့်သည့်အလား တောက်ပဝင့်ထည်၍နေ၏။ ရွာအဝင်လမ်းတွင် မန်ကျည်း၊ တမာအေးရိပ်ဖြာလျက် ဇရပ်၊ တန်ဆောင်း၊ စေတီ၊ ကျောင်းတို့ကို တွေ့ရပေလိမ့်မည်။ ညနေ နေစောင်းချိန်၌ လှည်းဝင်ရိုးသံတညံညံနှင့် ရေစည်လှည်းတို့လည်း ရေချိုတွင်းဆီသို့မောင်းသွားကြလေပြီ။ နေညိုချိန်တိမ်အတောက်မှာ ဖုန်လုံးကြီးတို့သည်လည်း တလိပ်လိပ်နှင့် လှိုင်းလိုထ၍နေချေပြီ။ ရွာသူ၊ ရွာသားတို့သည် ရေချိုခပ်၍ရေချိုးဆင်းကြချိန်ဖြစ်၏။ ထို့ကြောင့် ရေချိုတွင်းတွင် လူစည်ကားစပြုနေသည်ကို တွေ့ရသည်။

ယနေ့ညဦးပိုင်း၌ ရွာဦးကျောင်းတွင် အစည်းအဝေးရှိသည်။ ထို့ကြောင့်လည်း လူလတ်ပိုင်းနှင့် လူကြီးပိုင်းများ ရွာဦးကျောင်းသို့သွားကြရပေဦးမည်။ အကြောင်းမှာ ကိုသာဖျော့တို့၏ ရှင်ပြုအလှူပွဲကိစ္စ နေ့ရက်နှင့် ဝေယျာဝစ္စပြုဖွယ်များ စီမံခန့်ခွဲသတ်မှတ်ရန်၊ ပြောဆိုတိုင်ပင်ကြရန် ဖြစ်ပေ၏။

(၂)

"တပေါင်းလပြည့်နေ့ကို နေ့လဲကောင်း၊ ရက်လဲသင့်တာမို့အလှူကြီးရက်အဖြစ် သတ်မှတ်ကြတာပေါ့"

" မှန်ပါ့ဘုရား ဘဘုန်းကောင်းမွန်သင့်မြတ်သလို စီမံမိန့်တဲ့အတိုင်း လုပ်ကိုင်ဆောင်ရွက်ကြပါ့မယ်ဘုရား"

ထိုသို့ဖြင့် ဝေယျာဝစ္စအခန်းကဏ္ဍပါမကျန် စီမံခန့်ခွဲမှုပြီးမြောက်ကြလေသည်။ ယခုအခါ အလှူရက်သည် ရက်သတ္တနှစ်ပတ်ကျော်၊ သုံးပတ်ခန့် အချိန်ရလေ၏။ အကျွေးအမွေးအတွက် ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်တို့မှာ တောင်သူတို့၏သဘာဝ ရာသီပေါ်သိုလှောင်ထားကြ၍ အဆင်သင့်ရှိပြီးသားဖြစ်၏။ လိုအပ်သောပရိက္ခရာပစ္စည်းတို့ကိုသာ မြို့သို့တက်၍ဝယ်ရမည်ဖြစ်သည်။ လိုအပ်သည့် သင်္ကန်းပရိက္ခရာပစ္စည်းတို့ကို မောင်ရှင်လောင်းအရေအတွက်နှင့်တွက်ဆ၍ ကိုသာဖျော့ မြို့သို့တက်ကာ ဝယ်ရမည်ဖြစ်၏။ နားသမင်္ဂလာပြုလုပ်မည့် အမျိုးသမီးငယ်လေးများအတွက်လည်း သီလရှင်ဝတ်စုံဝယ်ရပေဦးမည်။ သင်္ကန်းကတော့ ပို၍ဝယ်ရမည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကိုသာဖျော့သည် ရှင်လောင်းအဖြစ်မိမိ၏သားများနှင့် မွေးချင်းတူရင်းတို့ကိုသာမဟုတ်ဘဲ ရွာထဲမှ ရှင်ပြုသင်္ကန်းဆီးလိုသည့် မည်သည့်ကလေးကိုမဆို စာရင်းပေး၍ပါဝင်နိုင်ကြောင်း ဗျိုးဟစ်ခဲ့ပြီးဖြစ်၏။ ထို့ကြောင့် ကိုသာဖျော့၏ အလှူသည် စည်စည်ကားကားနှင့် ခြိမ့်ခြိမ့်သဲသဲ ကြက်ပျံမကျရှိပေလိမ့်ဦးမည်။ အဘယ်ကြောင့်ဆိုသော် တစ်ရွာလုံးကို ဟင်းကောင်းကျွေး၍ လှူမည့်အလှူပွဲကြီးမို့ ဖြစ်ပေသည်။

(၃)

"စားစား အားရပါးရစားကြစမ်းပါဗျာ။ ဒီလိုလှူပြီး ကျွေးမွေးချင်လွန်းလို့ ကျုပ်တစ်သက်လုံး အားခဲကြိုးစားလာခဲ့တာ။ အခုတော့ အထမြောက်လို့ ဝမ်းသာတယ်ဗျို့"

ထမင်းရုံကြီးထဲတွင် လူအပြည့် ရွာနီးချုပ်စပ်လူများကအစ အလှူမို့ လာစားကြသည်။ ကိုသာဖျော့က ထမင်းရုံကြီးထဲစားသောက်နေကြသည့် ရွာသူ၊ ရွာသားများကိုကြည့်ပြီး ပီတိသောမနသစိတ်များ တဖွားဖွားဖြစ်ပေါ်နေ၏။ မိုးပြဲဒယ်ကြီးများထဲ၌ ကုလားပဲနှပ်၊ မုန်ရောင်ဟင်းချို၊ ငရုတ်သီးကြော်၊ ဝက်သားဟင်းများကိုလည်း တွေ့ရ၏။ ပဲတီချဉ်သုပ်ကလည်းပါသေးသည်မို့ အလွန်ပင်ခံတွင်းမြိန်စရာကောင်းပေ၏။ ထမင်းရုံမှအထွက်တွင် အဝတ်အစားဟောင်းနွမ်းနွမ်း၊ ဆံပင်ရှည်ရှည်မုတ်ဆိတ်ရှည်နှင့် စိတ်မနှံ့ရှာသည့် ကိုပွကြီးကလည်း ထမင်းဇလုံကြီးကိုင်ပြီး အားရပါးရစားနေရှာသည်။ ကိုသာဖျော့ခမျာ ကိုပွကြီးစားနေသည်ကိုကြည့်ပြီး ကရုဏာသက်စွာပြောမိပြန်သည်။

"စားစား ကိုပွကြီးရေ အားရပါးရစားနော်။ လိုတာရှိလဲပြော ကြားလား"

ကိုသာဖျော့က လိုတာရှိပြောဆိုတော့ ကိုပွကြီးသည် ထမင်းပလုပ်ပလောင်းစားရာကနေ ကိုသာဖျော့ကို မော့ကြည့်သည်။ တကယ်လိုတာကိုများ ပေးမှာလားဆိုသည့်သဘော။ ကိုသာဖျော့ကလည်း ကိုပွကြီးအကြည့်ကိုနားလည်သည့်ဟန်ဖြင့် စကားထပ်ဆိုသည်။

"ပွကြီး ထမင်းလိုလား၊ ဟင်းလိုလား ပြောပြော အားမနာနဲ့ထပ်တောင်း"

ထိုသို့ဆိုတော့ ပွကြီးက ပါးစပ်ထဲက ထမင်းတောင်မျိုမချနိုင်သေးဘဲ အာလုတ်သံကြီးနှင့်ပြန်မေးရှာသည်။

"ခင်ဗျား တကယ် ကျုပ်လိုတာပေးမှာလား"

"အေး လိုတာပေးပ့ါမယ်ဆိုကွာ။ ထမင်းလား၊ ဟင်းလား ဘာလိုလဲပြော"

"ကျုပ် အဲဒါတွေမလိုဘူး ဗိုက်ပြည့်ပြီဗျ"

ထိုသို့ဆို၍ ထမင်းဇလုံကိုအောက်ချပြီး သူ့ဗိုက်ကြီးကိုပွတ်ပြသည်။ ကိုသာဖျော့က စကားရှည်ရန်ကောဟုတွေးလျက် မေးရပြန်လေ၏။

"ပွကြီးရာ ဒါဆိုမင်းလိုတာကဘာလဲကွ။ ငါပေးနိုင်ရင် ပေးရတာပေါ့ကွာ"

ကိုသာဖျော့စကားကြောင့် ပွကြီးမျက်နှာလက်ခနဲဖြစ်သွားပြီး အားရပါးရပြုံးသည်။ လက်ညှိုးနှင့်နားထင်ကိုထောက်ပြီး စဉ်းစားဟန်ပြုလိုက်သေး၏။ ပွကြီး၏အပြုအမူကို ထမင်းချက်၊ ဟင်းချက်အဖွဲ့ကလည်း ပြုံးလျက်နှင့်သဘောကျစွာကြည့်နေကြသည်။ ပွကြီးက သူလိုသည့်အရာကို တစ်ခွန်းချင်းဖြည်းဖြည်းမှန်မှန်ပြောချလိုက်လေ၏။

"ကျုပ်လိုတာက မိန်းမဗျ"

"ဟား ဟား ဟား ဟား ဟား "

ပွကြီးစကားကြောင့် အလှူ့ဒါယကာကြီး ကိုသာဖျော့အပါအဝင် ကြားရသူတိုင်းကပင် တဝါးဝါးတဟားဟားနှင့် ရယ်မောမဆုံးဖြစ်ကြရလေ၏။ ထိုအခါမှ ကိုသာဖျော့ခမျာ ပွကြီးစကားကို ပျာပျာသလဲ ငြင်းဆန်ရလေတော့၏။

"အဲ အဲ အဲဒါတော့မရဘူးလေကွာ ပွကြီးရာ။ မင်းဟာက တောင်းမဲ့တောင်းတော့လဲ ငါမပေးနိုင်တာကို တောင်းတာကိုးကွ"

ထိုသို့ပြော၍ ကိုသာဖျော့ခမျာ ပွကြီးအနားမှ အမြန်သုတ်ခြေတင်ရလေတော့၏။ ပွကြီးကတော့ ဗိုက်လည်းပြည့်ပြီမို့ ရွာထိပ်က သူစံမြန်းရာသာလာယံဇရပ်ရှိရာ ပြန်ရန်ထလေ၏။ ကိုသာဖျော့ဆီက တကယ်လိုချင်တာမရသောအခါ သီချင်းလေးပင်ညည်းသွား၏။ သို့သော် ကိုပွကြီးဆိုသည့်သီချင်းက ကိုသာဖျော့ကိုပင် ခနဲ့သယောင်ရွဲ့သယောင်ရှိလေ၏။

"မုသားကို xxx ချိုသာစွာရယ် xxx ဘကြီးအောင် xxx ညာခဲ့သလားကွယ် xxx"

(၄)

ရွာဦးကျောင်းဝင်းထဲတွင် ရှင်လောင်းလှည့်ထွက်ရန် ပြင်ဆင်နေကြပြီဖြစ်၏။ အလှူ့ဒါယကာကြီး ကိုသာဖျော့က အသားညိုညိုမောင်းမောင်းနှင့် တိုက်ပုံလည်ကတုံး၊ ပုဆိုးတို့နှင့် သည်နေ့မှ ဝတ်စုံပြည့်တွေ့မြင်ရလေ၏။ အခါတိုင်းရက်များဆိုလျှင် ဒေါ်ပုံအိုချုပ်ပေးသည့် အဖာတစ်ရာအထပ်တထေး ပုဆိုးစုတ်၊ အင်္ကျီအစုတ်လေးနှင့် တောထွက်လိုက်၊ တောင်ထွက်လိုက်နှင့် တောင်ယာအလုပ်တကုပ်ကုပ်နှင့် လုပ်ခဲ့ရသူဖြစ်၏။

ယနေ့တော့ဖြင့် အလှူ့ဒါယကာကြီး ကိုသာဖျော့အဖြစ်နှင့် နေပူကြီးထဲ တောက်ပဝင့်ထည်၍နေ၏။ ပြုံးလိုက်တိုင်း ကွမ်းချိုးအထပ်ထပ်နှင့်သွားများကိုလည်း အတိုင်းသားမြင်နေရသည်။ ထိုပြုံးရယ်မှုများကြားတွင် အလှူတော်မင်္ဂလာပွဲကြီး၏ ပီတိသောမနသစိတ်များတဖွားဖွားဖြစ်ပေါ်နေသည်ကိုလည်း ခံစားသိမြင်နိုင်ပေ၏။ နိဗ္ဗာန်ဆော်ကြီး ဦးစောဖေက ပရိတ်အိုးယူအလှူလှည့်ရန် ချောင်းဟန့်မိုက်စမ်းပြီး အသံချဲ့စက်နှင့် နေရာစီစဉ်ချပေးနေသည်။

"အဟမ်း အဟမ်း ဘုရားပင့်ဆောင်မဲ့သူတွေက သာသနာ့အလံတော်နဲ့အတူ ရှေ့ဆုံးက သွားရပါမယ်။ အဲဒီနောက်ကနေ ကွမ်းတောင်၊ ပန်းတောင်ကိုင်သူတွေနဲ့ပရိတ်အိုးရွက်သူတွေက စီတန်းလိုက်ကြရပါမယ်။ ပြီးရင် ဒိုးပတ်ဝိုင်းက ရှေ့အဖွဲ့နောက်ကနေ ကပ်လိုက်ပြီး မြင်းစီးမောင်ရှင်လောင်းတွေက ဒိုးပတ်ဝိုင်းနောက်ကနေ ကပ်လိုက်ကြပါ။ နားသ သမီးငယ်လေးရဲ့လှည်းယဉ်တွေနဲ့ သျှိုးလိုက်လှည်းတွေကလဲ ရှေ့နောက်စီထားကြပါ။ အိုးစည်ဝိုင်းကတော့ နောက်ဆုံးကနေ လိုက်ရပ့ါမယ်ခင်ဗျ"

နိဗ္ဗာန်ဆော်ကြီး၏ကြေညာသံပြီးချိန်၌ ကျောင်းဝင်းထဲတွင် အလှူပွဲလာသူများနှင့် စည်ကားနေ၏။ ကိုပွကြီးက အလှူယပ်တောင်ကို ခေါင်းပေါင်းကြားထိုးပြီး အိုးစည်ဝိုင်းနားတွင်မြူးပျော်လျက်နှင့် ကွေးနေအောင် ကနေရှာ၏။ ဘုန်းကြီးကျောင်းသားလေးများကလည်း လှည်းများပေါ်ကနေ သျှိုးလိုက်၍နေကြလေပြီ။ အသံချဲ့စက်ဆရာကြီးကလည်း ဇောမိရွှေကျောင်းသီချင်းကို ဖွင့်ထားသည်ကို ကြားကြရပေ၏။

မကြာမီအချိန်၌ ရှင်လောင်းလှည့်ပွဲကြီးစခဲ့ပါပေပြီ။ မောင်ရှင်လောင်းများက မြင်းများပေါ် ခံ့ခံ့ကြီးထိုင်၍နေကြ၏။ ဆင်မြန်းထားသည့်ချပ်ဝတ်တန်ဆာနှင့် ဆောင်းထားသည့်ရွှေထီးတို့ကြောင့် မြင်းမိုရ်တောင်နှင့် တာဝတိံသာတို့မှ ဘွားခနဲကျလာသည့်နတ်သားလေးများပမာ ထင်မှတ်မှားရလေ၏။ ကိုသာဖျော့သားများက အုန်းခွံရောင်မြင်းကြီးများပေါ်ကနေ ရွှေမိုး၊ ငွေမိုးများကြဲချသည်။ တောက်တဲ့၊ ငွတို၊ အောင်ဘု၊ ငွက်ထော်တို့ ကလေးတစ်သိုက်ကလည်း အလုအယက်ကောက်ကြလေသည်။ ဘုန်းကြီးကျောင်းသားများကလည်း လှည်းများပေါ်ကနေ အားတက်သရော သျှိုးလိုက်နေကြလေပြီ။ တပေါင်းနေကလည်း အလွန်ပူပြင်းလှပေ၏။ ရွှေထီးများက နေရောင်အောက်တွင်တလက်လက်တောက်ပနေ၏။ အိုးစည်ဝိုင်းနားတွင် ဖိုးဝရုပ်ကြီးကလည်း တလှုပ်လှုပ်နှင့် က၍နေ၏။ စာမျက်နှာ ၂၇ သို့ á

# ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၃၅၆၆ ဧက စိုက်ပျိုးမည်


ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော အောက်တိုဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၃၅၆၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၃၅၆၆ ဧကကို ယခုနှစ် နိုဝင်ဘာလပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံစုံ ၃၅၆၆ ဧကတွင် မြေပဲ ၃၁၁၂ ဧက၊ နှမ်း ၃၇၁ ဧက၊ နေကြာ ၈၃ ဧက ဖြစ်ကြောင်း သိရသည်။

"ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့အတွင်း ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံစုံ ၃၅၆၆ ဧက လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ လက်ရှိ ဆီထွက်သီးနှံအားလုံး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့ နည်းပညာနဲ့ အခြားပံ့ပိုးမှုတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ဆီထွက်သီးနှံများကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဇေယျာသီရိမြို့နယ် ဥယျာဉ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥယျာဉ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ ဇေယျာသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်နှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ဥယျာဉ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ အရည်အသွေးပြည့်မီကောင်းမွန်ရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ဇေယျာသီရိမြို့နယ် ဥယျာဉ်ကျေးရွာ၌ အကျယ်လေးလက်မခွဲ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံ တည်ဆောက်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီရန်ပုံငွေကျပ် ၅၇ ဒသမ ၄၉၆ သန်း အသုံးပြုကာ ဌာနမှဝန်ထမ်းများစုဖွဲ့၍ ယခုနှစ် စက်တင်ဘာ ၁၈ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နေဘ်လူး**

á **စာမျက်နှာ ၂၆ မှအဆက်**

ဒိုးပတ်ဝိုင်းနား၌လည်း ဦးရွှေရိုးနှင့် ဒေါ်မိုးအကဖြင့် ကနေကြသည်။ ထိုအပါးတွင် ကိုပွကြီးကလည်း ဖဝါးမကွာလိုက်၍ ကနေလေ၏။ အညာဓလေ့နှင့် ပျော်မွေ့ဖွယ်ကောင်းသော အလှူပွဲကြီးဖြစ်ပါပေ၏။ မကြာမီအချိန်၌ အလှူပွဲကြီးလည်း အထမြောက်အောင်မြင်တော့မည်ဖြစ်၏။ အလှူတော်မင်္ဂလာပွဲကြီး အောင်မြင်စွာပြီးဆုံးတော့မည့်ရေစက်ချအနုမောဒနာပြုချိန်ရောက်တော့ ကိုသာဗျောတစ်ယောက် သာဓု အကြိမ်ကြိမ်အားရပါးရကြီး ခေါ်ပစ်လိုက်ဦးမည်ဟု တွေးလိုက်မိပေ၏။

(၅)

"ကိုသာဗျောရေ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့"

"သာဓု သာဓု သာဓု"

ကိုသာဗျောတစ်ယောက် သာဓုခေါ်ဆိုနေမိပါသော်လည်း ရေစက်ချပွဲက ခြောက်ကပ်ကပ်နိုင်လှပေ၏။

လူပရိသတ်အားလုံးက ရွှင်ပျမှုမရှိ၊ မျက်ဝန်းစိုစိုမျက်ကွင်းညိုညိုနှင့် ညှိုးခွေနွမ်းလျဖြစ်နေကြသည်။ ရွာသူ၊ ရွာသားများ မသာအခေါင်းကြီးထမ်းသယ်လာကြသည်ကိုလည်း တွေ့ရ၏။ သုသာန်ဇရပ်မှ သင်္ချိုင်းမြေကျင်းတူးထားသည့်အနားထိ သယ်သွားကြ၏။ အလောင်းခေါင်းပေါ်မှ ဖုံးလွှမ်းထားသည့် ဖျင်စောင်ထည်ကိုလှပ်လိုက်ပါမှ ကိုသာဗျော အံ့ဩထိတ်လန့်တုန်လှုပ်မိသွားလေ၏။ အခေါင်းထဲမှ အလောင်းကောင်ကြီးသည် မိမိ၏ရုပ်ကလာပ်ကြီးဖြစ်နေပေတော့၏။ ရှင်ပြုရမည့်သားများက မိမိရုပ်ကလာပ်ကြီးကို ဦးချကန်တော့နေကြသည်။ ဇနီးဖြစ်သူ မပုံအိုကြီး၏ အာခေါင်ခြစ်၍အော်ငိုသည့်အသံကြီးကိုလည်း အကျယ်ဆုံးကြားနေရသည်။

"ကိုသာဗျောရေ တော်ကျုပ်ကိုထားသွားခဲ့ပြီလား သွားပေအုံးတော့၊ သွားပေအုံးပေ့ါ ကိုသာဗျောရေ အီး ဟီး ဟီး ဟီး"

ကိုသာဗျောခမျာ တောင်လျှောက်လိုက်မြောက်လျှောက်လိုက်နှင့် ဒေါင်းတောက်နေရှာ၏။ မိမိ၏ဖြစ်စဉ်ကို မြို့မှပြန်လာသည့်အချိန်မှစ၍ ပြန်လည်စဉ်းစားကြည့်ပါမှ အဖြစ်မှန်အားလုံးကို သိခဲ့ရချေပြီ။

(၆)

ကိုသာဗျောတစ်ယောက် ရှင်ပြုအလှူတော်မင်္ဂလာပွဲကြီးအတွက် လိုအပ်သည့်သင်္ကန်း၊ သပိတ်စသောပရိက္ခရာတို့ကို မြို့ပေါ်မှဝယ်ယူလာခဲ့ချိန်ဖြစ်၏။ ရွာပြန်မည့်ကားပေါ်၌ ခေါင်းခန်းထဲတွင်ထိုင်ပြီး လိုက်ခဲ့သည်။ ကားပေါ်၌ အလှူတော်မင်္ဂလာပွဲကြီးအတွက် ကြိုးစားရုန်းကန်ခဲ့ရသည့်အချိန်များကိုစဉ်းစားမိတော့ အတွေးထဲ၌ တရိပ်ရိပ်တရေးရေးပြန်လည်မြင်ယောင်လာစေ၏။ အတွေးများနှင့်အတူ ကားပေါ်တွင် မှေးစက်အိပ်ပျော်သွားမိသည်။ မြို့ပေါ်၌ သွားလာလှုပ်ရှားမှုပြုထားရသည်မို့ ပင်ပန်းနေရှာသည်လည်းထင်ရ၏။ ခရီးသည်တင်ကားကြီးလည်း နွေခေါင်ခေါင်နေပူကြီးထဲ မည်းပြောင်ပြောင်ကတ္တရာလမ်းမကြီးပေါ်၌ ဖြတ်သန်းပြေးနှင်နေ၏။ ထိုကားပေါ်၌ ကိုသာဗျောသည်လည်း အိပ်စက်မွေ့ပျော်လျက်ရှိနေ၏။

အိပ်မက်လေလား၊ တကယ်လေလားမသဲကွဲသည့် အလှူပွဲကြီးက ကိုသာဗျော၏ ရင်ထဲ၌ကျင်းပနေခဲ့သည်။ ထိုစဉ် ကိုသာဗျောတို့စီးလာသည့်ကားသည် ဘရိတ်ပေါက်ပြီး အရှိန်ပြင်းပြင်းနှင့်လမ်းဘေးသစ်ပင်ကို ဝင်တိုက်မိခဲ့၏။ ကံဆိုးစွာနှင့် ကားခေါင်းခန်းထိုင်မိသော ကိုသာဗျောလည်း မတော်တဆမှု၌ ကြွေလွင့်ခဲ့ရသည်။ သို့သော် ကိုသာဗျောသည် ပင်ပန်း၍အိပ်ပျော်လျက်လိုက်လာသည်ဖြစ်ရာ ထိုအဖြစ်အပျက်တို့ကို ရုတ်တရက်ဖြစ်သဖြင့် သိပင်မသိလိုက်ခဲ့။ ယနေ့ဆိုလျှင် ကိုသာဗျော၏ မြေချရက်ပင်ဖြစ်ပေ၏။ ကိုသာဗျောသည် စိတ်ဝိညာဉ်မှ နိုးထလာချိန်၌ မိမိကိုယ်ကို ဘဝခြားသွားခဲ့ပြီဆိုတာသိလိုက်ရ၏။ သင်္ချိုင်းအစွန်ရှိ လက်ပံပင်ကြီး၏အောက်တွင် ကိုသာဗျော စိတ်ပျက်လက်ပျက်ထိုင်ချလိုက်မိသည်။ မိမိမရှိတော့သည့် သားတော်မောင်တို့၏ အနာဂတ်ရှေ့ခရီး၌ ဇနီးမပုံအိုတစ်ယောက်နှင့် ရွှေထီးဘယ်သို့ဆောင်းကြလေရှာမလဲဟု တွေးမိပြန်တော့ သက်ပြင်းရှည်တစ်ခုကို လေးလံစွာဖူးခနဲမှုတ်ထုတ်ပစ်လိုက်မိသည်။ ထိုအခိုက်တွင် လက်ပံပင်ပေါ်မှအပွင့်တချို့က လေ၌လွင့်ဝဲတဖွဲဖွဲဖြင့်ဝေ့ဝိုက်ကာ မြေပေါ်တွင် ကြွေလွင့်ခဲ့လေ၏။ ခင်တန်းငယ်ကုန်းမို့မို့ဆီကလည်း ဥဩတွန်သံကြားရ၏။ ချိုးကူသံလည်းကြားရသည်။ ရိုးပြတ်ကွင်းများဆီက ဖြတ်တိုက်လာသောလေပူတို့ကြောင့် ထန်းပင်ပေါ်မှ ထန်းရွက်ခြောက်တို့သည် ပင်စည်နှင့်ပွတ်တိုက်ပြီး တရှဲရှဲတရှပ်ရှပ်မြည်နေ၏။ အညာနွေသည် ပူ၏။ သို့သော် မိန်ရာသီလတပေါင်း၏နွေအပူသည် ကိုသာဗျော၏ရင်တွင်းမှ သောကပရိဒေဝအပူများထက်တော့ ပို၍ပူပြင်းနိုင်စွမ်းမရှိဟု ထင်မိပါတော့သည်။

# လတန်ဆောင်တိုင် ပွဲအလှူမြိုင်

\- မြန်မာ့အယူ စံနမူကား
မတူကွဲပြား လွန်ထင်ရှားခဲ့
ဘုရားကစိန် ကျောင်းမှာသိမ်နှင့်
ကထိန်သင်္ကန်း ပိဏ်ဆွမ်းတန်းတည်း။

\- လှူဖွယ်အစု များလှူပြု၍
ကုသိုလ်အရေး ဘယ်မနေးကာ
ဖေးမကူညီ ပွဲတော်တည်လို့
ရည်ရွယ်လတွင်း ယှဉ်ပြိုင်ခင်းသည့်
ကျင်းပဆင်နွှဲ ကထိန်ပွဲတည်း။

\- ယှဉ်ပြိုင်ရက်ကြ ကြာမျှင်စကို
အလှပုံနှယ် သင်္ကန်းထည်ဖြစ်
လဝယ်ပြည့်ဖြိုး ရောင်ဝါတိုးချိန်
မသိုးသင်္ကန်း ကပ်လှူဒါန်းဖို့
ပွဲလမ်းသဘင် အောင်ပွဲဆင်၍။

\- နိဗ္ဗာန်တော်စျေး တည်ခင်းပေးလို့
မနေးပါဝင် တူပျော်ရွှင်ကာ
အစဉ်ကောင်းမှု အလှူပြု၍
စတုဒိသာ ကျွေးမွေးပါ၏
များစွာဝေငှ သူငါရနှင့်။

\- ပံ့သကူပစ် အလှူဖြစ်သည့်
ထွန်းသစ်မြိုင်မြိုင် တန်ဆောင်တိုင်တွင်
လှိုင်လှိုင်ပွင့်မြဲ ပန်းခဝဲနှင့်
မခွဲအညီ မဲဇလီတို့
စီရီထွက်ပေါ် သူတို့ပျော်၏။

\- သန်းခေါင်တိုင်ည ဆေးပေါင်းခလို့
စန်းလရောင်စွယ် ပြည့်ထွန်းကြွယ်ချိန်
မဲဇလီဖူး အပြုတ်နူးကို
အထူးသုပ်ကာ စားကြပါသည်
ဘယာရန်ရှင်း ရောဂါကင်း၍။

\- နက္ခတ်စုံထွန်း သော်တာရွှန်းလဲ့
ပြည့်ဝန်းလို့လျှံ ကောင်းကင်ယံတွင်
မိုးပျံမီးပုံး ရာထောင်လုံးတို့
အဆုံးလိုက်ပါ ဝဲပျံလာသည်
သာယာပြည်တွင်း ထိန်ထိန်ဝင်းကာ
မီးမြင်းမိုရ်စုံ ပန်းသင်းထုံ၍။

\- မြန်မာ့ကထိန် ဂုဏ်မသိန်ပါ
ရောင်ရှိန်ထင်ရှား ကမ္ဘာလွှားဝယ်
ကျော်ကြားအောင်မြင် ဖြူသန့်စင်သည်
ကောင်းကင်မြေကြီး အသီးသီးတွင်
စည်းလုံးပွဲတော် နိမိတ်ဖော်ဆောင်
မော်ကြွားနိုင်လျက် အောင်ပွဲဆက်ခဲ့
မပျက်နှစ်ချီ အလီလီတည်း။ ။

**ဆောင်းနေရောင်(အဖျောက်)**

# ကသပိုးငါး၏ သဘာဝနှင့် အသုံးဝင်ပုံ

**နှင်းအိ(ရာမညမြေ)**

ကသပိုးငါးသည် အသားနုသော ငါးအမျိုးအစားတွင်ပါဝင်ပြီး ဟင်းချက်စားရာတွင်ချို၍အရသာကောင်းမွန်လှသည်။ ဩစတြေးလျ၊ ဂျပန်၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံတို့နှင့် အာဖရိကတိုက်ရှိ ဒေသများတွင်လည်း ကသပိုးငါးကိုတွေ့ရှိပေသည်။ ကသပိုးငါးသည် မြစ်၊ ချောင်း၊အင်းအိုင်တို့၌ ကျောက်စရစ်များ၊ ကျောက်တုံးများ၊ ရွှံ့မြေများပေါ်တွင်နေထိုင်တတ်ပြီးအရောင်မှာ အညိုရောင်ဖျော့ဖျော့ဖြစ်သည်။ ကသပိုးငါးကို အင်္ဂလိပ်လို " Golden Tank Goby " ဟု ခေါ်ဆိုကြပြီး မြန်မာလိုသာသာပြန်လျှင် ရွှေရောင်စည်ဂေါ်ဘီ၊ ရွှေရောင်အပြားလိုက်ဂေါ်ဘီဟုသိရသည်။ သိပ္ပံအမည်မှာ Glossogobius aureus ဖြစ်ပြီး ခန္ဓာကိုယ် အရှည်မှာ ၂၅ စင်တီမီတာထိ ရှိကြသည်။

ကသပိုးငါးကို အညာဒေသတွင်နိုင်လွန်ငါး၊ ငါးလုံးဟုခေါ်ကြပြီး ဒေသအခေါ်မှာငါးလူး(ငလူး)ဖြစ်သည်။

**အရွယ်အစားနှင့်ပုံသဏ္ဌာန်**

ကသပိုးငါး၏ဦးခေါင်းပိုင်းသည် ရှည်လျားပြီး ခန္ဓာကိုယ်၏ လေးပုံတစ်ပုံခန့် ရှိကြသည်။ ခန္ဓာကိုယ်အရှည်မှာ ၂၅ စင်တီမီတာထိရှိတက်ပြီး ပုံမှန်အရှည်မှာ ၁၂ စင်တီမီတာ ရှိတတ်သည်။

ကသပိုးငါး၏ ခန္ဓာကိုယ်ပုံသဏ္ဌာန်သည် ရှည်မျောမျောရှိပြီး မျက်လုံးမှာပြူးထွက်နေတတ်သည်။ကျောဘက်တွင် စအိုကျောရိုးတစ်ခုရှိသည်။

**နေထိုင်မှုအလေ့အထ**

ကသပိုးငါးကိုမြစ်များ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိရေတိမ်သော၊ သဲသောင်ပြင်များတွင် သာမကမြစ်များ၊ရေအောက်ကြမ်းပြင်များ၊ ရေချိုနှင့်ရေချိုရေငန်စပ်တွင်လည်းတွေ့ရတတ်သည်။ ရေကြည်၊ ရေနောက်နှစ်မျိုးစလုံးတွင် နေထိုင်ကျက်စားတတ်ကြသည်။ ကသပိုးငါးကို ရွှံ့နွံအောက်ခြေနှင့်သဲပြင်ပေါ်တွင်တွေ့ရလေ့ရှိပြီး အများအားဖြင့်တွင်းအောင်းနေလေ့ရှိကြသည်။

**အစာစားသည့် အလေ့အထ နှင့်သက်တမ်း**

ကသပိုးငါးသည် ရေနေအင်းဆက်ပိုးမွှားများ၊ အခွံမာသာလောင်း(ပုစွန်)နှင့် ငါးငယ်များကို ၄င်းတို့၏အစာအဖြစ်စားသုံးကြသည်။ ကသပိုးငါးသက်တမ်းမှာတစ်နှစ်မှနှစ်နှစ်ခန့်ထိ သက်တမ်းရှိသည်။

**ကသပိုးစားဖွယ်စုံ**

ကသပိုးငါးသည် ညှီနံ့နည်းသဖြင့် လူကြိုက်များသည်။ ကသပိုးငါးအကြွပ်ကြော်၏ ရနံ့မှာမွှေးပျံ့ချိုဆိမ့်သောအရသာရှိသောကြောင့် လူကြိုက်များသည်။ထို့ပြင် ကသပိုးငါးကို ကြော်ခြင်း၊ အချဉ်နှင့်ဆီပြန်ချက်ခြင်း၊ အစပ်ချက်ခြင်း၊ ကသပိုးထမင်းချဉ်ပြုလုပ်၍လည်းစားသုံးကြသည်။ ကသပိုးငါးကို ဆန်နှင့်ပြုတ်၍လည်းစားသုံးကြသည်။ ကသပိုးငါးသည် အရိုးပါမကျန်စား၍ရသော ငါးတစ်မျိုးလည်းဖြစ်သည်။ ကသပိုးငါးမှာအသားနူးညံ့၍ အရသာကောင်းမွန်သော ငါးတစ်မျိုးဖြစ်သောကြောင့် ငါးကြီးမကြိုက်သောသူများအနေဖြင့် ကသပိုးငါးသည်စားသုံးရန် သင့်တော်လှပေသည်။



**ကသပိုးငါးတွင်ပါရှိသော အာဟာရဓာတ်**

ငါးစားခြင်းသည် လူ၏ခန္ဓာကိုယ်ကျန်းမာရေးအတွက် ကောင်းကျိုးများစွာရှိစေသည်ကို လူအများသိရှိပြီးဖြစ်သည်။ သို့သော်လည်း ကသပိုးငါးအပါအဝင် ငါးများတွင်ပါဝင်သော အာဟာရဓာတ်များ ဗီတာမင်နှင့်သတ္တုဓာတ်များ အသားဓာတ် (ပရိုတင်းဓာတ်) များပါဝင်သည့်အပြင် ငါးကြီးဆီဓာတ်များ အိုမီဂါ-၃ ဓာတ်လည်း အပြည့်အဝပါဝင်နေသောကြောင့်ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာရရှိစေသည်။

**အိုမီဂါ - ၃**

ကသပိုးအပါအဝင် ငါးများတွင်ပါဝင်သော အိုမီဂါ-၃သည် နှလုံးသွေးကြောကျန်းမာရေးအတွက် အထူးကောင်းမွန်သည်။ အိုမီဂါ - ၃ သည် နှလုံးသွေးကြောကျဉ်းခြင်းနှင့် နှလုံးရောဂါဖြစ်ပေါ်နိုင်ခြေကို လျှော့ချပေးနိုင်ခြင်း၊ သွေးတွင်းမကောင်းသောအဆီများကို ဖယ်ရှားပေးနိုင်ပြီး ကောင်းသောအဆီဓာတ်ကို များပြားလာစေခြင်း၊ သွေးပေါင်ချိန်ကိုထိန်းပေးနိုင်ခြင်းစသည့် ကျန်းမာရေးကောင်းကျိုးများကို ရရှိစေနိုင်သည်။ ထို့အပြင် အိုမီဂါ - ၃ သည်ဦးနှောက်ကျန်းမာရေးအတွက်လည်း များစွာအထောက်အကူဖြစ်စေသည်။

**ဗီတာမင်-A**

ကသပိုးအပါအဝင် အဆီများသောငါးများကို များများစားပေးမည်ဆိုလျှင် ဗီတာမင် A ကို ရရှိစေနိုင်သည်။ ဗီတာမင်- A သည် အမြင်အာရုံကောင်းမွန်စေခြင်း၊ မျက်စိရောဂါများ ဖြစ်လာနိုင်ခြေကို လျှော့ချပေးနိုင်ခြင်း၊ အရိုးနှင့်သွားများ ကြီးထွားသန်မာလာစေခြင်းစသည့်အကျိုးကျေးဇူးများစွာကို ရရှိစေသည်။

**ဗီတာ B-complex**

ကသပိုးငါးတွင် နောက်ထပ်ပါဝင်သော ဗီတာမင်ဓာတ်များမှာ ဗီတာမင် B1, B2, B6, B12 စသည်တို့ဖြစ်သည်။ ဗီတာမင် B-complex သည် ဦးနှောက်နှင့် အာရုံကြောစနစ်ကောင်းမွန်စေရန်အတွက် အထောက်အကူဖြစ်စေသည်။

**ဗီတာမင် D**

ကသပိုးငါးတွင် အရိုးနှင့် သွားကျန်းမာရေးအတွက်ကောင်းမွန်စေသော ဗီတာမင် D လည်းများစွာပါဝင်နေသည်။ ဗီတာမင် D သည် ကိုယ်ခံအားစနစ်မြင့်တက်စေရန် ကူညီပေးနိုင်သည်။

**ကယ်လ်စီယမ်**

ဗီတာမင် D အပြင် အရိုးကျန်းမာဖွံ့ဖြိုးရေးအတွက်လိုအပ်သော ကယ်လ်စီယမ်ဓာတ်သည်လည်း ကသပိုးငါးတွင်ပါရှိသည်။

**မဂ္ဂနီဆီယမ်**

ကသပိုးငါးတွင် ပါဝင်သော မဂ္ဂနီဆီယမ်ဓာတ်သည် နှလုံးနှင့်ကြွက်သားကျန်းမာရေးအတွက် အထောက်အပံ့ဖြစ်စေခြင်း၊ ဆီးချိုရောဂါဖြစ်ပေါ်နိုင်ခြေကို လျှော့ချပေးနိုင်ခြင်း စသည့် ကောင်းကျိုးများစွာကို ရရှိစေနိုင်သည်။

**ဇင့်ဓာတ်**

ကသပိုးငါးတွင် ခန္ဓာကိုယ်တွင်းဆဲလ်များကြီးထွားဖွံ့ဖြိုးစေရန်နှင့် ကိုယ်ခံအားစနစ်ကို တိုးတက်ကောင်းမွန်စေနိုင်သော ဇင့်ဓာတ်လည်းပါရှိသည်။

**သံဓာတ်**

ကသပိုးငါးတွင် သံဓာတ်ပါဝင်သောကြောင့် သံဓာတ်ချို့တဲ့ပြီး သွေးအားနည်းခြင်းကင်းဝေးစေရန် ကသပိုးငါးစားသုံးပေးသင့်သည်။ ကသပိုးအပါအဝင် ငါးများများစားသုံးခြင်းဖြင့်ဗီတာမင်နှင့်သတ္တုဓာတ်များကြွယ်ဝစွာရရှိစေနိုင်သောကြောင့် တစ်ပတ်လျှင် အနည်းဆုံးသုံးကြိမ်ခန့် ငါးကိုစားသုံးပေးသင့်သည်။ ကသပိုးငါးစားသုံးခြင်းသည် ပရိုတင်းဓာတ်ရရှိစေသည့်အပြင်အိုမီဂါ-၃လည်း ပါဝင်နေသောကြောင့် ကျန်းမာရေးအတွက် ကောင်းကျိုးများစွာရရှိနိုင်သည်။

**အချုပ်အားဖြင့် ဆိုရသော်-**

ကသပိုးငါးသည် အသားနုသော ငါးအမျိုးအစားတွင်ပါဝင်ပြီး အရသာလည်းချိုဆိမ့်၍ထူးခြားကောင်းမွန်လှသည်။ ထို့ပြင် ကသပိုးငါးသည် အရိုးပါစားသုံး၍ရသောငါးတစ်မျိုးဖြစ်ပြီး အရိုးကျန်းမာရေးအတွက် အကျိုးလည်းများစွာရရှိနိုင်သောကြောင့် မကြာမကြာစားပေးသင့်သည့် ငါးအမျိုးအစားဖြစ်ပါကြောင်း လေ့လာဖော်ပြလိုက်ပါသည်။

**ကိုးကား**


- (1) မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၁)
- (2) ငါးလုပ်ငန်းစာစဉ်အတွဲ(၁) အမှတ် (၃)
- (3) Fish Base of Myanmar
- (4) Inland Fisheries of Myanmar


## စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၃၂၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၃၂၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၄၇၈ ကေ စိုက်ပျိုးရန်လျာထားပြီးယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ယင်းမာပင်မြို့နယ်တွင် ၆၉ ကေ၊ ကနီမြို့နယ်တွင် ကေ ၁၂၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ကေ၅၀ နှင့် ပုလဲမြို့နယ်တွင် ကေ ၂၀၁၀ စုစုပေါင်း ၃၃၂၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီယင်းမာပင်ခရိုင်မှာ မတ်ပဲကေ ၁၀၄၇၈ စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ ဒီနေ့ထိ ၃၃၂၉ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးရာမှာလဲလိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်နေ တယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ကေ ၆၀၀၊ ကနီမြို့နယ်တွင် ကေ၁၁၀၊ ဆားလင်းကြီးမြို့နယ်တွင် ကေ၆၇၀၀နှင့် ပုလဲမြို့နယ်တွင် ၃၀၆၈ ကေ စုစုပေါင်း ၁၀၄၇၈ ကေတို့ဖြစ်ကြောင်း သိရသည်။



မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် မတ်ပဲကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ဇလွန်မြို့နယ်တွင် ငါးမုတ်များ အရောင်းအဝယ်ကောင်းမွန်နေ



**ဇလွန် အောက်တိုဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ငါးမုတ်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်တွင် ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ ယနေ့ထိ ငါးမုတ်များ ဝယ်လိုအားကောင်းပြီး ပိဿာချိန်အများအပြား အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အဆိုပါ ငါးမုတ်များကို ပြည်တွင်းဈေးကွက်က ဝယ်ယူမှု ကောင်းလာခြင်းကြောင့် တင်ပို့အား တက်လာခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိငါးမုတ်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိ တစ်နေ့ပျှမ်းမျှ ငါးမုတ်ပိဿာချိန် ၇၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသဈေးကွက်မှာကို ငါးမုတ်တွေ အဝယ်လိုက်လာလို့ အရောင်းအဝယ် ဖြစ်ခဲ့တာပါ။ ဒေသပွဲရုံတွေဆီ ငါးမုတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီ ဝင်လာတဲ့ ငါးမုတ်တွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ငါးမုတ်တွေ တင်ပို့အားတက်လာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေတာ တွေ့ရပါတယ်။ ဒီဘက်ဒေသကထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ကိုပဲ အဓိက တင်ပို့ ရောင်းချနေပါတယ်။ ရန်ကုန်ဘက်ကို ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချရတာ အစစ အရာရာအဆင်ပြေပါတယ်" ဟု ဇလွန်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ဇလွန်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးမုတ်များ အပါအဝင် ဒေသထွက်ရေထွက်ကုန်များကို ဝယ်ယူပြီး အခြားဒေသများကို တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးမုတ်တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၇၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကန့်ဘလူ အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၇၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူ ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူခရိုင်တွင် ဟင်းသီးဟင်းရွက် ၈၀၀၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကန့်ဘလူမြို့နယ်တွင် ၃၆၂၁ ဧကနှင့် ကျွန်းလှမြို့နယ်တွင် ၁၃၃ ဧက စုစုပေါင်း ၃၇၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူခရိုင်မှာ ဟင်းသီးဟင်းရွက်ဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေတယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ပြောပြသည်။



ယခုနှစ် ကန့်ဘလူခရိုင်တွင် ဟင်းသီးဟင်းရွက်သီးနှံ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၇၄၂၆ ဧကနှင့်ကျွန်းလှမြို့နယ်တွင် ၅၇၇ ဧက စုစုပေါင်း ၈၀၀၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီးလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဖာပွန်မြို့နယ် ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဖာပွန် အောက်တိုဘာ ၂၉**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖာပွန်မြို့နယ် ကမမောင်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက စီမံကိန်းရေရှည် တည်တံ့ ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဒသမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၅ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၅၀၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦး၊ အခြား လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၁ ဦးကို ရန်ပုံငွေကျပ် ၄၄၅ သိန်း ချေးပေးထားပြီး လုပ်ငန်းများ လည်ပတ်လျက်ရှိကြောင်း သိရသည်။ **ကိုသက်**

# မြိတ်မြို့နယ် သာရမဲကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း စစ်ဆေး

**မြိတ် အောက်တိုဘာ ၂၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင်သာရမဲကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ သာရမဲကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ သတ်မှတ်ရက်အတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ပေးရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မြိတ်မြို့နယ်သာရမဲကျေးရွာ၌ အရှည် ၂ မိုင်ရှိသော ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၄၁ ဒသမ ၂၅ သန်းဖြင့် မြိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများက ဇွန် ၂၃ ရက်မှ စတင် တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းကျော် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပါက သာရမဲကျေးရွာရှိ အိမ်ခြေ ၁၆၀ အိမ်မှ လူဦးရေ ၈၇၅ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များပါ သန့်ရှင်းသော သောက်သုံးရေကို ဖူလုံစွာရရှိမည်ဖြစ်ကြောင်း၊ မြိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းထံမှ သိရသည်။ **ကိုညို**

# စလင်းမြို့နယ် ဇယ်တွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လက်မဲကျေးရွာအုပ်စု ဇယ်တွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၈ ရက်က အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က တက်ရောက်လာသော ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများကို အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စည်းမျဉ်းစည်းကမ်းများ၊ အရင်းအတိုးပေးဆပ်ရမည့်ကာလနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၀ ဒသမ ၂ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာလုပ်ငန်း အဖွဲ့ဝင်များက မြို့နယ်မှ တာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့်အတူ ဇယ်တွင်းကျေးရွာရှိ စိုက်ပျိုးရေး၊မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသေးစား စက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်ကြသော စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၀ ဒသမ၂ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**သန်းသန်းစိုး**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စုစုပေါင်း ၃၄၅၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စုစုပေါင်း၃၄၅၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၂၁၉၂ ကေနှင့် ဖူးစားပြောင်း ၆၃၄၇ ကေ စုစုပေါင်း ၈၅၃၉ ကေတို့ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၈၂၇ ကေနှင့်ဖူးစားပြောင်း ၂၄၉၈ ကေ စုစုပေါင်း ၃၄၂၅ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မြင်းမူမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း စုစုပေါင်း ကေ ၈၀၀၀ ကျော် စိုက်ပျိုးဖို့ အတွက်လျာထားပါတယ်။ဒီနေ့ထိ ကေ ၃၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီစွာစိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် မြင်းမူမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



မြင်းမူမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ကေလျှင် တင်း ၅၀ ကျော်ထွက်ရှိပြီး တစ်ကေစိုက်ပျိုးပါက ငွေကျပ်ငါးသိန်း ကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်းတစ်ကေလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ကေစိုက်ပျိုးပါကငွေကျပ်ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍သိရသည်။

(၂၀၆)

# တောင်သာမြို့နယ် ထန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး


**တောင်သာ အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃ - ၂၀၂၄ ခု ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ထန်းတောကျေးရွာ၌ တတိယအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက် လူနေမှုအဆင့်အတန်းကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ အသင်းသား၊ အသင်းသူများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ရန်ပုံငွေလေလွင့်မှုမရှိစေရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်းကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ ထန်းတောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၂၀၂ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ်သိန်း ၅၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦး အတွက် ငွေကျပ် ၄၈ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၂ ဦးကို ငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ် ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**ချစ်ဦးကို**






Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013

ထာဝရလှပသော အပြုံးအတွက်

DENTOMEC

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇

Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- E - Top up ဖုန်းငွေဖြည့်သွင်းခြင်း
- ငွေသွင်းငွေထုတ်ခြင်း/ ငွေလွှဲခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- Gift Card ပေးခြင်း
- ဈေးဝယ်ခြင်း
- Internet Bill ပေးဆောင်ခြင်း
- အောင်ဘာလေဖွန်လိုင်းထီထိုးခြင်း

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

Myanmar MOBILE MONEY

အငြိမ်းစား လစာ အပါအဝင်
ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို
ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

(၂၄) ကြိမ်မြောက် ထီဖွင့်ပွဲတွင် Jackpot ဆု
ကျပ်သိန်း (၁,၀၀၀)ကျော်ထူးရှင် ထွက်ပေါ်လာခဲ့ခြင်းမရှိပါသဖြင့်
(၂၅) ကြိမ်မြောက် ထီဖွင့်ပွဲတွင် Jackpot ဆုကြီး၏ ထီဆုငွေ

5 Digits
အောင်ဘာလေ ဘူဖွန်လိုင်းထီ

ကျပ်သိန်း
၂,၀၀၀
အထိ တိုးမြှင့်သွားပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါတယ်။

Scan Me
Call Center 777 (or)
09 677 000 777
*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့်
5 Digits အောင်ဘာလေ ဘူဖွန်လိုင်းထီ ဝယ်ယူ ကံစမ်းလို့ ရပါပြီ

## အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထက(၃၁) ကျောင်း၊ Grade-4(A)တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်ဖြိုးမောင်၏သမီး မလင်းလက်ရတနာ အား မရွှေစင်သွန်းချိုဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မရွှေစင်သွန်းချို

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်နေ ဦးထွန်းထွန်းလင်း(၁၂/ဥကတ(နိုင်)၀၃၃၅၂၈)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-5156120

## ပျောက်ဆုံးကြောင်း

ဗန်းမော်မြို့၊ မြို့မရပ်ကွက်နေ ဒေါ်မြင့်ရီ (ဘ) ဦးဝှမ်ရုံးဖန့် (၁/ဗမန(နိုင်)၀၃၅၂၂၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MI-103 442)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။ 09-440709953

**အဖိုးတန်ရေချိုကို ချွေတာပါ**

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက် ကိုစိုး**

## အစုရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားခြင်း

ကျွန်မ၏ SHWE LINN HTIKE COMPANY LIMITED ၏ မတည်ရင်းနှီးငွေ ကျပ်သိန်းငါးရာ ၅၀,၀၀၀,၀၀၀ မှ ကျပ်သိန်းငါးဆယ် ၅,၀၀၀,၀၀၀ သို့ လျှော့ချမည့်ကိစ္စအား အစုရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားအပ်ပါသည်။

SHWE LINN HTIKE COMPANY LIMITED
EI MON SWE
09-967 368 888

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအထောက်အကူပြုနိုင်သည့် အင်အားများမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေ ၂၀ ရက်တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီနှင့် ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် အောက်တိုဘာ ၂၉

ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီနှင့် ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၂၀ တွင် ဖော်ပြပါရှိပါသည်။ ရတနာပုံ

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးလိုသည့် အနုပညာရှင် သုံးဦးကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်

စာမျက်နှာ - ၂၄

## အများပြည်သူခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် အမှတ်(၁၄၁)အဆန်၊ (၁၄၂)အစုန် သာစည်-ရွှေညောင်လူစီးရထားကို တောင်ကြီးထိ ပြေးဆွဲပေးမည်ဖြစ်ပြီး တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း တောင်ကြီး-ပေါ်မူ-တောင်ကြီး Sight Seeing ရထားများ ပြန်လည်ပြေးဆွဲပေးမည်

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ကြုံတွေ့ခဲ့ရသည့် ရာဂိစုပါတိုင်ဖွန်းမုန်တိုင်း သဘာဝဘေးဒဏ် ရေကြီးရေလျှံမှုကြောင့် သာစည်-ရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်းတို့ရှိ အချို့နေရာများတွင် ရထားလမ်းတာဘောင်များ၊တံတားများ ရေတိုက်စား၍ ပျက်စီးခဲ့ခြင်း၊ မြေပြိုကျ၍ ပျက်စီးခြင်း စသည်တို့ ကြုံတွေ့ခဲ့ရပြီး လမ်းပိုင်းအလိုက် ဦးစားပေးပြုပြင်နိုင်ခဲ့သဖြင့် သာစည်-ရွှေညောင်လမ်းပိုင်းတွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၁ ရက်မှစ၍ အပတ်စဉ် အမှတ်(၁၄၁)အဆန် သာစည်-ရွှေညောင်ရထားကို သောကြာနေ့နှင့် အမှတ်(၁၄၂)အစုန် ရွှေညောင်-သာစည်ရထားကို တနင်္လာနေ့တို့တွင် ပုံမှန်ပြေးဆွဲပေးလျက်ရှိရာ စာမျက်နှာ ၂၂ ကော်လံ ၁ ☆




## မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့သို့ ဆက်သွယ်ထားသည့် ရောဝတီတံတား (ရတနာသိင်္ခ)ကို PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး



နေပြည်တော် အောက်တိုဘာ ၂၉

PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ဒေသတွင်းကုန်စည်စီးဆင်းမှုများ ပျက်ပြားစေရန် ရည်ရွယ်၍ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ ဥပဒေမဲ့ကျူးလွန်လျက်ရှိကြရာ ယနေ့တွင် စာမျက်နှာ ၂၄ ကော်လံ ၁ ❍

PDF အမည်ခံ အကြမ်းဖက်သမားများနှင့်ပူးပေါင်းအဖွဲ့များ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပျက်စီးခဲ့သည့် ရောဝတီတံတား (ရတနာသိင်္ခ)၏ မှတ်တမ်းဓာတ်ပုံ။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။